ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့၊ (10-2-2015) (၈၁၁၂)

အမျိုးသားအကျိုးစီးပွား

ပါတီတွေ တည်ရှိတာ မရှိတာ အဓိကမဟုတ်ဘူး။ ၎င်းတို့ဟာ အမျိုးသားရေးအကျိုးစီးပွားများကို ဘေးဥပဒ်ဖြစ်စေမယ့် ပါတီစွဲလုပ်ဆောင်မှုတွေကို မလုပ်မိဖို့ အရေးကြီးတယ်။ အမျိုးသားအကျိုးစီးပွားအတွက်ဆိုရင် ပါတီတွေဟာ အဲဒီအရေးကိစ္စမှာ ဂိုဏ်းဂဏစွဲမထားဘဲ အတူတကွပူးပေါင်းပြီး အတူတကွလုပ်ဆောင်ကြရမှာ ဖြစ်တယ်။

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသော ဖဆပလအဖွဲ့ကြီး၏ ပထမအကြိမ်ကွန်ဂရက်တွင် မြွက်ကြားသော ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)

အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆန္ဒပြကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန် သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့
သတင်းထုတ်ပြန်ချက် (၄/၂၀၁၅)
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်
၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆန္ဒပြကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန် သတင်းထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဆန္ဒပြကျောင်းသား ကျောင်းသူအစစ်အမှန်များ ဘေးအန္တရာယ်မဖြစ်စေရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ဆန္ဒပြကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုမဆုံးရှုံးစေရန်အတွက် မိမိတို့ကျောင်းများသို့ပြန်၍ အေးချမ်းစွာ ပညာသင်ကြားကြရန်နှင့် ဆန္ဒပြရာတွင်လိုက်ပါသွားသည့် မိမိတို့သားငယ်၊ သမီးငယ်များအား ပြန်လည်ခေါ်ယူကြပါရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ၇-၂-၂၀၁၅ ရက်နေ့တွင် ကျောင်းသားမိဘများသို့ ပန်ကြားချက်ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၃။ ကျောင်းသား ကျောင်းသူများ၏ စစ်မှန်သောလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၎င်းတို့တောင်းဆိုသော အချက်(၁၁)ချက်ကို အခြေခံပြီးကျင်းပမည့် လေးပွင့်ဆိုင်ဆွေးနွေးမှုနှင့်စပ်လျဉ်း၍ အစိုးရ၊ လွှတ်တော်၊ ကျောင်းသားနှင့် *NNER* ကိုယ်စားလှယ်များပါဝင်သည့် ဒုတိယအကြိမ်အကြိုဆွေးနွေးပွဲကို ၉-၂-၂၀၁၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၄။ လေးပွင့်ဆိုင်ဆွေးနွေးမှုမှရရှိသည့် သဘောတူညီချက်များအား ပညာရေးဝန်ကြီးဌာနမှ လွှတ်တော်သို့ပြန်လည်တင်ပြမည့် အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

၅။ ကျောင်းသား ကျောင်းသူများအပိုင်းမှလည်း ၂၈-၁-၂၀၁၅ ရက် နေ့တွင် မိမိတို့လက်မှတ်ရေးထိုးပေးထားသည့် ကတိကဝတ်အတိုင်း ဆန္ဒပြမှုများအား ရပ်ဆိုင်းကြရန်ဖြစ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

မြောက်ဦးဒေသရှိ မြန်မာ့အမွေအနှစ်များ ကမ္ဘာ့အမွေအနှစ်စာရင်းတင်နိုင်ရေး ပူးပေါင်းပါဝင်

မြောက်ဦးယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးအတွက် GIS Data Base ပြုလုပ်ခြင်း၊ နယ်နိမိတ်များတိုင်းတာ၍ Digital Mapping ပြုလုပ်ရေးအပါအဝင် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြောသည်။

“ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ မြောက်ဦးရှိ နန်းတော်ရာကုန်းပတ်လည်ကို ဝင်းခြံကာရံထိန်းသိမ်းခြင်း၊ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ် ဒေသအတွင်းသဘာဝပတ်ဝန်းကျင် သာယာလှပရေး၊ နန်းတော်ရာတစ်ခုလုံးကို ရှေးဟောင်းသုတေသနဥယျာဉ်အဖြစ် စီမံဆောင်ရွက်ခြင်း၊ နန်းတော်ရာကုန်း ပထမ၊ ဒုတိယ၊ တတိယတံတိုင်းတို့ကို ထိန်းသိမ်းခြင်း၊ သျှစ်သောင်းပုထိုးတော်ကြီး **(အပေါ်ပုံ)** မြောက်ဘက်မြေထိန်းနံရံပြုလုပ်ခြင်း၊ ထုက္ကန်သိမ်ထိန်းသိမ်းခြင်း၊ ကိုးတန်စေ့စေတီများအား မြေထိန်းနံရံပြုလုပ်ထိန်းသိမ်းခြင်း၊ လက်ဆည်ကန်မြောက်ဘက်တံတိုင်း ထိန်းသိမ်းခြင်း၊ အနုမကန်နှင့် မင်းသားကျွန်းတံတိုင်း ထိန်းသိမ်းခြင်းတို့ကို ဌာနကဝန်ထမ်းတွေ ကြီးကြပ်ပြီး ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေ ဆောင်ရွက်ထားခြင်းက ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန်အတွက် အရေးပါတဲ့ ကြိုတင်ပြင်ဆင်မှုတွေပဲဖြစ်ပါတယ်။

“မြန်မာ့အမွေအနှစ်များကမ္ဘာ့အမွေအနှစ်စာရင်း တင်နိုင်ရေးအတွက် အရေးပါတဲ့ အချက်အလက်များ ကောက်ယူခြင်း၊ မြေပုံထုတ်ခြင်း၊ အားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးဖိတ်ခေါ် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ သုတေသနလုပ်ငန်းနဲ့ ပုံထုတ်ပုံဆွဲပြုလုပ်ခြင်း၊ ယူနက်စကိုက ကျွမ်းကျင်သူတွေကို ဖိတ်ခေါ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းအပါအဝင် အထောက်အကူပြုလုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်။

“ဒါကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်ရရှိရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်တွေရှိရမယ့်အပြင် ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ် အဆင့်များကလည်း ကျယ်ပြန့်နက်နဲပါတယ်။ ယူနက်စကိုရဲ့ ကာလသတ်မှတ်ချက်အရ အနည်းဆုံး လေးနှစ်ခွဲကြာမြင့်မှာပါ။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်မဖြစ်မီနဲ့ ဖြစ်ပြီး စီမံခန့်ခွဲရေးဆိုင်ရာအပိုင်းများကလည်း သတ်မှတ်စည်းကမ်းချက်တွေနဲ့ အညီ

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရေးနှင့် ပတ်သက်သည့်ဆွေးနွေးပွဲသို့ တက်ရောက်လာသော နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များမှ တက်ရောက်သူများကို တွေ့ရစဉ်။
(သတင်း၊ စာမျက်နှာ - ၉)

နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၉

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM)သို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် Shangri-La Hotel၊ Bilateral Meeting Room ၌ နှစ်နိုင်ငံသီးခြားစီတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ကြေးမုံစာတည်းရှုထောင့် ၁၀-၂-၂၀၁၅၊ အင်္ဂါနေ့

ယဉ်ကျေးမှုသည် နိုင်ငံ၏နှလုံးသား

ယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံအတွက် ကျယ်ဝန်းနက်ရှိုင်းပြီး အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ သာမန်အားဖြင့် ယဉ်ကျေးမှုဟူသည် ရိုးရာဓလေ့ထုံးစံနှင့် ရှေးဟောင်းအမွေအနှစ်အနုပညာဗိသုကာများဟု နားလည်ထားကြပါသည်။ သို့သော် ယဉ်ကျေးမှုဟူသည် ကျွန်ုပ်တို့လူ့ဘောင်လောက တစ်ခုလုံးတွင်ပါဝင်သည့် လူသားအကျိုးပြု သိမ်မွေ့သော ဖြစ်စဉ်ဖြစ်ရပ် အားလုံးဖြစ်ပါသည်။

ယဉ်ကျေးမှုကို မြန်မာအဘိဓာန်တွင် 'သိမ်မွေ့သောအမူအရာရှိသော၊ ပြေပြစ်သော၊ နှစ်သက်စဖွယ်ဖြစ်သော၊ တိုးတက်သည့် လူမှုအဆင့်အတန်းရောက်သော ယဉ်ကျေးမှုဆိုင်ရာများနှင့် သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်း စသည်တို့ကို ဆိုလိုသည်'ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ယဉ်ကျေးမှုဟူသည် ကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့လှပြီး ရုပ်ပိုင်းဆိုင်ရာများနှင့် စိတ်ပိုင်းဆိုင်ရာများလည်း ပါဝင်ပတ်သက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတစ်နိုင်ငံတွင် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုများ တိုးတက်ရန်လိုအပ်သည့်အပြင် စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုများလည်း တိုးတက်ဖို့လိုအပ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုကို သက်ဆိုင်သူတို့က ထိန်းသိမ်းစောင့်ရှောက်ဖန်တီးနိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုကိုမူ တစ်ဦးချင်းတစ်ယောက်ချင်းအလိုက် ထိန်းသိမ်းစောင့်ရှောက်အားထုတ်မှသာ ရနိုင်ပါသည်။

စိတ်ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံရှိ လူသားအားလုံး၏ စာရိတ္တ၊ ကိုယ်ကျင့်တရား၊ တာဝန်ယူလိုစိတ်၊ တာဝန်ခံလိုစိတ်၊ ကြိုးစားအားထုတ်လိုစိတ်၊ အသိဉာဏ်မြင့်မားတိုးတက်လိုစိတ်၊ နိုင်ငံကြီးသားပီသလိုစိတ်၊ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ် စသည်ဖြင့် ပါဝင်ပါသည်။ မျက်မှောက်ကာလသည် နည်းပညာမှအစ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာသော ခေတ်ကာလဖြစ်ရာ လူငယ်လူရွယ်များအနေဖြင့် ခေတ်နှင့်အညီ မိမိတို့၏စိတ်ယဉ်ကျေးမှုများပါ နည်းမှန်လမ်းမှန် လိုက်ပါဖွံ့ဖြိုးစေရန် အားထုတ်ကြရမည်ဖြစ်ပါသည်။

ထိုသို့ အားထုတ်ရာတွင် တိုးတက်သောအမြင်များကို အတုယူခြင်းနှင့် အတုခိုးခြင်းတို့ကို ကွဲပြားစွာနားလည်ထားဖို့လိုအပ်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် အခြားနိုင်ငံများ၏ ယဉ်ကျေးမှုတိုးတက်ဖြစ်ထွန်းမှုများကို အသိအမှတ်ပြုလေးစားနိုင်သော်လည်း အထင်ကြီးအားကျအတုခိုးမှုကိုမူ စဉ်းစားချင့်ချိန်နိုင်ရမည်ဖြစ်ပါသည်။ ခေတ်ကိုအမီလိုက်သောအခါ မိမိဘဝ၊ မိမိဓလေ့စရိုက်ကို ပျောက်ကွယ်ခြင်းမရှိစေဘဲ (အရိုးကို အရွက်မဖုံးစေဘဲ) ဆန်းသစ်တီထွင်ဆောင်ရွက်သင့်ပါသည်။

ဘာသာ၊ စာပေတို့တွင်လည်း ထိုနည်းလည်းကောင်းဖြစ်ပါသည်။ နိုင်ငံခြားဘာသာ၊ စာပေတို့ကို ကျွမ်းကျင်တတ်မြောက်ရန်လိုအပ်သော်လည်း မိခင်ဘာသာ၊ စာပေကိုလည်း ပိုမိုအလေးထားသင့်ပါသည်။ ကလေးသူငယ်များအနေဖြင့် ငယ်စဉ်ကတည်းက ဘာသာတရားအဆုံးအမအောက်တွင် သိမ်မွေ့နူးညံ့သော နှလုံးသားရှိစေရန်၊ စာရိတ္တကောင်းမွန်သော၊ ကိုယ်ကျင့်တရားပြည့်ဝသော သူများဖြစ်လာစေရန် မိဘဆရာသမားများနှင့် ပတ်ဝန်းကျင်၏ ထိန်းကျောင်းပဲ့ပြင်မှုလိုအပ်ပါသည်။ သားသမီးများနောင်ရေး မိဘများစိတ်အေးရအောင် မြန်မာတို့၏အစဉ်အလာများကို သတိပြုမိဖို့လိုပါသည်။

ကလေးဘဝယဉ်ကျေးမှုအစကောင်းမှ ယဉ်ကျေးသောနိုင်ငံ တည်ဆောက်နိုင်ပါမည်။ နိုင်ငံတစ်နိုင်ငံ၏ ကောင်းမွန်သောပြယုဂ်ကို ယဉ်ကျေးသော နိုင်ငံသားများ၏ အပြုအမူဖြင့် ပြသကြရမည်ဖြစ်ပါသည်။ ရုပ်ယဉ်ကျေးမှုများ မည်မျှပင်အားကောင်းနေစေကာမူ စိတ်ယဉ်ကျေးမှုများ မတိုးတက်လျှင် ထိုနိုင်ငံအတွက် အချည်းအနှီးပင်ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံအတွက် ကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့လှပြီး ထိုယဉ်ကျေးမှုသည် ထိုနိုင်ငံ၏အဆင့်အတန်းကို ထင်ဟပ်ပေါ်လွင်စေသဖြင့် နိုင်ငံ၏နှလုံးသားဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ယနေ့လူငယ်လူရွယ်များသည် နိုင်ငံ၏အနာဂတ်ကို ပိုင်ဆိုင်မည့်သူများဖြစ်၍ ရုပ်လှ၊ စိတ်လှသည့် ယဉ်ကျေးမှုများကို ပိုင်ဆိုင်နိုင်အောင် အစဉ်ကြိုးပမ်းအားထုတ်သင့်ပါသည်။ ။

စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ၏ စွမ်းအင်မူဝါဒဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry မှ Mr. Yosuhiko Yoshida နှင့် The Overseas Human Resources and Industry Development Organization မှ Mr.SadaoTakedo တို့က အမှာစကားပြောကြားခဲ့သည်။

နှီးနှောဖလှယ်ပွဲတွင် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း အပိုင်း ၆ ပိုင်း ခွဲ၍ကျင်းပခဲ့သည့် Energy Policy Workshop တွင် တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များ ပြုစုထားသည့် စွမ်းအင်မူဝါဒဆိုင်ရာစာတမ်းများကို ယခု နှီးနှောဖလှယ်ပွဲ၌ တင်ပြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့သည်။

အမျိုးသား စွမ်းအင်စီမံခန့်ခွဲမှုကော်မတီသည် ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry နှင့် The Overseas Human Resources and Industry Development Organization တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၏ စွမ်းအင်မူဝါဒဖွံ့ဖြိုးရေးအတွက် ယခု ဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။ **(ကြေးမုံ)**

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် စွမ်းအင်မူဝါဒဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(ကြေးမုံ)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးမျိုးမြင့် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များနှင့် ပါတီဝင် ၁၅၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်		ဖေဖော်ဝါရီ ၉	
ရန်ကုန်	ရွှေဈေး	၆၈၈၄၀၀	- ၆၈၉၄၀၀
မန္တလေး	ရွှေဈေး	၆၈၈၃၀၀	- ၆၈၉၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၄၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၃၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၅၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၇၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၅. ၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၁၆၀. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၄. ၁၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၃၉၄
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၈၇. ၉၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၅၄၀
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၆၁. ၉၂
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၂၅၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၇၉၅. ၀၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၅၇. ၆၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



ပြည်တွင်းရေးရာ

✱ ရှေ့မှ

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဘရူနိုင်းနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Paduka Seri Mohd Tawih Bin Abdullah၊ ဖိလစ်ပိုင်နိုင်ငံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General John Sarmiento Bonafos AFP၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Worapong Sanganetra **(အောက်ပုံ)**၊ စင်ကာပူနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General Ng Chee Meng ကမ္ဘောဒီးယားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Pol Saroeun၊ အင်ဒိုနီးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Dr. Moeldoko၊ လာအိုပြည်သူ့တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် Brigadier General Khamlieng Outhakasone၊ မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri(Dr).Haji Zukifeli Bin Mohd Zin တို့နှင့် နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားနိုင်ငံသို့ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများက ပို့ဆောင်ကြစဉ်။

✰ ကျောဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E.Dato' Dr.Ahmad Faisal Bin Muhamad တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(၁၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (11[th] ACDFIM)ကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် မတ် ၄ ရက်မှ ၆ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့ပြီး (12[th] ACDFIM) ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပလျက်ရှိသည့် (12[th] AMIIM)နှင့် (5[th] AMOIM)အစည်းအဝေးများသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၁၂) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘော အစည်းအဝေး (12[th] ACDFIM)သို့ တက်ရောက်ရန်အတွက် မလေးရှားနိုင်ငံသို့ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ည ၈ နာရီခွဲက Shangri-La Hotel ရှိ Sarawak Room ၌ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri(Dr.)Zulkifeli Bin Mohd Zin နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri(Dr.)Zulkifeli Bin Mohd Zin က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ညစာစားပွဲသို့ တက်ရောက်လာသော အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ် အတွင်း မလေးရှားတပ်မတော် တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးတို့နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး တက်ရောက်ရန် မလေးရှားနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး 12[th] ASEAN Military Chief of Defence Force Informal Meeting (12[th] ACDFIM) သို့ တက်ရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်သို့ ရောက်ရှိကြသည်။**(အပေါ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မလေးရှားနိုင်ငံ တပ်မတော်မှ Maj-General Dato'Hanafiah Jaafar(Assistant Chief Of Staff, Defence Logistic)၊ Maj-General Dato' Dr. Jaacob Koming (Director General of Armed Forces Health Services)၊ Brig Gen Dato'Mohd Azmi Borhan (Armed Forces Provost Marshall)၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဂျပန်ကျောင်းသူတစ်ဦး အိန္ဒိယတွင် အဓမ္မပြုကျင့်ခံရ

နယူးဒေလီ ဖေဖော်ဝါရီ ၉

အသက်(၂၀)အရွယ် ဂျပန်ကျောင်းသူတစ်ဦးကို ဒေသခံခရီးသွားဧည့်လမ်းညွှန်တစ်ဦးက အဓမ္မပြုကျင့်မှုတစ်ခု အိန္ဒိယနိုင်ငံမြောက်ပိုင်း ရာဂျက်စ်သန်ပြည်နယ်တွင် ဖြစ်ပွားခဲ့ကြောင်း ထိပ်တန်းရဲအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။

"အဓမ္မပြုကျင့်မှုဖြစ်ခဲ့တဲ့နေရာကတော့ ပြည်နယ်မြို့တော် ဂျေပူရာအနီး ဒူဒူဒေသမှာ ဖြစ်ပွားခဲ့တာပါ။ အဲဒီနေရာကို ဂျပန်ကျောင်းသူက ဧည့်လမ်းညွှန်နဲ့အတူ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့ညက ပါတီပွဲတစ်ခုတက်ခဲ့ပါတယ်။ ဧည့်လမ်းညွှန်က သူ့ကိုအဓမ္မပြုကျင့်ခဲ့ပါတယ်လို့ ပြောပါတယ်" ဟု အမည်မဖော်လိုသူရဲအရာရှိက ပြောကြားသည်။

ဧည့်လမ်းညွှန်အမျိုးသားက ဂျပန်ကျောင်းသူကို မော်တော်ဆိုင်ကယ်ဖြင့် ဂျေပူရာမြို့အပြင်က ကျေးရွာတစ်ရွာဆီကို ခေါ်ဆောင်သွားပြီး လမ်းဘေးတစ်နေရာတွင် အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်သည်။ ငိုယိုပြီး အကူအညီတောင်းနေသည့်ကျောင်းသူ၏အသံကို ရွာသားများကကြားသဖြင့် ရဲတပ်ဖွဲ့သို့ အကြောင်းကြားပေးခဲ့သည်။ ဆေးစစ်မှုအရ အဆိုပါကျောင်းသူသည် အဓမ္မပြုကျင့်ခံထားရကြောင်း အတည်ပြုနိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဂျပန်ကျောင်းသူ အဓမ္မပြုကျင့်ခံရမှုမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပြီး လွန်ခဲ့သည့် ဒီဇင်ဘာလအတွင်းကလည်း အသက် (၂၂) နှစ်အရွယ် ဂျပန်ကျောင်းသူတစ်ဦး ဘီဟာပြည်နယ်တွင် အဓမ္မပြုကျင့်ခံခဲ့ရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က သံသယရှိသူများကို ဖမ်းဆီးရာတွင်လည်း ဧည့်လမ်းညွှန်တစ်ဦးပါဝင်ခဲ့သည်။

အခြားဖြစ်စဉ်တစ်ခုအနေဖြင့် အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်း ဟာရာနာပြည်နယ်တွင် နီပေါအမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့သည့် ပြစ်မှုနှင့်ပတ်သက်၍ သံသယရှိသူ ရှစ်ဦးကို ဖမ်းဆီးထားကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။ **အေပီ။**

အီဂျစ်တွင် ဘောလုံးပရိသတ်များနှင့် ရဲတပ်ဖွဲ့ အဓိကရုဏ်းဖြစ်ပွားမှုကြောင့် ၂၂ ဦးသေ

ကိုင်ရို ဖေဖော်ဝါရီ ၉

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်ရှိ ဘောလုံးကွင်းတစ်ခု၏ အပြင်ဘက်တွင် ဘောလုံးပွဲကြည့်ပရိသတ်များနှင့် လုံခြုံရေးရဲတပ်ဖွဲ့များကြား အဓိကရုဏ်းတစ်ခုဖြစ်ပွားမှုကြောင့် အနည်းဆုံးဘောလုံးပရိသတ် ၂၂ ဦး သေဆုံးသွားခဲ့သည်။

အီဂျစ် ပရီမီယာလိဂ်ဘောလုံးအသင်းနှစ်သင်းဖြစ်သည့် ဇမားလက်ခ်ဘောလုံးအသင်းနှင့် ပြိုင်ဘက်အမ်ပီဘောလုံးအသင်းတို့ ယှဉ်ပြိုင်မည့်ပွဲစဉ်ကို ပရိသတ်များ ဝင်ရောက်ကြည့်ရှုရန် ရဲတပ်ဖွဲ့က တားမြစ်ရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ပွားပြီး ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးခွဲပြီး လူစုခွဲရန်ကြိုးစားခဲ့သည့်အတွက် လူအုပ်အနင်းခံရကာ သေဆုံးသွားခဲ့ကြခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံတွင် ဘောလုံးပြိုင်ပွဲများကျင်းပချိန်တွင် ထိန်းချုပ်ရန်ခက်ခဲသည့် အကြမ်းဖက်မှုများဖြစ်ပွားလေ့ရှိသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် အီဂျစ်နိုင်ငံ ပေါ့ဆက်ဒ်မြို့၌ ကျင်းပခဲ့သော ဘောလုံးပွဲတစ်ခုတွင် ပရိသတ် ၇၂ ဦးသေဆုံးခဲ့သည့်အတွက် အီဂျစ်အစိုးရသည် ဘောလုံးပွဲကြည့်ပရိသတ်များ ကွင်းအတွင်းဝင်ရောက်အားပေးကြည့်ရှုခြင်းမှ တားမြစ်ထားသည်။ ယခုဖြစ်ရပ်သည် ၂၀၁၂ ခုနှစ်က အဖြစ်အပျက်နောက်ပိုင်း အဆိုးရွားဆုံးဖြစ်ရပ်တစ်ခုအဖြစ် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့ကို ချေမှုန်းရေး ဒေသဆိုင်ရာတပ်ဖွဲ့တစ်ဖွဲ့ ထူထောင်မည်

ယွန်ဒေး ဖေဖော်ဝါရီ ၉

နိုင်ဂျီးရီးယားနိုင်ငံရှိ ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့ကို ချေမှုန်းတိုက်ခိုက်နိုင်ရန် အင်အားခိုင်မာတောင့်တင်းသော ဒေသဆိုင်ရာ တပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများက ဖေဖော်ဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကင်မရွန်းနိုင်ငံ၌ သုံးရက်ကြာကျင်းပသော ဆွေးနွေးပွဲတစ်ရပ်တွင် ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့ကို ချေမှုန်းတိုက်ခိုက်နိုင်မည့် တပ်ဖွဲ့တစ်ဖွဲ့ထူထောင်ရေးအတွက် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များကို စေလွှတ်ပေးရန် ဒေသဆိုင်ရာ နိုင်ငံများက သဘောတူညီကြကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ အဆိုပါဆွေးနွေးပွဲသို့ ချဒ်ရေအိုင်ကြီး မြစ်ဝှမ်းဒေသနိုင်ငံများမှ ကျွမ်းကျင်သူပညာရှင်များ တက်ရောက်ကြသည်။ ယင်းဒေသကို ဘိုကိုဟာရမ်အဖွဲ့က လွတ်လပ်သော နိုင်ငံအဖြစ်ထူထောင်ရန် ရည်မှန်းထားသည်။

ဘိုကိုဟာရမ်အဖွဲ့ကို ချေမှုန်းနိုင်ရေးအတွက် ဒေသဆိုင်ရာ တပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်နိုင်ရန် တပ်ဖွဲ့ဝင် ၈၇၀၀ ပါဝင်ကူညီမည်ဟု ဆွေးနွေးပွဲတွင် ဒေသဆိုင်ရာ နိုင်ငံများက သဘောတူညီခဲ့ကြသည်။

ဘိုကိုဟာရမ်အဖွဲ့အား ညှိနှိုင်းနိုင်ရေးအတွက် အင်အား ၇၅၀၀ ရှိတပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်ရန် အာဖရိက သမဂ္ဂက သဘောတူညီခဲ့ပြီးဖြစ်သည်။ အဆိုပါတပ်ဖွဲ့အတွက် နိုင်ဂျီးရီးယား၊ ချဒ်၊ ကင်မရွန်း၊ နိုင်ဂျာနှင့် ဘီနင်နိုင်ငံတို့က တပ်ဖွဲ့များ စေလွှတ်ပေးရန် ကတိပြုခဲ့ကြသည်။ **ရိုက်တာ။**

ဗင်နီဇွဲလားတွင် စူပါမားကက်ဆိုင်များကို အစိုးရလွှဲပြောင်းရယူ

ကာရာကပ်(စ်) ဖေဖော်ဝါရီ ၉

ဗင်နီဇွဲလားသမ္မတ နီကိုလပ်(စ်) မာဒူရိုက ပုဂ္ဂလိကပိုင် စူပါမားကက်စျေးဆိုင်များကို နိုင်ငံတော်ပိုင် စားသောက်ကုန်အေဂျင်စီများက လွှဲပြောင်းရယူရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

သမ္မတသည် ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် ဒီယားအေဒီယားစူပါမားကက်သည် စားသောက်ကုန်များကို ဂိုဒေါင်များတွင် လှောင်ထားသည်ဟု စွပ်စွဲခဲ့သည်။

ယခုရက်သတ္တပတ်တွင် တပ်မတော်သားများနှင့် အစိုးရဝန်ထမ်းများကို ပစ္စည်းများ ရောင်းချခြင်းအား ကြီးကြပ်ရန်အတွက် ကုန်တိုက်ကြီးများနှင့် ဆေးဆိုင်များသို့ စေလွှတ်ခဲ့သည်။

ရေနံစျေးနှုန်း ကျဆင်းခြင်းသည် ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးကို ပြင်းထန်စွာ ထိခိုက်စေခဲ့သည်။

နိုင်ငံတော်စီးပွားရေးကို မတည်မငြိမ်ဖြစ်စေရန် လုပ်ဆောင်ခဲ့ကြသည်ဟူသော စွပ်စွဲချက်များဖြင့် ဒီယားအေဒီယားစူပါမားကက်နှင့် ဆေးဝါးနှင့် ဆေးပစ္စည်းများရောင်းချသော ဖာမာတိုဒိုအမည်ရှိဆိုင်တို့၏ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိများကို ဖမ်းဆီးခဲ့သည်။

ဒီယားအေဒီယား စူပါမားကက်ကို လွှဲပြောင်းရယူထားခြင်းသည် အမြဲတမ်းဖြစ်မည်ဖြစ်သည်ဟု သမ္မတမာဒူရို၏ ရုပ်မြင်သံကြားမိန့်ခွန်းတွင် ဖော်ပြထားခြင်းမရှိပေ။

စူပါမားကက် ဆိုင်များသည် ပြည်သူများကို စစ်ပွဲဆင်နွှဲလျက်ရှိကြောင်း၊ အမျိုးသားစားသောက်ကုန်ဖြန့်ဖြူးရေး အေဂျင်စီများသည် ၎င်းဆိုင်များ၏ လုပ်ငန်းများကို လွှဲပြောင်းရယူကြမည်ဖြစ်ကြောင်း သမ္မတက ပြောကြားသည်။

၎င်း၏ အစိုးရအဖွဲ့ကို ဖြုတ်ချရန်အတွက် စီးပွားရေးလုပ်ငန်းရှင်အများအပြားသည် အတိုက်အခံနိုင်ငံရေးသမားများနှင့် ပူးပေါင်းကြံစည်၍ စီးပွားရေးစစ်ပွဲတစ်ပွဲဖန်တီးလျက်ရှိကြောင်း သမ္မတမာဒူရိုက ပြောကြားသည်။ **ဘီဘီစီ။**

ကက်ရှ်မီးယား နယ်စပ်ဒေသ၌ အိန္ဒိယ-ပါကစ္စတန် ကုန်သွယ်မှုဆိုင်းငံ့

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၉

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံ တိုက်ခိုက်နယ်မြေ အငြင်းပွားလျက်ရှိသော ကက်ရှ်မီးယားဒေသရှိ နယ်စပ်ဒေသ၌ ကုန်သွယ်ရေးလုပ်ငန်းများကို ဆိုင်းငံ့ထားလိုက်ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားကြသည်။

မူးယစ်ဆေးဝါးသယ်ဆောင်မှုဖြင့် ထရပ်ကား ယာဉ်မောင်းတစ်ဦးကို အိန္ဒိယအာဏာပိုင်များ ထိန်းသိမ်းလိုက်ပြီးနောက် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားလိုက်ခြင်းဖြစ်သည်။

၁၉၄၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံထံမှ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် အိန္ဒိယနှင့် ပါကစ္စတန်အကြား ကက်ရှ်မီးယားဒေသ နယ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည်။

တရားဝင် သတ်မှတ်ထားခြင်းမဟုတ်သော်လည်း နှစ်နိုင်ငံ နယ်စပ်ဒေသအဖြစ် သိရှိကြသော နယ်မြေတွင် ၂၀၀၈ ခုနှစ်မှစ၍ ကုန်ပစ္စည်းအပြန်အလှန်ဖလှယ်မှုများကို ပြုလုပ်လာခဲ့ကြသည်။ ငြိမ်းချမ်းရေး ပြယုဂ်အဖြစ် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလုပ်ငန်း တည်ရှိသော်လည်း ပိုက်နက်မြေ အငြင်းပွားမှုများကြောင့် ကုန်သွယ်ရေးလုပ်ရှားမှုများ မကြာခဏ ရပ်ဆိုင်းသွားလေ့ရှိသည်။

နှစ်နိုင်ငံ ထိန်းချုပ်ရေးမျဉ်းကြောင်းကို ဖြတ်ကျော်ဝင်ရောက်လာခဲ့သော ပါကစ္စတန် ထရပ်ကား ၂၂ စီးကို မိမိတို့ တားဆီးခဲ့ကြောင်း၊ လိမ္မော်သီးများ တင်ဆောင်လာသော ထရပ်ကားတစ်စီးပေါ်မှ ဘိန်း ၁၂ ကီလိုဂရမ် (၂၆ ပေါင်) သိမ်းဆည်းရမိခဲ့ကြောင်း အိန္ဒိယအာဏာပိုင်များက ပါကစ္စတန် တာဝန်ရှိသူများအား အသိပေးခဲ့သည်။ **ပီတီအိုင်။**

ဟောင်ကောင်အုပ်ချုပ်ရေးမှူး၏ရုပ်ပုံများပါသော ရေအိမ်သုံးစက္ကူများဖမ်းဆီးမိ

ပေကျင်း ဖေဖော်ဝါရီ ၉

ဟောင်ကောင်အုပ်ချုပ်ရေးမှူးကို လှောင်ပြောင်ထားသည့်ရုပ်ပုံများ အသုံးပြုထားသော ရေအိမ်သုံးစက္ကူအထုပ် ၈၀၀၀ နှင့် တစ်ရှူး အထုပ် ၂၀၀၀၀ တို့ကို တရုတ်အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူး စီဝိုင်လျန်၏ ပုံများကိုဖော်ပြထားသော ရေအိမ်သုံးစက္ကူနှင့် တစ်ရှူးများကို ယခုလတွင် တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း ဟောင်ကောင်၏စျေးတစ်ခုတွင် ရောင်းချခဲ့သည်။ အဆိုပါပစ္စည်းများကို ဟောင်ကောင်ဒီမိုကရက်တစ်ပါတီက ဝယ်ယူခဲ့သည်။ ယမန်နှစ်က ထိုကဲ့သို့သော ရေအိမ်သုံးစက္ကူအထုပ် ၄၀၀၀ ရောင်းရငွေပမာဏသည် ဟောင်ကောင်ဒေါ်လာ ၁၀၀၀၀၀ (ယူရို ၈၅၀၀)ဖြစ်သည်။ တရုတ်နိုင်ငံ၏ မြို့တော်တစ်ခုဖြစ်သည့် ရှန်ကျန်းတွင် အကြောင်းပြချက်မပေးဘဲ အဆိုပါပစ္စည်းများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ယခုနှစ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း အဆိုပါပစ္စည်းများကို ရောင်းချခြင်းဖြင့် ပါတီအတွက် ပိုမိုအမြတ်ငွေရရှိအောင် ရည်ရွယ်ထားကြောင်း ဟောင်ကောင်ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌက ဆိုသည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲတွင် လွတ်လပ်စွာမဲပေးခွင့်ရရှိရေး ဆန္ဒထုတ်ဖော်မှုများရှိခဲ့ပြီးနောက် ပစ္စည်းများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဆန္ဒထုတ်ဖော်သူများက ဟောင်ကောင်အုပ်ချုပ်ရေးမှူး စီဝိုင်လျန်အား "သူတစ်ပါး ကြိုးဆွဲရာကရသူ"အဖြစ် လှောင်ပြောင်ခဲ့ကြပြီး ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုထားကြသည်။ **အေပီ။**

တက္ကသိုလ်များ(ရန်ကုန်)တပ်ဖွဲ့ဝင် ကျောင်းသား ဆရာများအတွက် အခြေခံစစ်ပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ကာကွယ်ရေးစစ်ဦးစီးချုပ် (ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး အမှတ်(၁) တက္ကသိုလ် လေ့ကျင့်ရေးတပ်တွင် ဖွင့်လှစ်သော ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ၂၀၁၄- ၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်များ (ရန်ကုန်) တပ်ဖွဲ့ဝင် ကျောင်းသား ဆရာများ အတွက် အခြေခံစစ်ပညာသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက မိမိတို့နိုင်ငံမှာ ယခင်ကာလကတည်းက တက္ကသိုလ်အရန်တပ်ရင်းရှိခဲ့ကြောင်း၊ သင်တန်း၏ သမိုင်းကိုပြန်ကြည့်လျှင် ကျောင်းဆရာရော ကျောင်းသားပါ တက်ရောက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ယခုသင်တန်းတွင် ကျောင်းသားသင်တန်းသားတွေရော၊ ဆရာ သင်တန်းသားတွေပါ ပါဝင်သည်ကို သိရှိရပါကြောင်း၊ နောင်အနာဂတ်တွင် ခေါင်းဆောင်များ ဖြစ်လာမည့် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ရာတွင် အမျိုးသားပညာရေး အခြေခံရည်မှန်းချက်တွင် ပါရှိပါကြောင်း၊ တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်ရန် အသိဉာဏ်ရှိသည့် ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသား လူငယ်တွေဖြစ်ရန် ယခုလိုသင်တန်းမျိုးနှင့် ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလပြီးဆုံးသည်အထိ စည်းကမ်းရှိရှိ သင်တန်းကို တက်ကြစေလိုကြောင်း၊ သင်တန်းမှ ရရှိမည့် ကိုယ်ကာယကြံ့ခိုင်မှု၊ အရေးကြုံလာလျှင် နိုင်ငံအတွက် အစဉ်သင့်ဖြစ်နိုင်အောင် လေ့ကျင့်သင်ကြားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်က အခြေခံစစ်ပညာသင်ကြားပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိစေရန် အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါ အထောက်အကူရရှိရန်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန် ရည်ရွယ်ပြီး သင်ကြားလေ့ကျင့်ပေးမှာဖြစ်ပါကြောင်း၊ အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ် (ရန်ကုန်)အပါအဝင် အမှတ်(၂)တက္ကသိုလ်လေ့ကျင့်ရေးတပ် (မန္တလေး)နှင့် အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးတပ်တို့တွင်လည်း တစ်ပြိုင်နက်တည်းဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ နောင်တစ်ချိန်မှာ နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြရမည့် နိုင်ငံ့သားကောင်းများ၊ လူတော်လူကောင်းများအဖြစ် မွေးထုတ်ပေးရန် ဦးတည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက စစ်ကြိုခေတ်နှင့် စစ်ပြီးကာလများတွင် တက္ကသိုလ်အရန်တပ်ရင်း ဖွဲ့စည်းပုံနှင့် သင်တန်းအခြေအနေ ဆောင်ရွက်ပုံတို့ကိုလည်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အခြေခံစစ်ပညာသင်တန်း တက်ရောက်ကြမည့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခြေခံစစ်ပညာ သင်တန်းသို့ ရန်ကုန်တက္ကသိုလ်မှ ၂၅ ဦး၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ၈၁ ဦး၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ၂၁ ဦး၊ ဒဂုံတက္ကသိုလ်မှ ၁၂၃ ဦး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ နှစ်ဦး၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်မှ ၉၇ ဦး၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ၇၄ ဦးနှင့် ဆေးစစ်ရန် ကျန်ရှိသော ကျောင်းသား ၇၄ ဦး အပါအဝင် ကျောင်းသား ၅၀၀ ခန့် တက်ရောက်ကြမည်ဖြစ်သည်။

အမှတ် (၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်(ကမာရွတ်မြို့နယ်)တွင် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ သင်တန်းသားများ၊ ဒဂုံတက္ကသိုလ်နယ်မြေတွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့မှ သင်တန်းသားများ၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်နယ်မြေတွင် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်မှ သင်တန်းသားများ၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်နယ်မြေတွင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်မှ သင်တန်းသားများ အခြေခံစစ်ပညာ သင်တန်းများကို တက်ရောက်ကြရမည် ဖြစ်သည်။ သင်တန်းကာလမှာ ပထမနှစ်ဝက်တွင် ဖေဖော်ဝါရီ ၉ ရက်မှ ၂၇ ရက်အထိ၊ ဒုတိယနှစ်ဝက်တွင် ဇွန် ၁၆ ရက်မှ ဩဂုတ် ၂၈ ရက်အထိဖြစ်ပြီး ရက်သတ္တတစ်ပတ်လျှင် သုံးရက် တက်ရောက်ရမည် ဖြစ်သည်။ ထို့အပြင် အောက်တိုဘာလတွင် ရက်သတ္တ လေးပတ်စခန်းချမည် ဖြစ်သည်ဟု သိရသည်။

(သတင်းစဉ်)

ပရိသတ်များသိစေအပ်ပါသည်

၉-၂-၂၀၁၅ နှင့် ၁၀-၂-၂၀၁၅ နေ့တွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဖြင့် ရန်ကုန်မြို့ အမျိုးသားပြဇာတ်ရုံ၌ ကျင်းပပြုလုပ်မည့် အောင်ဆန်းသူရိယနှင်းဆီအငြိမ့်အား "နှင်းဆီအငြိမ့်"ဟူ၍ ခေါင်းစဉ်ပြောင်းလဲပေးလိုက်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၅-၂-၂၀၁၅ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၇၀နှင့် ထုတ်ဝေသူ သက်တမ်းတိုး ၇၅ ဦး ပေါင်း သက်တမ်းတိုး ၁၄၅ ဦးအားလည်းကောင်း၊ ထုတ်ဝေသူ အမည်ပြောင်း တစ်ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူ ကိုးဦး ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် သုံးဦး၊ အထွေထွေထုတ်ဝေခွင့် ၁၃ ဦး၊ သတင်းအေဂျင်စီ တစ်ဦး ပေါင်းပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေခွင့် ၂၉ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။ ယခင်အပတ်က စိစစ်ဆဲဖြစ်သော ပုံနှိပ်အသစ်လျှောက်ထားသူတစ်ဦးအား ယခုအပတ်တွင် ပြန်လည်ခွင့်ပြုပေးခဲ့သည်။ ယခုအပတ်တွင် တင်ပြထားသည့်အထဲမှ ပုံနှိပ်သက်တမ်းတိုးတစ်ခုနှင့် ပတ်သက်၍ စိစစ်ဆဲဖြစ်သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၆၅၆ ဦးနှင့် အသစ်လျှောက်ထားသူ ၈၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၆၆၅ ဦးနှင့် အသစ်လျှောက်ထားသူ ၂၇၅ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ ငါးဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၁၆၈၃ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် အသစ်လျှောက်ထားသူ တစ်ဦး၊ ဂျာနယ် သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန









(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

၂၀၁၅ ခုနှစ်(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်း တည်ဆောက်ရေး။

ညီနောင်စုဝေး အားသစ်မွေး နွေးထွေးချစ်ကြည် ပြည်သစ်တည်

ပန်းတောင်းသန်းကြွယ်

"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲ အပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။"

ဗိုလ်ချုပ်အောင်ဆန်း
(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲမိန့်ခွန်းမှ ကောက်နုတ်ချက်)
"သမဂ္ဂါနံ တာပေါသုခေါ"

ညီညွတ်မှုတသော ကျင့်စဉ်သည် ချမ်းသာခြင်းကို ဖြစ်ပေါ်စေ၏။ လူတိုင်းလက်ခံသော ဗုဒ္ဓ၏ဟောကြားမိန့်ကြားချက်ပင်ဖြစ်၏။ လိုက်နာကျင့်ကြံကြသူများ အားလုံး ချမ်းသာခြင်းအကျိုးကို ခံစားရပေ၏။ လူမျိုးပေါင်း ၁၃၅ မျိုးထိ စုပေါင်းနေထိုင်ကြရသော မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုးတွင် ညီညွတ်မှုတသောကျင့်စဉ်ကို လိုက်နာကျင့်ကြံရန် လွန်စွာအရေးကြီးလေသည်။

မြန်မာတို့၏ သမိုင်းစဉ်တစ်လျှောက်တွင် ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲဖြစ်နေချိန်၊ စည်းလုံးမှုအင်အားနည်းနေချိန်တို့တွင် ချမ်းသာသုခ အကျိုးစီးပွားကိုမခံစားကြရဘဲ ဆင်းရဲမွဲတေကြရ၏။ ကျီးလန့်စာစားနေကြရ၏။ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဒုက္ခသုက္ခရောက်ကြရလေသည်။

မြန်မာနိုင်ငံသည် ရှေးအတိတေကာလမှစ၍ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်တည်းဟူသော မြစ်ကြီးလေးစင်း၏ရင်ခွင်ကို ခိုမှီကာ သယံဇာတနှင့် မြေဆီဩဇာကြွယ်ဝလှသည့်နယ်မြေကို အခြေပြုလျက် ဘိုးစဉ်ဘောင်ဆက် ဉမကွဲသိုက်မပျက် အတူတကွ နေထိုင်လာခဲ့ကြသည့် တစ်အူထုံ့ဆင်း သွေးချင်းများ၏ အမျိုးသားနိုင်ငံကြီးဖြစ်သည်။

လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် စတင်ပေါက်ဖွားရှင်သန်လာခဲ့သော လူသားမျိုးနွယ်တစ်ရပ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်ပွားစီးခဲ့ပြီး မြန်မာနိုင်ငံအဖြစ် သမိုင်းအစဉ်အဆက် ဂုဏ်ယူဝင့်ကြွားဖွယ် တိုးတက်ဖြစ်ထွန်းခဲ့သော အမျိုးသားနိုင်ငံကြီးပင်ဖြစ်သည်။ သုခ၊ ဒုက္ခအပေါင်းကို အေးအတူပူအမျှ ဝေမျှခံစားကာ ခွဲခြားမရသည့် မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ်နေထိုင်ခဲ့ကြသော မြန်မာလူမျိုးတို့၏ ဘူမိနက်သန် နိုင်ငံကြီးပင်ဖြစ်သည်။

မြန်မာတို့ကား မြန်ဆန်သန်မာသူများဖြစ်ကြသည်။ အရေးအရာကြုံကြိုက်လာပါက တင်းမာခက်ထန်စွာ လျင်လျင်မြန်မြန် တုံ့ပြန်တတ်သူများလည်းဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန် တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်နေနိုင်အောင် အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည့် မြန်မာတို့၏ အမျိုးသားရေးအားမာန်များပင်ဖြစ်သည်။

မြန်မာတို့သည် တိုင်းတစ်ပါးသားတို့ ခံညားလေးစားရသော မြို့ပြနိုင်ငံများအဖြစ် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ သုဝဏ္ဏဘူမိ၊ မိုင်းမော၊ တကောင်း၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ဝေသာလီ၊ ဓညဝတီ၊ ကုန်းဘောင် စသည်တို့ကို တည်ထောင်၍ နေထိုင်ခဲ့ကြသည်။ မင်းကောင်းမင်းမြတ်များဖြစ်သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရားဦးအောင်ဇေယျတို့က ပဒေသရာဇ်မြို့ပြနိုင်ငံများကို စုစည်းပေး၍ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့ကို စည်းရုံးတည်ထောင်နိုင်ခဲ့ကြသည်။

နှစ်ပေါင်းထောင်ချီလျက် ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြငှန်းဖြင့် မျိုးရိုးဂုဏ်ရှိန်ထည်ဝါမြင့်မားစွာ ရပ်တည်ခဲ့သည့် မြန်မာနိုင်ငံတော်ကြီးသည် ပရိယာယ်ဝေဝုစ်များလှသော ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြယ်ခဲ့ရပြီး သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည်မှာ မေ့ပျောက်၍မရစကောင်းသော သမိုင်းပေးသင်ခန်းစာပင်ဖြစ်သည်။

နယ်ချဲ့တို့သည် ကိုလိုနီစနစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တောင်ပေါ်မြေပြန့်သွေးခွဲအုပ်ချုပ်ခဲ့ခြင်း၊ ကျွန်ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ခြင်း၊ တိုင်းရင်းသားများအပေါ် မတရားကုပ်သွေးစုပ် စိုးမိုးခြယ်လှယ်ခြင်း၊ မြန်မာ့သယံဇာတများကို မတရားရယူသိမ်းပိုက်ခြင်းစသည်တို့ကြောင့် ခါးသီးသောအတွေ့အကြုံများကို မြန်မာတိုင်းရင်းသားများအားလုံး နှစ်ပေါင်းရှည်ကြာစွာ နဖူးတွေ့ဒူးတွေ့ ခါးစည်းခံခဲ့ကြရသည်။

မျိုးချစ်စိတ်ပြင်းထန်လှသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် အတူတကွလက်တွဲကာ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဝါးအစည်းပြေသကဲ့သို့ ကွဲပြားနေသော အားအင်များကို ပြန်လည်စုစည်းခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ပညာတတ်မျိုးချစ်လူငယ်တို့က ဦးဆောင်၍ မြန်မာ့တပ်မတော်ကို ဖွဲ့စည်းကာ ဖက်ဆစ်ဂျပန်တို့၏အကူအညီဖြင့် ကိုလိုနီနယ်ချဲ့တို့ကို မြန်မာ့မြေပေါ်မှမောင်းထုတ်နိုင်ခဲ့ကြသည်။ သို့သော် ကြမ်းတမ်းရက်စက်စွာ ညှဉ်းပန်းနှိပ်စက်မှုကြောင့် မြန်မာတိုင်းရင်းသားအားလုံးက ဖက်ဆစ်တို့ကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်ခဲ့ရပြန်သည်။

နယ်ချဲ့တို့ပြန်လည်ဝင်ရောက်လာကြပြီး တောင်ပေါ်ဒေသကိုချန်လှပ်၍ ပြည်မကိုသာ လွတ်လပ်ရေးပေးရန် ကြံရွယ်လာသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ပြည်ထောင်စုတိုင်းရင်းသား မျိုးချစ်ခေါင်းဆောင်များက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံကိုကျင်းပကာ တိုင်းရင်းသားအားလုံး တညီတညွတ်တည်း လွတ်လပ်ရေးတောင်းဆိုကြသည်ဟု ကတိပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့်နေ့ကိုအစွဲပြု၍ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပခဲ့ရာ ယခုအခါ (၆၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

၂၀၁၅ ခုနှစ် (၆၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များတွင် ဖော်ညွှန်းထားသကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့ကို ထာဝရဦးထိပ်ထားကာ ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်သည်။

ပြည်သူတို့၏ တူညီသောဆန္ဒနှစ်ခုဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံး ပါဝင်ကြိုးပမ်းကြရမည့်အပြင် ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကိုလည်း ထာဝစဉ်ခိုင်မြဲအောင် တည်ဆောက်ကြရမည်ဖြစ်သည်။

အရေးကြီးသည်မှာ တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုအတွင်း ဉမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ကြလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို လက်တွဲပူးပေါင်း တည်ဆောက်သွားနိုင်ရေးပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်အဆက်ဆက် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိရာ နှစ်ပေါင်း (၆၀)ကျော် ပစ်ခတ်တိုက်ခိုက်မှုများကို ဦးစွာပထမ ရပ်စဲနိုင်ရန် ကြိုးပမ်းစီစဉ်လျက်ရှိပေသည်။ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲသွားစေရေးအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် တစ်ခုတည်းသော နည်းလမ်းမှာ နိုင်ငံရေးဆွေးနွေးပွဲသာ ဖြစ်သည်ဟုလည်း နိုင်ငံတော်အစိုးရက အလေးအနက်ယုံကြည်လက်ခံကျင့်သုံးလျက်ရှိပေသည်။

မြန်မာပြည်အနှံ့ တိုင်းရင်းသားညီအစ်ကိုတို့ နေထိုင်ရာ ဒေသအသီးသီးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုကိစ္စရပ်များ ဆောင်ရွက်ရာတွင် အခက်အခဲများ၊ အကျပ်အတည်းများ၊ စိန်ခေါ်မှုများရှိနေသော်လည်း ထင်သာမြင်သာရှိသော ရလဒ်ကောင်းများပေါ်ထွက်လာအောင် ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် မဆုတ်မနစ် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကြီး၏ ရေဒီယိုမိန့်ခွန်းများတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၌လည်း အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ ပြည်သူတို့ ရည်မှန်းထားသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းဖြစ်ထွန်းပေါ်ပေါက်လာရေးတို့အတွက် အခက်အခဲများ၊ စိန်ခေါ်မှုများကို မဖြစ်မနေရင်ဆိုင်ကျော်လွှားကြရမည်သာဖြစ်သည်။

"တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏" ဟူသော ဆောင်ပုဒ်ကဲ့သို့ပင် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရာတွင် အစိုးရတစ်ရပ်အနေဖြင့်သာမက နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းစီကပါ လိုလိုလားလားဖြင့် ပါဝင်လုပ်ဆောင်ကြလျှင် ဧကန်မုချအောင်မြင်မှုများ ရရှိမည်သာဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင်၊ မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုကောင်းမွန်သော အနာဂတ်များ ဖန်တီးပေးနိုင်အောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေရာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးသည် အချင်းချင်း အပြန်အလှန် နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှုများကို အခြေခံလျက် ပါဝင်ပူးပေါင်းဆောင်ရွက်သင့်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

တစ်နိုင်ငံလုံး Call Center များ ဆောင်ရွက်ပေးနိုင်ရေး စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းဖြေကြား

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် သာသနာရေး၊ တစ်နိုင်ငံလုံး Call Center များ ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးလက်လမ်းပြုပြင်ပေးနိုင်ရေးနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြသည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **"Call Center များအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေမျိုး၊ နည်းပညာနှင့်အရင်းအနှီးရရှိရန်လိုအပ်ပါကြောင်း၊ IT ခေတ်တွင် ခေတ်မီဆက်သွယ်ရေးစနစ်ဖြစ်သည့် မိုဘိုင်းတယ်လီဖုန်းများကို ဝန်ထမ်းများနှင့် တောင်သူများပါ သုံးစွဲ လာနိုင်သောကြောင့် တောင်သူများ အနေဖြင့် မျိုးစေ့လိုအပ်ချက်များ၊ ပိုးမွှားပြဿနာများ၊ ဈေးကွက်သတင်းများ၊ ရေရရှိရေးနှင့် မြေပြုပြင်ရေးတို့အတွက် ထွန်စက်လိုအပ်ချက်ကို ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဖုန်းနံပါတ်များကို ဗွီနိုင်းဖြင့် စိုက်ထူထားပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါလိုအပ်ချက်များအတွက် မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်နိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထူထောင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ။

ဒုတိယဝန်ကြီး ဦးအုန်းသန်း။

ဆက်လက်၍ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က **"နိုင်ငံတော်တစ်ဝန်း အနယ်နယ်အရပ်ရပ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ရေးနှင့် ထောက်ပံ့မှုပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ဘုန်းတော်ကြီးသင် ပညာရေးကျောင်း မူလတန်းကျောင်း၊ မူလတန်းလွန်အဆင့် တိုးမြှင့်ခြင်းကို သတ်မှတ်ချက်များနှင့်ပြည့်စုံပါက မူလတန်းလွန်ကျောင်းအဆင့်သို့ ဝန်ကြီးဌာန စီမံခန့်ခွဲရေးဆိုင်ရာ ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဖွင့်လှစ်ခွင့်ပြုခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊မူလတန်းလွန်၊ အလယ်တန်း၊ အထက်တန်းအဆင့်သို့ အဆင့်ဆင့် တိုးမြှင့်လျှောက်ထားခြင်းတို့ကို သတ်မှတ်ချက်နှင့်ပြည့်စုံညီညွတ်ပါက အမြန်တိုးမြှင့်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာများသို့ လျှောက်ထားခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်ရေးအဖွဲ့ဆရာတော်များမှ အတည်ပြုပေးပို့လာသော ကျောင်းသားစာရင်းများအရ ဆရာ ဆရာမများ၏ ထောက်ပံ့ငွေကို အချိုးကျတိုးမြှင့်ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

မူးယစ်ပညာပေးလေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့်စီမံကိန်းမျိုး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ထောက်ခံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၉

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅) မှ ဦးနိုင်ထွန်းအုံ၏ **ဝန်ထမ်းများ ခရီးသွားလာရာတွင် ခရီးသွားလာစရိတ်ကို သင့်တော်သော နှုန်းထားအသစ်တစ်မျိုးဖြင့် ပြောင်းလဲ သတ်မှတ်ပေးရန်အစီအစဉ် ရှိမရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံ့ဝန်ထမ်းများ တာဝန်ဖြင့် ခရီးသွားလာရာတွင် ပြောင်းလဲလျက်ရှိသည့် လူနေမှုစရိတ်၊ လစာနှုန်းတို့နှင့် လိုက်လျောညီထွေဖြစ်စေမည့် ခရီးစရိတ်နှုန်းထားဖြစ်စေရေးဆောင်ရွက်နိုင်ရန် ဌာနအဖွဲ့အစည်းများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စက်တင်ဘာလအထိ ကျခံသုံးစွဲခဲ့သည့် အသုံးစရိတ်များကို တောင်းခံ၍ ပြန်လည်စိစစ်ခြင်း၊ ဝန်ကြီးဌာနများ၏ သဘောထားများ တောင်းခံထားခြင်းတို့အပြင် ကျွမ်းကျင်ပညာရှင်များ၏ သဘောထားအကြံများကိုပါရယူ၍ ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် တည်းခိုနေထိုင်စရိတ် အပါအဝင် ခရီးသွားနေ့တွက်စရိတ်နှုန်းအား ဝန်ထမ်းများ နစ်နာမှုမရှိစေရေးအတွက် သင့်တော်သည့် နှုန်းထားအသစ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြောင်းလဲသတ်မှတ်နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင်။

ဆက်လက်၍ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးဌေးမောင်က ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုသည့်အတိုင်း ဆက်လက်ထားရှိရန်နှင့် ပုဒ်မအချို့အား ပြင်ဆင်လိုပါကြောင်းဖြင့် ဆွေးနွေးရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေဘာသာပြန် ဥပဒေကြမ်းအား ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆) မှ ဦးဖေသောင်း၏ **မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်အဖြစ်သို့ ရောက်ရှိနေကြသော လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် တာဝန်ရှိအစိုးရဌာနဆိုင်ရာများ၊ INGO၊ NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များလမ်းမှားပေါ် မရောက်ရှိစေရန်အတွက် ပြုစုပျိုးထောင်ပေးမည့် မူးယစ်ပညာပေးလေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုး အမြန်ဆုံးဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍** ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးဂျေယောဝူက မြန်မာနိုင်ငံတွင် မူးယစ်ကျေးကျွန်ဘဝအဖြစ်သို့ ရောက်ရှိနေကြသည့် လူငယ်လူရွယ်များကို လူထုဗဟိုပြု အဖွဲ့အစည်းများနှင့် INGO၊ NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်တိုင်းတွင် လူငယ်များလမ်းမှားပေါ် မရောက်ရှိစေရေးအတွက် ပြုစုပျိုးထောင်နိုင်မည့် မူးယစ်ပညာပေး လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ပေးနိုင်မည့် စီမံကိန်းမျိုး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် ထောက်ခံဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်ဖြင့် ရပ်ကွက်/ကျေးရွာ ဆရာဆရာမ၊ မြို့မိ မြို့ဖ ပါဝင်သည့် အသင်းအဖွဲ့များဖွဲ့စည်းပြီး သုံးစွဲသူများကို ဖော်ထုတ်ကုသခြင်း၊ ရောင်းဝယ်သူ ဖြန့်ဖြူးသူများကို ထိရောက်စွာဖော်ထုတ်အရေးယူခြင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ လိုအပ်သောမြို့ကြီးများတွင် မူးယစ်ဆေးသုံးစွဲသူဖော်ထုတ်ရေးအဖွဲ့၊ ကုသရေးအဖွဲ့များ၊ ပညာပေးရေးအဖွဲ့များပိုမိုထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခက်ထိန်နန်က အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများအား အမီလိုက်နိုင်ရန် လူငယ်များ မူးယစ်ဆေးဝါးကင်းစင်ပြီး ကိုယ်ရည်ကိုယ်သွေးကောင်းမွန်မှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးစခန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ဆက်လက် တိုးချဲ့ဖွင့်လှစ်ရန်နှင့် ကျစ်ကျစ်လျစ်လျစ် ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့က မြို့နယ်တိုင်းတွင် မူးယစ်ပညာပေး အစီအစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျောင်းသားလူငယ်များနှင့် လူငယ်များ လမ်းကြောင်းမှန်ပေါ်သို့ လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်သူများ၊လက်လီလက်ကား ဖြန့်ဖြူးသူများနှင့် ရောင်းဝယ်သူများကို မျက်နှာမလိုက် ဘက်မလိုက်ဘဲ မည်သည့်အဆင့် ပုဂ္ဂိုလ်မျိုးကိုမဆို ဥပဒေအရ ထိထိရောက်ရောက်ဖော်ထုတ်အရေးယူခြင်းဖြင့် တိုင်းပြည်အတွက် ရလဒ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက မြန်မာနိုင်ငံသည် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ၁၉၈၈ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုကွပ်ကဲမှုအောက်တွင် မူးယစ်ဆေးစွဲသူများကို ဆေးဝါးကုသပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရွှေပြည်အေး၊ တီးမ၊ ရွှေပြည်သစ်စသည့် လူငယ်ပြုစုပျိုးထောင်ရေးစခန်းများ ဖွင့်လှစ်ထားရှိပါကြောင်း၊ ကိုယ်တိုင်လာရောက်ဆေးဖြတ်သူများနှင့် မိဘများလာရောက် ပို့အပ်ဆေးဖြတ်သူများကိုအရေးယူခြင်းမပြုဘဲ ဆေးဖြတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅) မှ ဦးနိုင်ထွန်းအုံ။

မူးယစ်ဆေးဝါးသုံးစွဲသူများအား မူးယစ်ဆေးစွဲလမ်းနေသော ဝေဒနာရှင်များအဖြစ် ရှုမြင်လာသည့် နိုင်ငံတကာအမြင်သဘောထားများအရ ဖြစ်မှုကြောင်းဖြင့် အရေးယူခြင်း မပြုဘဲ ကျန်းမာရေးဆိုင်ရာပြဿနာတစ်ခုအဖြစ်ရှုမြင်၍ ဆေးကုသပေးခြင်း၊ ပြန်လည် ထူထောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးအတွက် မူးယစ်ဆေးစွဲရောဂါကုသရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်များအားလုံး၌ ကျောင်းသားလူငယ်များနှင့် ကျောင်းပြင်ပရောက်လူငယ်များအား မူးယစ်ဆေးဝါးသုံးစွဲမှုမှ ကြိုတင်ကာကွယ်နိုင်ရန် မူးယစ်ဆေးဝါးဆိုးကျိုးအကြောင်း၊ ဥပဒေပြစ်ဒဏ်များအကြောင်း နားလည်သဘောပေါက်စေရန် ဟောပြောပွဲများ၊ ပညာပေးကဏ္ဍအစီအစဉ်များဖြင့် အသိပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ရန် မူးယစ်တပ်ဖွဲ့စု (၅၀)ကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးစွဲသူလူငယ်များ စနစ်တကျဆေးကုသမှုခံယူနိုင်ရန်၊ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ မြင့်မားတိုးတက်လာစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာများတတ်မြောက်သည့် လူငယ်များအဖြစ် ပြောင်းလဲတိုးတက်လာစေရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များက ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းလေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးဖေသောင်းတင်သွင်းသည့် အဆိုအား လွှတ်တော်က အတည်ပြုခဲ့သည်။

(သတင်းစဉ်)

ပြင်ဦးလွင်ခရိုင်အတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၉

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဖေဖော်ဝါရီ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျပ်ပြင်အုပ်စု ပန်းမရွာသစ်ရပ်၊ ကသဲအလယ်ပိုင်းရပ်၊ တောင်ကချင်စုရပ်၊ မြို့မ ရပ်ကွက် ရွှေကူ(၁၈)ရပ်ကွက်များတွင် နေထိုင်လျက်ရှိသည့် အသက်(၁၀၀)နှစ်အထက် အဘိုးအဘွားတို့၏ နေအိမ်များသို့သွားရောက်ပြီး နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ချီးမြှင့်ငွေ ၂၅ ရာခိုင်နှုန်း စုဆောင်းငွေမှ ထောက်ပံ့ငွေ နှစ်သိန်းကျပ်စီနှင့် ဝန်ကြီးဌာနမှ အသုံးအဆောင်ပစ္စည်းများနှင့် တိုင်းရင်းဆေးဝါးများကို ပေးအပ်သည်။

ထို့နောက် ရှမ်းစုရပ်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၌ ကျင်းပသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံကလေးများနေ့အကြို လှုပ်ရှားနေမှုများ "ချစ်စရာအရွယ်ကစားကြမယ်" ပြိုင်ပွဲကို ကြည့်ရှုအားပေး၍ ဆုရရှိသူ မူကြိုကလေးငယ်များအား ဆုများပေးအပ်ချီးမြှင့်ပြီး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှင့် မိခင်/ကလေး မူကြိုကျောင်းများအတွက် ငွေကျပ် ငါးသောင်းစီ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ရှောလီဝိုင်အုပ်စု အရှေ့ရွာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး နယ်မြေလုံခြုံရေး အခြေအနေကြောင့် ပြောင်းရွှေ့အိမ်ထောင်စုများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ ၂၂ ဒသမ ၂၁၈ သိန်းကို ပေးအပ်သည်။

ထို့နောက် မိုးကုတ်မြို့ မင်းတံတားရပ်ရှိ ရတနာသိဒ္ဓိ လူငယ်ပရဟိတဂေဟာ သွားရောက်ကာ ရေတွင်းတူးရန် မတည်အလှူငွေ တစ်သိန်းကျပ်လှူဒါန်းပြီး မြန်မာနိုင်ငံကလေးများနေ့အကြို လှုပ်ရှားမှုအနေဖြင့် ကျင်းပသော စာပေဟောပြောပွဲအား ကြည့်ရှုအားပေးသည်။

ဖေဖော်ဝါရီ ၇ ရက်တွင် သပိတ်ကျင်းမြို့နယ် ပိုးဇာနွယ်ကျေးရွာနှင့် စဥ့်ကူးမြို့နယ် ရွှေလှကျေးရွာများရှိ အသက်(၁၀၀)နှစ်အထက် အဘွားများအား ဂုဏ်ပြုလွှာနှင့် ထောက်ပံ့ငွေကျပ် နှစ်သိန်းနှင့် ဝန်ကြီးဌာနမှ အသုံးအဆောင်ပစ္စည်းများနှင့် တိုင်းရင်းဆေးဝါးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နတ်မောက်မှ ဗိုလ်ချုပ်မွေးနေ့ပွဲ ရပ်ဝေးရပ်နီးမှ ဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိ

နတ်မောက် ဖေဖော်ဝါရီ ၉

မြန်မာ့လွတ်လပ်ရေးဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့် မွေးနေ့ပွဲကို ဗိုလ်ချုပ် မွေးဖွားရာဇာတိဖြစ်သော မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်၌ ဖေဖော်ဝါရီ ၇ ရက်မှ စတင်ကျင်းပလျက်ရှိရာ ရပ်နီးရပ်ဝေးမှ လာရောက်သော ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

နတ်မောက်မြို့ ဗိုလ်ချုပ်ကြေးရုပ်တု ရှေ့ကွင်းပြင်တွင် ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိသော ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ နှစ်(၁၀၀)ပြည့်ပွဲတွင် ဗိုလ်ချုပ်အမှတ်တရ ပြခန်းများ၊ ပန်းချီဓာတ်ပုံ ပြခန်းများ၊ စာအုပ်နှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ကဗျာရွတ်ပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ စသည်ဖြင့် ကဏ္ဍစုံပါဝင်ကာ လှေလာသူများ၊ အလည်အပတ်လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ နှစ်(၁၀၀)ပြည့်မြောက်မည့် ဖေဖော်ဝါရီ ၁၃ ရက်တွင် သံဃာ့ဒါန ဆွမ်းလောင်းပွဲများ၊ မော်ကွန်းကျောက်စာတိုင်ဖွင့်ပွဲ၊ သံဃာအပါး ၁၀၀ ဆွမ်းကပ်ပွဲနှင့် သက်န်းကပ်လှူပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်း-နိုင်လင်းကြည်၊ ဓာတ်ပုံ- ကိုကိုနေ)

ဖေဖော်ဝါရီ ပထမပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်တိုက်မှုလျော့နည်းကျဆင်းလာ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုဖြစ်စဉ်များအတွင်း ယာဉ်တိုက်မှု ၄၄ မှုဖြစ်ပွားခဲ့ကြောင်းသိရပြီး ဇန်နဝါရီ ၃၀ ရက်မတိုင်မီတစ်ပတ်အတွင်းက ယာဉ်တိုက်မှုဖြစ်စဉ် ၆၂ မှုဖြစ်ပွားခဲ့သောကြောင့် ယခင်အပတ်ထက်စာလျှင် ယာဉ်တိုက်မှု ၁၈ မှု လျော့နည်းကျဆင်းသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သောဖြစ်စဉ် ၄၄ မှုအရ ပုဒ်မ ၃၀၄ အမှု ၁၁ မှု၊ ပုဒ်မ ၃၃၈ အမှု ၁၈ မှု၊ ပုဒ်မ ၃၃၇ အမှု လေးမှုနှင့် ပုဒ်မ ၂၇၉ အမှု ၁၁ မှုတို့ဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုဖြစ်စဉ် ၄၄ မှုအတွင်း အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ငါးဦးသေဆုံးခဲ့ကာ အမျိုးသား ၃၇ ဦးနှင့် အမျိုးသမီး ၂၀ တို့ ဒဏ်ရာရရှိခဲ့ကြောင်းနှင့် နေ့ပိုင်းယာဉ်တိုက်မှု ၃၁ မှု ဖြစ်ပွားခဲ့ကာ ညပိုင်းယာဉ်တိုက်မှု ၁၃ မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှု ၄၄ မှုအတွင်း ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းအရင်းများအား ပြန်ကြည့်လျှင် ယာဉ်မောင်းမဆင်မခြင်မောင်းနှင်မှုကြောင့် ၂၂ မှု၊ လမ်းကူးသူပေါ့ဆမှုကြောင့် တစ်မှု၊ အရှိန်ပြင်းမောင်းနှင်မှုကြောင့် ကိုးမှုနှင့် ယာဉ်မောင်းလိုင်စင်မရှိဘဲမောင်းနှင်မှု ၁၂ မှုပါဝင်ကြောင်း သိရပြီး ကိုယ်ပိုင်ယာဉ်တိုက်မိမှုကြောင့် ၁၉ မှု၊ အငှားကုန်တင်ယာဉ်တိုက်မိမှုကြောင့် လေးမှု၊ ခရီးသည်တင်ယာဉ်တိုက်မိမှုကြောင့် ၁၀ မှု၊ မော်တော်ဆိုင်ကယ် တိုက်မိမှုကြောင့် ခုနစ်မှုနှင့် တက္ကစီယာဉ်တိုက်မိမှုကြောင့် လေးမှုဖြစ်ပွားခဲ့သည်။ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိ ယာဉ်စည်းကမ်းဖမ်းဆီးအရေးယူ ဆောင်ရွက်မှုစုစုပေါင်း ၆၄၀၂ မှုအရေးယူဆောင်ရွက်ခဲ့ပြီး ယာဉ်လိုင်စင်ပိတ်သိမ်းမှု ၄၄၉ မှုပါဝင်ကာ မီးနီဝင် ဖမ်းဆီးအရေးယူ အစီး ၄၀ နှင့် လမ်းပြောင်းပြန်ဖမ်းဆီးအရေးယူမှု ၅၇ စီးအရေးယူဆောင်ရွက်ခဲ့ကြောင်း၊ ဆိုင်ကယ်ဖမ်းဆီးအရေးယူဆောင်ရွက်ချက်များအရ လိုင်စင်ရှိ ဆိုင်ကယ်ပိတ်သိမ်းမှု ၂၈၁ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် လေးစီးတို့ဖြင့် စုစုပေါင်း ဆိုင်ကယ်အစီးရေ ၂၈၅ စီးအရေးယူဆောင်ရွက်ခဲ့ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ သိရသည်။ **(ဝ၄ဝ)**

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ကလေးများနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့်စာအုပ်ပြပွဲ ကျင်းပ

မြဝတီ ဖေဖော်ဝါရီ ၉

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် သမိုင်းဝင်ဓာတ်ပုံများ၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဆောင်းပါးများ၊ ကဗျာများ၊ ဗိုလ်ချုပ်၏ကလေးဘဝဖြတ်သန်းခဲ့ပုံများ ဖော်ပြထားသည့် နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်းသိရသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကိုသန့်၊ ဒုတိယဦးစီးမှူး ဒေါ်တင်သန်းနှင့် ဝန်ထမ်းများက ပြပွဲသို့တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

❐ တရုတ်နိုင်ငံမှ

သင်္ဘောလိုင်းမှဆိုသည်။ ထို့အပြင် ဝန်ဆောင်မှုအသစ်များအဖြစ် အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်ခြင်း၊ တရုတ်-မြန်မာ တိုက်ရိုက်ကုန်သွယ်ခြင်းတို့ကိုပါ တိုးချဲ့ဆောင်ရွက်သွားမည်ဟု ဆိုသည်။ ယခုကဲ့သို့ တရုတ်နိုင်ငံ အရှေ့ပိုင်းကမ်းခြေမှ ရန်ကုန်သို့ တိုက်ရိုက်ဝန်ဆောင်မှု ပြုလုပ်ခြင်းဖြင့် လမ်းခရီးကြာမြင့်ချိန်မှာ မူလက ၁၈ ရက်မှ ၂၅ ရက်အထိ ကြာမြင့်ခဲ့သော်လည်း ယခုလိုင်းသစ်တွင် ခရီးစဉ်ကြာမြင့်ချိန် ၁၃ ရက်သာ ရှိတော့သည်။

ထိုသို့ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကြီးများအား ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ယခင်က အခက်အခဲဖြစ်ခဲ့သည့် ကြားခံဆိပ်ကမ်းတွင် အချိန်ကြာမြင့်နေခြင်း*(Transhipment Delay)* နှင့် ပင်လယ်ခရီးကြာမြင့်ချိန် *(Unstable cargo transit time)* ခန့်မှန်းရခက်ခဲခြင်းတို့ကို ကျော်လွှားဖြေရှင်းပေးနိုင်မည်ဟု ဆိုသည်။ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုအပြင် အရှေ့တောင်အာရှမှ အခြားစီးပွားဖက် နိုင်ငံများဖြစ်ကြသော စင်ကာပူ၊ မလေးရှား၊ ထိုင်းစသည့်နိုင်ငံများနှင့် ကုန်သွယ်ရာတွင်လည်း ကုန်ထုတ်လုပ်သူ၊ ကုန်သွယ်သူများအတွက် ဤသို့ တိုက်ရိုက်လိုင်းများ ပြေးဆွဲခြင်းမှ အကျိုးများစွာရှိစေမည်ဖြစ်သည်။ ယခုဝန်ဆောင်မှုအသစ်ကို ကွန်တိန်နာတင်သင်္ဘော လေးစင်းဖြင့် တိုးချဲ့ပြေးဆွဲမည်ဖြစ်သည်။

ယခုလက်ရှိတွင် သင်္ဘော ခုနစ်စင်းဖြင့် ရန်ကုန်သို့ ကွန်တိန်နာအလုံး ၁၈၀၀ ခန့်ကို အပတ်စဉ် သယ်ယူပေးနေပြီး သင်္ဘောတင်ဈေးကွက်၏ ၂၀ ရာခိုင်နှုန်းကို ရယူထားသော သင်္ဘောလိုင်းဖြစ်သည်။ ထိုသင်္ဘောလိုင်းသည် ကွန်တိန်နာဖြင့် တိုက်ရိုက်ကုန်သွယ်ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းကို တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်တို့နှင့် အပြန်အလှန် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံကို အခြေပြုပြီး သင်္ဘောများ ချိတ်ဆက်သွားလာသယ်ဆောင်မှုဝန်ဆောင်မှုလုပ်ငန်းကို စတင်တိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်သည်။

ပြည်ပကုန်သွယ်မှု ဈေးကွက်စီးပွားရေးစနစ်တွင် မြန်မာနိုင်ငံသို့ သင်္ဘောလိုင်းများ အပြိုင်အဆိုင် များပြားလာသည့်အတွက် China Shipping က ၎င်း၏ မြန်မာနိုင်ငံမှ ဖောက်သည်များအား ဝန်ဆောင်မှုအသစ် ထပ်မံပံ့ပိုးရန် ရည်ရွယ်၍ ယခုကဲ့သို့ တိုက်ရိုက်ကွန်တိန်နာခရီးစဉ်ကို စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

နယ်မြေရှင်းလင်းသည့် တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်တိမ်းရှောင်အဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၉

နယ်မြေခံပြည်သူလူထု၏ သတင်းပေးချက်အရ တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသအတွင်း နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့တွင် လောက်ကိုင်မြို့ အနောက်မြောက်ဘက် ညံခွမ်းကျေးရွာ အရှေ့မြောက်ဘက်တွင် နှစ်ကြိမ်၊ လောက်ကိုင်မြို့ အနောက်တောင်ဘက် တောက်ရွှေကျေးရွာ အနီးတစ်ဝိုက်တွင် တစ်ကြိမ် ကိုးကန့်တိမ်းရှောင်အဖွဲ့မှ အင်အားစုများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်။

ထို့အတူ မော်ထိုက်မြို့အနီး နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်စခန်းအား ကိုးကန့်တိမ်းရှောင်အဖွဲ့မှ အင်အားစုအချို့သည် လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရသည်။ တပ်မတော်အနေဖြင့် ၎င်းဒေသအတွင်း သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့များ အခြေချနေထိုင်ခြင်းမပြုစေရေးအတွက် နယ်မြေရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အားသွန်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကိုးကန့်တိမ်းရှောင်အဖွဲ့၏ ရည်ရွယ်ချက်ရှိရှိဖြင့် တပ်မတော်စစ်ကြောင်းများအပေါ် နေရာအနှံ့အပြားမှ နှောင့်ယှက်ပစ်ခတ်ခြင်း၊ ချောင်းမြောင်းတိုက်ခိုက်ခြင်းများကြောင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာမည်ကို ဒေသခံများအနေဖြင့် စိုးရိမ်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရေးနှင့် ပတ်သက်၍ CESR ပညာရှင်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၉

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရေးနှင့်ပတ်သက်၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)ပညာရှင်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း(CESR) ပညာရှင်ကြီးများ၊ အမျိုးသားပညာရေး ဥပဒေရေးဆွဲရာတွင် ယနေ့အထိ ကူညီပံ့ပိုးပေးလျက်ရှိသော နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များဖြစ်ကြသည့် Australian Embassy၊ British Council၊ DANIDA၊ DFlD၊ Diplomatic Mission of Finland၊ Embassy of Demark၊ Embassy of lsrael၊ Embassy of the United States၊ EU၊ JICA၊ MEDG၊ Open Foundation Society၊ Save the Children၊ Swiss Agency၊ UNESCO၊ UNFPA၊ UNICEF၊World Bank၊ World Education တို့တက်ရောက်ခဲ့ကြပြီး ကျောင်းသားအဖွဲ့အစည်းများမှ တောင်းဆိုနေသည့် အမျိုးသားပညာရေးဥပဒေမှ အချက်(၁၁)ချက် ကိစ္စရပ်များအပေါ် သဘောထားအမြင်များ၊ ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များနှင့် စပ်လျဉ်း၍ ပညာရှင်ကြီးများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များက ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များကလည်း ဥပဒေပြင်ဆင်ရေးအပေါ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးမှုများအပေါ် ကြိုဆိုပါကြောင်း၊ စဉ်ဆက်မပြတ် ဆွေးနွေးမှုများမှ နားလည်မှုရရှိလာမည်ဖြစ်ပါကြောင်း ဖြင့် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြို့အမျိုးသားဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၅/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

မြို့အမျိုးသားဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အိမ်အမှတ် (၁၄၄)၊ ဗုဒ္ဓဂါယာလမ်း၊ မြို့သစ်ရပ်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြို့အမျိုးသားဒီမိုကရေစီပါတီ**အား ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြို့အမျိုးသားဒီမိုကရေစီပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၈၀)ဖြစ်ပါသည်။

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❋ မြောက်ဦးမှ

ကိုက်ညီရမှာပါ။ ဝန်ထမ်းအင်အား၊ ပြည်သူလူထုအင်အား၊ ဒေသခံတို့အင်အား၊ ငွေကြေးရန်ပုံငွေ၊ စုပေါင်းစွမ်းဆောင်နိုင်မှုတွေ လိုအပ်သကဲ့သို့ အစိုးရ၊ ပြည်သူလူထုနှင့်လုပ်ငန်းရှင်၊ တာဝန်ရှိအဖွဲ့တွေ နားလည်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့နဲ့ တွန်းအားပေးမှုတွေကလည်း အရေးကြီးပါတယ်။အထူးသဖြင့် ယဉ်ကျေးမှုအမွေအနှစ်တွေက လူနေထိုင်တဲ့နေရာတွေနဲ့ ရောယှက်နေရင် အလွန်ခက်ခဲနက်နဲပါတယ်။ ယခင်နှစ်ကစပြီး ပုဂံကို စတင်ဆောင်ရွက်နေပြီး အခုမြောက်ဦးအပါအဝင် ကျန်အမွေအနှစ်တွေကိုလည်း ဆက်လက်ဆောင်ရွက်နေပါတယ်” ဟု ပြောကြားသည်။

မြောက်ဦးမြို့ကို ရခိုင်ဘုရင်မင်းစောမွန်က အေဒီ ၁၄၃၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ကာ နှစ်ပေါင်း ၃၅၅ နှစ်တည်တံ့၍ ရခိုင်မင်းဆက်ပေါင်း ၄၈ဆက် စိုးစံခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ကမ္ဘာ့ပေါ်ရှိ နိုင်ငံအသီးသီးတွင် ယဉ်ကျေးမှုအမွေအနှစ်များ သဘာဝအမွေအနှစ်များ၊ယဉ်ကျေးမှုနှင့် သဘာဝရောနှောနေသည့် အမွေအနှစ်များကို ပိုင်ဆိုင်ထားကြသည်။ယဉ်ကျေးမှုဆိုသည်မှာ မြန်မာစာအဖွဲ့မှ ထုတ်ဝေသော မြန်မာအဘိဓာန်တွင် သိမ်မွေ့ပြေပြစ်သောတတ်သိမှု၊ တိုးတက်ထွန်းကားသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိသော ဓလေ့ထုံးစံဟူ၍ ဖော်ပြထားသည်။

အမွေအနှစ်ဆိုသည်မှာ စာတန်းတိုလေးတစ်ခုဖြစ်သော်လည်း ဂုဏ်ရည်နှင့်တန်ဖိုးက နက်နဲသိမ်မွေ့လှသည်။ ယဉ်ကျေးမှုအမွေအနှစ်များ ပပျောက်လျှင် လူမျိုးပါပျောက်တတ်သည်မို့ ခေတ်တစ်ခေတ် အပိုင်းအခြား ထင်ရှားခဲ့သည့် သမိုင်းဝင်အမွေအနှစ်များကို ပိုမိုမြတ်နိုး ထိန်းသိမ်းနိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားတို့မှာ တစ်လနှင့်မရ၊ တစ်နှစ်နှင့်မပြီး။ တစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍ မရ။ ဌာနတစ်ခုတည်းနှင့်လည်း မဖြစ်နိုင်ပါ။ နောင်မျိုးဆက်သစ်တို့ထိတိုင် စဉ်ဆက်မပြတ်အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ စေတနာရှင်တွေနှင့် အတူ ပြည်သူတစ်ရပ်လုံးက ပါဝင်ပြီး ဝိုင်းဝန်းစောင့်ရှောက်မှသာ အမွေအနှစ်ကောင်းများအဖြစ် ကမ္ဘာ့အလယ်တွင် ထားရစ်နိုင်တော့မည်ဖြစ်သည်။**(ခင်ဇာလီ)**

❂ အမျိုးသားပညာရေးမှ

အမြန်ဆုံးကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းကြသည်။

ထိုကဲ့သို့ ညှိနှိုင်းရာတွင် အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ NNER နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကိုယ်စားလှယ်များ လေးပွင့်ဆိုင်ဆွေးနွေးကြရေးအတွက် တက်ရောက်လာကြသူများက အစည်းအဝေးအစီအစဉ်များအပေါ် အသေးစိတ်ထပ်မံဆွေးနွေးကြသည်။

ယနေ့ ညှိနှိုင်းသည့်အချက်များတွင် ကိုးချက်သဘောတူညီမှုရရှိခဲ့သည်။ အဆိုပါ ညှိနှိုင်းသဘောတူညီချက်များမှာ (၁)လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမည့်ရက်အဖြစ် ဖေဖော်ဝါရီလ ၁၁ ရက်အား သတ်မှတ်သည်။ (၂)ကျင်းပမည့်နေရာအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းခန်းမအား သတ်မှတ်သည်။ (၃) ကျင်းပမည့်အချိန် နံနက် ၉ နာရီခွဲ သတ်မှတ်သည်။ (၄) ဆွေးနွေးပွဲတက်ရောက်ရန် တစ်ဖွဲ့လျှင် ၂၀ ဦးစီ သတ်မှတ်သည်။ (၅) Moderator များအဖြစ် အစိုးရနှင့် လွှတ်တော်မှတစ်ဦး၊ NNER နှင့် ကျောင်းသားကိုယ်စားလှယ်တို့မှ တစ်ဦးသတ်မှတ်သည်။ (၆)ကျောင်းသားကိုယ်စားလှယ်များတွင် လက်ရှိ လှုပ်ရှားနေသော ကျောင်းသားစစ်ကြောင်းများအားလုံးကို ကိုယ်စားပြုသော ကိုယ်စားလှယ်များ ပါဝင်ရန် သတ်မှတ်သည်။ (၇)တက်ရောက်မည့် ကိုယ်စားလှယ် ၂၀ ဦးစီ၏ အမည်စာရင်းအား ကြိုတင်ပေးပို့ပြီး ပေးပို့ထားသည့်ပုဂ္ဂိုလ်များသာ တက်ရောက်ရန် သတ်မှတ်သည်။ (၈) ဆွေးနွေးပွဲကျင်းပချိန်တွင် မှတ်တမ်းယူရန် အချိုးကျဝင်ခွင့်ပြုရန် သတ်မှတ်သည်။ (၉) ဆွေးနွေးပွဲရက်များတွင် ညှိနှိုင်းရရှိချက်များကို အဖွဲ့တစ်ဖွဲ့စီ၏ ကိုယ်စားပြုပြောရေးဆိုခွင့်ရှိသူ တစ်ဦးစီမှ သတင်းစာရှင်းလင်း၍ သတင်းထုတ်ပြန်သွားရန် သတ်မှတ်ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးတင်ဝင်းနှင့် ဒေါက်တာမြင့်သိန်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်း၊ NNER မှ ဒေါက်တာသိန်းလွင်နှင့် ဦးစိုးထွန်း၊ ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကိုအောင်မှိုင်းဆန်း၊ ကိုရဲဇာနည်ထွန်းနှင့် ကိုချစ်ဝင်းမောင်တို့ တက်ရောက်ကြကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

❖ ယူ ၂၀ မှ

အမေရိကန်၊ ဟွန်ဒူးရပ်စ်၊ ပနားမား၊ သမုဒ္ဒရာပိုင်းဇုန်မှ ဖီဂျီအသင်းတို့ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်း၊ ခြောက်အုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့်အကောင်းဆုံးအုပ်စု တတိယနေရာရ အသင်းလေးသင်းမှာ ရှုံးထွက်အဆင့်သို့တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

မြန်မာယူ-၂၀ အသင်းမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာရှယူ-၁၉ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခွင့်ရရှိခဲ့သောကြောင့် ယခုကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များတွင် ထိုင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး ယီမင်နှင့် ဂိုးမရှိသရေကျကာ အီရန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သော်လည်း ရမှတ်လေးမှတ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် အရေးပါသည့် ကွာတားပွဲတွင် အာရှထိပ်သီးယူအေအီးအသင်းကို သန်းပိုင်၏ တစ်လုံးတည်းသော ဂိုးဖြင့်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုအုပ်စုမဲခွဲပွဲကို မြန်မာယူ-၂၀ အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ညွှန်ကြားရေးမှူး (စီမံ) ဦးစိုးမိုးကျော်တို့ တက်ရောက်ကြသည်။

ကသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်

စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပရိသတ်များ အခမဲ့ကြည့်ရှုအားပေးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၉

တစ်မျိုးသားလုံး၊ ပြည်သူတစ်ရပ်လုံး အားကစား လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်နှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ပေးအပ်ထားသည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အားကစားလှုပ်ရှားမှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအားကစားပွဲတော်ကြီးကို ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၇ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး (၁၈)နှစ်တာကာလ ၂၀၁၅ ခုနှစ်သို့ရောက်မှသာ စတုတ္ထအကြိမ်မြောက် ပြန်လည် ကျင်းပရခြင်းဖြစ်သည်။ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ အားကစားကွင်း/ အားကစားရုံများတွင် ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုအသင်းများနှင့် နေပြည်တော် ကောင်စီနယ်မြေ ကိုယ်စားပြုအသင်း အပါအဝင် အသင်း ၁၅ သင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသွားမည်ဖြစ်ပြီး ပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအပြီး ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်း ၂၇ မျိုးထည့်သွင်းကျင်းပမည်ဖြစ်သည်။ အားကစားနည်းများအနေဖြင့် ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်/စနူကာ၊ ကာယကြံ့ခိုင်မှု၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊ ဘောလုံး(ကျား၊မ)၊ ဖူဆယ်(ကျား၊မ)၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ ဒိုင်ဗင်၊ ရိုးရာလက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ Triathlon (သုံးမျိုးစုံ)၊ ခရစ်ကတ် အားကစားနည်းများဖြစ်ပြီး ပြိုင်ပွဲဝင် ၁၅ သင်းနှင့် စုစုပေါင်းပြိုင်ပွဲဝင်အင်အား ကျား ၂၈၉၅ ဦး၊ မ ၁၄၆၆ ဦး စုစုပေါင်း ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရရှိခဲ့သော အောင်မြင်မှုများကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်စေရန်နှင့် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်များပေါ်ထွက်လာရေးကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဖွင့်ပွဲ/ပိတ်ပွဲအပါအဝင် အားကစား ပြိုင်ပွဲအားလုံးကို အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် ကွင်းဝင်ပေါက်ဂိတ်အမှတ် (၁) ဂိတ်မှလွဲ၍ ကျန်ဂိတ်များအားလုံး၌ လုံခြုံရေးအရစစ်ဆေးခံ၍အခမဲ့ ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြသည်။ **(အားကစား)**

ပြည်တွင်းရေးရာ

နားလည်မှု ပိုမိုရရှိပါမှ ရည်မှန်းချက်အောင်မြင်မည်

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် ကျောင်းသားများဆန္ဒပြတောင်းဆိုနေသည်ကို တွေ့ရှိရသည်။ ယင်းပညာရေးဥပဒေနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက တစ်ဖက်သတ်ရေးဆွဲထားသောဥပဒေဖြစ်ကြောင်း ဝေဖန်ပြောဆိုမှုများကိုလည်း ကြားသိရသည်။ သို့ဖြစ်၍ အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းဖြစ်ခဲ့ပုံနှင့်စပ်လျဉ်း၍ တာဝန်ရှိသူအချို့အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

owiftzU

ဦးတင်နိုင်သိန်း
ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန

မေး။ အမျိုးသားပညာရေးဥပဒေကို ဘယ်လိုစတင်ရေးဆွဲခဲ့သလဲဆိုတာ သိပါရစေ။

ဖြေ။ အစိုးရစတင်တာဝန်ယူတဲ့ အချိန်ကစပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်တွေ များစွာလိုတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍကို အထူးအလေးထားအာရုံစိုက် အားပေးလာခဲ့ပါတယ်။ လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ရက်နေ့မှာ နေပြည်တော် MICC ခန်းမမှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားလှယ်တွေ၊ ပညာရေးဌာနကိုယ်စားလှယ်တွေ၊ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်တွေ၊ ပညာရှင်တွေနဲ့ ကျင်းပခဲ့ပါတယ်။ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတကာ စံမီပညာရေးဖြစ်ဖို့နဲ့ အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ် ပေါ်ထွန်းလာဖို့၊ အနာဂတ်ဒီမိုကရေစီ မြန်မာ့လူ့အဖွဲ့အစည်းနဲ့ အံဝင်ခွင်ကျဖြစ်ပြီး ဗလငါးတန် ပြည့်ဝသူတွေ တီထွင်ဖန်တီးနိုင်စွမ်းရှိသူတွေ လေ့ကျင့်ပြုစုပျိုးထောင်ဖို့၊ အမျိုးသားပညာရေးဟာ တိုင်းရင်းသားအားလုံးရဲ့ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာတွေ မြန်မာ့တန်ဖိုးတွေ မပျောက်ပျက်စေဘဲ မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်နိုင်တဲ့ ပညာရေးဖြစ်ဖို့ ဦးတည်ပြီး ပညာရေးကဏ္ဍမှာ ကောင်းမွန်တဲ့အချက်တွေ ရှိသလိုပဲ အားနည်းချက်၊ ချို့ယွင်းချက်တွေလည်းရှိတဲ့အတွက် လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲနိုင်အောင် ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။

အဲဒီအချိန်မှာ ယခင်ပညာရေးဝန်ကြီး နာမကျန်းဖြစ်နေတဲ့အတွက် လုပ်ငန်းတွေ အရှိန်အဟုန်မပျက် အကောင်အထည်ဖော်နိုင်ဖို့ ကျွန်တော့်ကို စတင်တာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီအချိန်က နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းကိုးဖွဲ့နဲ့ ပြည်တွင်း ပြည်ပ ပညာရှင်တွေက ဘက်စုံလွှမ်းခြုံနိုင်တဲ့ ပညာရေးကဏ္ဍ လေ့လာသုံးသပ်မှု (Comprehensive Education Sector Review) အဆင့် (၁) ပြုလုပ်ပြီးချိန်ဖြစ်ပါတယ်။ အဆင့်(၁) အကဲဖြတ်ရရှိချက်အပေါ်မှာ ထောက်ခံအကြံပြုချက်တွေထဲမှာ အမျိုးသားပညာရေးမူဝါဒနဲ့ ဥပဒေရေးဆွဲဖို့ အကြံပြုချက်နဲ့ ကဏ္ဍအလိုက် အကြံပြုချက်တွေပါရှိတဲ့အတွက် အဲဒီ အကြံပြုချက်တွေပေါ်မှာ မူတည်ပြီးပညာရှင်အကြံပေးအဖွဲ့၊ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု (CESR) အဖွဲ့နဲ့ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (Working Groups) ၁၈ ဖွဲ့တို့က တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက တိုင်းရင်းသားလူမျိုးစုတွေအပါအဝင် နိုင်ငံရေးပါတီ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေစတဲ့ Stakeholders စုံစုံလင်လင်နဲ့ အချိန်ကာလ ငါးလခန့် အချိန်ယူပြီး ဆွေးနွေးညှိနှိုင်းပြီးမှ အမျိုးသားပညာရေးဥပဒေကို ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းတဲ့ကာလတွေမှာလည်း ဒေါက်တာသိန်းလွင်ဦးဆောင်တဲ့ နိုင်ငံလုံးဆိုင်ရာ ပညာရေး ပြုပြင်ပြောင်းလဲမှု ကွန်ရက်(NNER)နဲ့ ဆရာအဖွဲ့အစည်း၊ ကျောင်းသား အဖွဲ့အစည်းတွေ ပါဝင်ခဲ့ပါတယ်။

အထက်ကနေ အောက်ကိုသွားတဲ့ပုံစံမျိုး မဟုတ်ဘဲ Stakeholders အားလုံးနဲ့ ကျယ်ကျယ်ပြန့်ပြန့် စတင်ဆွေးနွေးပြီးတော့မှ ဒီဆွေးနွေးချက်ရလဒ်တွေအပေါ် အခြေပြုတဲ့ မူဝါဒတွေ၊ လုပ်ငန်းတွေ ချမှတ်တဲ့လုပ်ငန်းကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ကစပြီး အစိုးရဟာ ဘာပဲလုပ်လုပ် ပြည်သူတွေနဲ့၊ ပညာရှင်တွေ အကုန်လုံးပါဝင်တဲ့ Stakeholders အားလုံးနဲ့ ဆွေးနွေးပြီးတော့မှ ဆောင်ရွက်တဲ့ စီမံခန့်ခွဲမှုပုံစံ ပြည်သူတွေပူးပေါင်းပါဝင်တဲ့ အုပ်ချုပ်မှုစနစ်ကို တဖြည်းဖြည်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

အမျိုးသားပညာရေးဥပဒေကြမ်းရေးဆွဲရာမှာလည်း တိုင်းဒေသကြီး/ပြည်နယ် ဆွေးနွေးပွဲ၊ အမျိုးသားအဆင့် ဆွေးနွေးပွဲတွေကို ငါးလလောက်လုပ်ပါတယ်။ Stakeholders အားလုံးနဲ့ အချိန်ယူပြီး လုပ်ပါတယ်။ အစိုးရရဲ့ စီမံခန့်ခွဲမှုပုံစံ ပညာရေးဝန်ကြီးဌာန သက်သက်ကပဲ ရေးဆွဲတဲ့ပုံစံမဟုတ်ပါဘူး။
အမျိုးသားပညာရေးဥပဒေဟာ ပညာရေးဝန်ကြီးဌာနက သူ့ဘာသာသူ ရေးဆွဲခဲ့တာမဟုတ်ပါဘူး။ CESR ခေါ်တဲ့ ဘက်စုံလွှမ်းခြုံတဲ့ ပညာရေးလေ့လာသုံးသပ်မှု ပြည်တွင်းပြည်ပ ပညာရှင်တွေကနေပြီးတော့မှ၊ အားလုံး Frame တည်ပြီးတော့မှ၊ မူဘောင်တည်ပြီးတော့မှ အဲဒီကနေ အကြံပြုထောက်ခံချက်တွေအပေါ်မှာ မူတည်ပြီးတော့မှ မူဘောင်ရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဲဒီမူဘောင်ကို တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့်ချပြပြီးတော့မှ အားလုံးစကားလုံးအသုံးအနှုန်းတွေက အစ ကျွန်တော်တို့ အချိန်ယူညှိနှိုင်းပြီး NNER အပါအဝင်

ဒေါက်တာမြင့်သိန်း
အမျိုးသားအကြံပေးပညာရှင် (CESR)

အကုန်လုံး ၉၀ ရာခိုင်နှုန်းလောက် သဘောတူပြီးတော့မှ အစိုးရအဖွဲ့ကနေတစ်ဆင့် လွှတ်တော်တင်သွင်းခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေး ဥပဒေကိုရေးဆွဲတင်ပြတာမျိုး မဟုတ်ပါဘူး။ ပြည်တွင်းပြည်ပ ပညာရှင်တွေရဲ့ လေ့လာသုံးသပ် ညှိနှိုင်းမှုကပေါ်ထွက်လာတဲ့ ဘက်စုံလွှမ်းခြုံတဲ့ ပညာရေးလေ့လာသုံးသပ်မှု မူဘောင်အတွင်းက ပါဝင်သင့်ပါဝင်ထိုက်တဲ့ အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေနဲ့ အချိန်ယူဆွေးနွေး ညှိနှိုင်းပြီး ရေးဆွဲတင်ပြခဲ့တာ ဖြစ်ပါတယ်။

မေး။ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ပေးဖို့ ကျောင်းသားတွေရဲ့ အဓိက တောင်းဆိုချက်တွေနဲ့ အစိုးရဘက်က ဆက်လက်ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေကို သိပါရစေ။

ဖြေ။ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးနဲ့ စပ်လျဉ်းပြီး ကျောင်းသားတွေ အဓိက တောင်းဆိုတဲ့ အချက်(၁၁) ချက်ရှိပါတယ်။ ဒီတောင်းဆိုချက် (၁၁) ချက်ထဲမှာ အချို့အချက်တွေကို ပညာရေးဝန်ကြီးဌာနက လိုက်လျောပြင်ဆင်ပေးနိုင်ပါတယ်။ အချို့အချက်တွေကတော့ ပညာရေးဝန်ကြီးဌာနနဲ့ အစိုးရပိုင်းက ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်ရှိတဲ့ အတိုင်းအတာထက် ကျော်လွန်နေတဲ့အတွက် လွှတ်တော်ပိုင်းမှာ ဆက်လက်ဆွေးနွေးပြီး အဆုံးအဖြတ်ပြုရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒီအခြေအနေကိုလည်း ဖေဖော်ဝါရီ ၁ ရက်က စိန်ရတုခန်းမမှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ NNER ကိုယ်စားလှယ်တွေနဲ့ ကျောင်းသားကိုယ်စားလှယ်တွေကို ကျွန်တော်ကိုယ်တိုင်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဥပမာအားဖြင့် ပညာရေးအသုံးစရိတ်ကို တစ်နိုင်ငံလုံးအသုံးစရိတ်ရဲ့ ၂၀ ရာခိုင်နှုန်းသတ်မှတ်ရေးကိစ္စနဲ့စပ်လျဉ်းပြီး အစိုးရပိုင်းက ဥပဒေထဲမှာ ထည့်သွင်း ရေးဆွဲညှိနှိုင်း အဆုံးအဖြတ်ပေးဖို့ အခက်အခဲရှိပါတယ်။ အစိုးရကတော့ တစ်နှစ်ထက်တစ်နှစ် ပညာရေးအသုံးစရိတ်ကို တိုးတက်သုံးစွဲသွားဖို့ အစီအစဉ်ရှိပြီး ဖြစ်ပါတယ်။ တခြားနိုင်ငံတွေရဲ့ ပညာရေးဥပဒေတွေမှာလည်း ထည့်သွင်းရေးဆွဲလေ့ မရှိဘူးလို့ ပညာရှင်တွေရဲ့ လေ့လာချက်အရ သိရှိရပါတယ်။

အလားတူ တိုင်းရင်းသားလူမျိုးစုတွေရဲ့ စာပေ၊ ဘာသာစကားနဲ့ပတ်သက်ရင်လည်း ပြဋ္ဌာန်းပြီးတဲ့ဥပဒေ ပုဒ်မ ၄၂၊ ၄၃၊ ၄၄ တို့မှာ ပြဋ္ဌာန်းပါရှိပြီးဖြစ်ပေမယ့် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ် ထည့်သွင်းပြင်ဆင်ရေးကိုတော့ ဥပဒေပြု အဖွဲ့အစည်းဖြစ်တဲ့၊ တိုင်းရင်းသားအဖွဲ့အစည်း ကိုယ်စားလှယ်တွေပါတဲ့ လွှတ်တော်မှာ ထပ်မံဆွေးနွေးညှိနှိုင်းပြီးမှ ဆုံးဖြတ်သင့်တဲ့ ကိစ္စဖြစ်ပါတယ်။

ဒါကြောင့် ကျောင်းသားတွေရဲ့တောင်းဆိုချက် (၁၁) ချက်အားလုံးကို ခြုံပြောရရင် ပြင်မပေးဘူးဆိုတဲ့ အနေအထားမရှိပါဘူး။ ဆွေးနွေးပြီးတော့မှ ပြင်ဆင်သင့်တာတွေကို အကုန်လုံး ပြင်ဆင်ပေးမယ်။ တချို့စကားလုံးအသုံးအနှုန်းတွေကိုကျတော့ ပြန်လည်ပြီးမှ သက်ဆိုင်ရာ တိုင်း

ဦးတင်နိုင်သိန်း
ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန

ရင်းသားလူမျိုးစုတွေ၊ ပညာရှင်တွေနဲ့ ဆွေးနွေးရမယ့် အချက်တွေဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အခုရက်ပိုင်းမှာ ထပ်မံပြီးတော့မှ ဆွေးနွေးပွဲတွေ ပြန်လည်စတင်ဖို့ညှိနှိုင်းနေပြီဖြစ်ပါတယ်။ မကြာခင်လည်း ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဆွေးနွေးရင်း တစ်ဖက်နဲ့တစ်ဖက် အမြင်နဲ့ နားလည်မှုတွေ ပိုပြီးတော့ ရရှိလာပြီးတော့မှ ကျောင်းသားတွေရဲ့ ရည်မှန်းချက်ဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးရာ အောင်မြင်သွားမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတော်သမ္မတကလည်း ကျောင်းသားတွေတောင်းဆိုတဲ့ အမျိုးသားပညာရေး ဥပဒေပြင်ဆင်ရေးကိစ္စမှာ ပြင်နိုင်တာတွေပြင်ပေးဖို့ မူအားဖြင့် သဘောတူပြီး လွှတ်တော်ကို သဝဏ်လွှာပေးပို့ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအစိုးရ၊ လွှတ်တော်၊ NNER နဲ့ ဒီမိုကရေစီပညာရေး လှုပ်ရှားမှုဦးဆောင်ကော်မတီတို့ ဆက်လက်ဆွေးနွေးမယ့် အစီအစဉ်မှာ တစ်ဖက်နဲ့တစ်ဖက် အမြင်နဲ့နားလည်မှုတွေ ပိုမိုရရှိလာမယ်လို့ ယုံကြည်ပါတယ်။

မေး။ ကျောင်းသားတွေ ဆန္ဒပြတောင်းဆိုမှုနဲ့ပတ်သက်ပြီး ဝန်ကြီးအနေနဲ့ ဘာများ ပြောကြားလိုပါသလဲ။

ဖြေ။ နိုင်ငံတော်သမ္မတအနေနဲ့ကလည်း အမျိုးသားပညာရေး ဥပဒေကို ပြန်လည်ပြင်ဆင်ပေးဖို့ လွှတ်တော်ကို သဝဏ်လွှာပို့ပြီး ဖြစ်ပါတယ်။ လွှတ်တော်ကလည်း ပြင်ပေးမယ်ဆိုပြီး ပြင်ဆင်တဲ့ဥပဒေကြမ်း အမြန်တင်ဖို့ ပြန်ကြားပြီး ဖြစ်ပါတယ်။ ဇန်နဝါရီ ၂၈ ရက်က တွေ့ဆုံပွဲမှာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးက ကျောင်းစာမေးပွဲရှိတဲ့အတွက် ဆွေးနွေးပွဲ မြန်မြန်ပြီးလိုတဲ့အကြောင်း ပြောခဲ့တာရှိပါတယ်။ ဒါကြောင့် ဆက်လက်ဆွေးနွေးလိုတဲ့အချက်ကို မြန်မြန်ဆွေးနွေးပြီး ပြင်ဆင်တဲ့ဥပဒေကြမ်းကို မြန်မြန်ပြင်နိုင်အောင် လွှတ်တော်ကိုပို့ပြီး လွှတ်တော်မှာ ဆက်လက်ဆွေးနွေးစရာရှိတာ ဆက်လက်ဆွေးနွေးခွင့်ရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဦးအောင်မင်းနဲ့ ကျောင်းသားတွေ မူလကသဘောတူထားတဲ့ သပိတ်စစ်ကြောင်းတွေ ရပ်တန့်ပြီး အေးချမ်းစွာ ပညာသင်ကြားရေးနဲ့ စာမေးပွဲတွေ ဖြေဆိုနိုင်ဖို့အတွက် မိဘပြည်သူတွေနဲ့ ဆရာတွေ၊ ကျောင်းသားတွေက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံ ပြောကြားလိုပါတယ်။

ဒေါက်တာဇော်မင်းအောင်
ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

မေး။ ပညာရေးဝန်ကြီးဌာနက Stakeholders အားလုံးနဲ့ ဆွေးနွေးညှိနှိုင်းပြီး ရေးဆွဲတင်ပြလိုက်တဲ့ အမျိုးသားပညာရေးဥပဒေကို လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပြီးကာမှ ကျောင်းသားတွေက ပြင်ဆင်ပေးရေးတောင်းဆိုတာ ဘာကြောင့်လဲဆိုတာ သိပါရစေ။

ဖြေ။ ပညာရေးဝန်ကြီးဌာနက ရေးဆွဲတဲ့ အမျိုးသားပညာရေး ဥပဒေကြမ်းကို လွှတ်တော်ကို တင်သွင်းစဉ်အခါက စောစောက ပြည်ထောင်စုဝန်ကြီး ပြောသလိုပဲ Stakeholders တွေ အားလုံးနဲ့ဆွေးနွေး ရေးဆွဲထားတာဖြစ်ပါတယ်။ ဒီလို ဆွေးနွေးရာမှာ သဘောတူညီမှုရရှိထားတာက ၉၀ ရာခိုင်နှုန်းရှိပြီးတော့ မူဘောင်ကျော်လွန်တဲ့ ၁၀ ရာခိုင်နှုန်းကတော့ လွှတ်တော်မှာ ဆက်လက်ဆွေးနွေးဖို့လျာထားပြီး ဥပဒေကြမ်း တင်ခဲ့တာဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနက တင်သွင်းတဲ့ မူကြမ်းနဲ့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက ရေးဆွဲတဲ့မူကြမ်း နှစ်ခုကိုပေါင်းစပ်ညှိနှိုင်းပြီးတဲ့နောက် ပြည်သူ့လွှတ်တော် နဝမအကြိမ် ပုံမှန်အစည်းအဝေးမှာ

ဒေါက်တာဇော်မင်းအောင်
ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

ပြင်ဆင်ချက်တွေနဲ့ အတည်ပြုပြီး အမျိုးသားလွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ NNER မှ တာဝန်ရှိသူတွေနဲ့ ၂၀၁၄ ခုနှစ် မေလ တတိယပတ်အတွင်းမှာ တွေ့ဆုံဆွေးနွေးပြီးနောက် အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ပြင်ဆင်ချက်တွေနဲ့ အတည်ပြုခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်ကို ပြန်လည်ပေးပို့ခဲ့ပါတယ်။

အဲဒီနေရာမှာ လွှတ်တော်နှစ်ရပ်ကြား သဘောထားကွဲလွဲချက်တွေကို ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ဆွေးနွေးခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း လွှတ်တော်က သက်ဆိုင်ရာကော်မတီတွေနဲ့ တာဝန်ရှိသူတွေဟာ အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပြီးမှ သဘောထားကွဲလွဲချက်တွေကို ပြည်ထောင်စုလွှတ်တော်မှာဆွေးနွေးဆုံးဖြတ် အတည်ပြုခဲ့ကြပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ဖို့နိုင်ငံတော်သမ္မတထံကို ပေးပို့ခဲ့ပြီး နိုင်ငံတော်သမ္မတကလည်းပြင်ဆင်ချက် ၂၅ချက်နဲ့အတူ ပြည်ထောင်စုလွှတ်တော်ကို ပြန်လည်ပေးပို့ခဲ့ပါတယ်။

နိုင်ငံတော်သမ္မတရဲ့ သဘောထားမှတ်ချက်တွေကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးကြတဲ့အခါ ၁၉ ချက်ကိုသာ နိုင်ငံတော်သမ္မတရဲ့မှတ်ချက်အတိုင်း ပြင်ဆင်ဖို့ သဘောတူပြီး ခြောက်ချက်ကိုတော့ ပြည်ထောင်စု လွှတ်တော် အတည်ပြုချက်အတိုင်းသာ ထားရှိခဲ့ပါတယ်။ ဥပဒေအဖြစ်နောက်ဆုံး အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ အမျိုးသားပညာရေးဥပဒေကို ဆန်းစစ်ကြည့်မယ်ဆိုရင် ပညာရေးဝန်ကြီးဌာနက ကနဦး တင်ပြခဲ့တဲ့ ဥပဒေကြမ်း ၅၄ ရာခိုင်နှုန်းသာ ပါဝင်ပြီးတော့ ကျန် ၄၆ ရာခိုင်နှုန်းဟာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် အသီးသီးရဲ့ ပြင်ဆင်ပြဋ္ဌာန်းချက်တွေဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနက မူလတင်သွင်းတဲ့ ဥပဒေကြမ်းမှာ Stakeholders တွေရဲ့ ၉၀ ရာခိုင်နှုန်း သဘောတူညီချက်တွေပါဝင်ပေမယ့် နောက်ဆုံးအတည်ပြုလိုက်ချိန်မှာတော့ မူလတင်တာရဲ့ ငါးဆယ်ရာခိုင်နှုန်းကျော်သာ ရှိတော့တဲ့အတွက် ပညာရေးဝန်ကြီးဌာနနဲ့ Stakeholders တွေ သဘောတူညီထားတဲ့ အချက်အချို့ကျန်ခဲ့နိုင်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် သူတို့ပြောတဲ့ အချက်တွေအကုန်ပါမလာဘူးဆိုတဲ့ Issue ဖြစ်လာ တယ်လို့ သုံးသပ်ရပါတယ်။

စာမျက်နှာ ၁၁ သို့

ပြည်တွင်းရေးရာ

စာမျက်နှာ ၁၀ မှ

မေး။ ပြီးခဲ့တဲ့ နိုဝင်ဘာလကကျောင်းသားတွေက အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးကိစ္စ ရက်ပေါင်း ၆၀ အတွင်း ဆောင်ရွက်ပေးဖို့ တောင်းဆိုမှုအပေါ် ပညာရေးဝန်ကြီးဌာနနဲ့ အစိုးရဘက်ကဆောင်ရွက်ပေးမှု အခြေအနေ သိပါရစေ။

ဖြေ။ ပြီးခဲ့တဲ့နှစ် ကျောင်းသားတွေ စတင်ဆန္ဒပြတဲ့အချိန်မှာ နိုဝင်ဘာလ ၁၆ ရက်နေ့ကတည်းက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နဲ့အဖွဲ့ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးတန်ဆောင်းမှာ ကျောင်းသားတွေနဲ့တွေ့ဆုံဖို့ စေလွှတ်ခဲ့ပါတယ်။ ဝန်ကြီးဌာနမှာဆိုရင် ညွှန်ကြားရေးမှူးချုပ်တွေဟာ လုပ်ငန်းတွေကို အဓိကတာဝန်ယူ အကောင်အထည်ဖော်ရတဲ့ အဆင့်မြင့်အရာရှိကြီးတွေဖြစ်ပါတယ်။ တွေ့ဆုံဖို့စေလွှတ်ရတဲ့ အဓိကအကြောင်းရင်းကတော့ ကျောင်းသားတွေက ဆောင်ရွက်ပေးစေလိုတဲ့ အချက်တွေကို သိရှိနိုင်ဖို့နဲ့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးနိုင်တဲ့ လုပ်ငန်းတွေကို အလျင်အမြန်ဆောင်ရွက်ပေးနိုင်ဖို့ ဖြစ်ပါတယ်။

အမျိုးသားပညာရေးဥပဒေအပေါ်မှာ နိုင်ငံလုံးဆိုင်ရာကျောင်းသားထု အရေးပေါ်အစည်းအဝေးက ထုတ်ပြန်ကြေညာလိုက်တဲ့ သဘောထား(၆)ချက်နဲ့ ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ်နဲ့ အဖွဲ့ကရှင်းပြခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျောင်းသားတွေက အချက်(၄)ချက် ထပ်မံဆွေးနွေးခဲ့ပါတယ်။ အဲဒီဆွေးနွေးတဲ့ အချက်တွေအပေါ်မှာလည်း ပြန်လည်ဆွေးနွေးခဲ့ပြီး ဥပဒေတွေရေးဆွဲရာမှာ အရင်ကလည်း ဖိတ်ခေါ်ခဲ့သလို အခုလည်း ဖိတ်ခေါ်ဆွေးနွေးခဲ့ပါတယ်။

ဒီလိုဆွေးနွေးနေချိန်မှာ ဒီမိုကရေစီပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီဝင်ဆိုသူတွေက သူတို့အဖွဲ့ဟာ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ပေးဖို့နဲ့ အဲဒီအချက်ကို အာမခံနိုင်မှသာဆွေးနွေးမှာဖြစ်ကြောင်း၊ ပြင်ဆင်ဖို့အတွက် လွှတ်တော်ကိုတင်ဖို့ သူတို့ဆီမှာလမ်းကြောင်းရှိကြောင်းနဲ့ ကြားခံပွဲစား မလိုကြောင်း၊ ဆွေးနွေးမယ်ဆိုရင် အစိုးရအဖွဲ့၊ လွှတ်တော်၊ NNER နဲ့သူတို့အဖွဲ့ တွေ့ဆုံဆွေးနွေးဖို့သာလိုပြီး အခုလာရောက်သူတွေနဲ့ ဆွေးနွေးလို့ အဖြေထွက်မှာမဟုတ်တဲ့အတွက် ဆွေးနွေးပွဲကို ရုပ်သိမ်းကြောင်းပြောပြီးတော့ ဆန္ဒပြသပိတ်မှောက်တာကို နိုဝင်ဘာ ၁၈ ရက်အထိဆက်လက် ပြုလုပ်ခဲ့ကြပါတယ်။

အဲဒီနောက် ရက်ပေါင်း ၆၀ အတွင်း အစိုးရအနေနဲ့ တုံ့ပြန်မှုတစ်စုံတစ်ရာမရှိရင် တစ်နိုင်ငံလုံးမှာ ကျောင်းသားသပိတ်တွေ ဆင်နွှဲသွားမယ်လို့ ကြေညာချက် ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

ဒီနေရာမှာတင်ပြလိုတာက ဥပဒေပြုရေးအပိုင်းနဲ့ ပတ်သက်ပြီးပြဋ္ဌာန်းတာ၊ ပြင်ဆင်တာစတဲ့ ဥပဒေပြုအာဏာဟာ လွှတ်တော်မှာသာရှိပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားပညာရေးဥပဒေနဲ့ ပတ်သက်ပြီးတောင်းဆိုထားတဲ့ အချက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် နိုင်ငံတော်သမ္မတထံ ရှင်းလင်းတင်ပြခဲ့ပါတယ်။ နိုင်ငံတော်သမ္မတအနေနဲ့လည်း ကျောင်းသားတွေ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးနဲ့ ပညာရေးတိုးတက်မှုကို ရှေးရှုပြီး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးစတင်ကျင်းပတဲ့ ၁၉-၁-၂၀၁၅ ရက်မှာပဲ အမျိုးသားပညာရေးဥပဒေပြင်ဆင်နိုင်ဖို့ကိစ္စနဲ့ပတ်သက်ပြီး သဝဏ်လွှာပေးပို့ခဲ့ပါတယ်။

ရက်ပေါင်း ၆၀ က ၁၈-၁-၂၀၁၅ ရက်နေ့မှာပြည့်တာဖြစ်ပေမယ့် ဥပဒေပြုတာ၊ ပြင်ဆင်တာကိစ္စများနဲ့ပတ်သက်ရင် ဥပဒေပြုအာဏာရှိတဲ့ လွှတ်တော်ကသာ ဆောင်ရွက်နိုင်တာဖြစ်တဲ့အတွက် လွှတ်တော်အစည်းအဝေးတွေ စတင်ကျင်းပတာနဲ့ တစ်ပြိုင်နက် နိုင်ငံတော်သမ္မတက သဝဏ်လွှာပေးပို့ခဲ့တာဖြစ်ပါတယ်။

မေး။ ဖေဖော်ဝါရီ ၃ ရက်နေ့က ဆွေးနွေးပွဲရွှေ့ဆိုင်းလိုက်ရတဲ့ အကြောင်းရင်းနဲ့ ရွှေ့ဆိုင်းထားတဲ့ ဆွေးနွေးပွဲ ပြန်လည် စတင်ရေးဆောင်ရွက်မယ့် အခြေအနေတွေကိုလည်း သိရှိလိုပါတယ်။

ဖြေ။ ကျွန်တော်တို့ ဖေဖော်ဝါရီ ၃ ရက်နေ့က ဆွေးနွေးပွဲကိုတစ်ဖက်သတ်ရပ်ဆိုင်းတယ်လို့လည်း ပြောဆိုနေကြတာတွေ ရှိတာပေါ့လေ။ အဲဒီ ဖေဖော်ဝါရီ ၃ ရက်က ကျွန်တော်တို့ ဒီပညာရေးဝန်ကြီးဌာနမှာ ပြီးတော့ ပညာရေးဝန်ကြီးဌာနရယ်၊ လွှတ်တော်ဘက်ကရယ်၊ NNER ရယ်၊ နောက်တစ်ခါ ကျောင်းသားတွေရယ် တွေ့ဆုံဖို့ မနက် ၉ နာရီမှာစတင်ဖို့ ရည်ရွယ်ထားခဲ့တာ ဖြစ်ပါတယ်။ ၉ နာရီထိုးတော့ ကျွန်တော်တို့ အားလုံး ဒီပညာရေးဝန်ကြီးဌာနက လူတွေရယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေရယ် ရောက်ရှိပြီး အဲဒီအချိန်မှာတော့ ကျွန်တော်တို့ ဒီကျန်တဲ့အဖွဲ့တွေကတော့ ရောက်မလာခဲ့သေးပါဘူး။

နောက်မှ သိရတာကရောက်လာတဲ့အခါမှာလည်း ပထမတော့ ၁၅ ဦးစီတွေ့ ကြမယ်ဆိုတဲ့အတိုင်းသဘောတူခဲ့တာဖြစ်ပါတယ်။ ၁ ရက်နေ့က သဘောတူခဲ့တဲ့အတိုင်း ၁၅ ဦးစီတက်မယ်ဆိုပြီးတော့ ညှိနှိုင်းသဘောတူခဲ့ပြီးတော့ ရောက်လာတဲ့အခါမှာတော့ သူတို့က ၁၅ ဦးထက်များတဲ့ အဖွဲ့တွေနဲ့ ရောက်ရှိလာတာဖြစ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ ညှိနှိုင်းပြီး ဆွေးနွေးပြီးတော့ အစည်းအဝေးခန်းရဲ့နေရာ အဲဒါနဲ့ကိုက်ပြီးတော့ နောက်ထပ် ငါးဦးစီသူတို့ကို ကျွန်တော်တို့ထပ်မံပြီးတော့ ဒါဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ အဲလိုနဲ့ ညှိနှိုင်းဆွေးနွေးနေရင်း ၁၁ နာရီ ၄၅ လောက်ထိရောက်သွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ၉ နာရီလောက်ကစခဲ့တာက ၁၁ နာရီ ၄၅ မိနစ်လောက်ရောက်တဲ့အခါမှာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကနေ အားလုံးကိုခေါ်ပါတယ်။ ကျွန်တော်တို့ရော၊ NNER အဖွဲ့ဝင်တွေရော၊ နောက်တစ်ခါ ကျောင်းသားကိုယ်စားလှယ်တွေရောခေါ်ပြီးတော့မှ အသေးစိတ်လည်းရှင်းပြပါတယ်။ အဲ့ဒီအခါမှာဘာလဲဆိုတော့ NNER မှာ ဘယ်သူက ကိုယ်စားပြုလဲဆိုတာလေး ရှိသလို ကျောင်းသားတွေမှာ ဘာလဲအားလုံးကို ကိုယ်စားပြုတဲ့လူတွေရှိတယ်။ ကြိုတင်ပြင်ဆင်မှုတွေလည်း အများကြီးရှိသေးတဲ့အတွက် ဝန်ကြီးဦးအောင်မင်း ကိုယ်တိုင် ဒါတွေဟာ အသေးစိတ်တွေ ဆွေးနွေးပြီးတော့မှ ဆက်လက်ကျင်းပသွားမှာဖြစ်တယ်။

ဒါကြောင့်မို့ အချက်အလက်တွေရအောင် ဆက်လက်ဆွေးနွေးကြမယ်။ အဲ့တော့ တစ်ဖက်သတ်ရပ်ဆိုင်းတယ်ဆိုတာမဟုတ်ပါဘူး။ ဒါက သက်သက်ပါ။ ကျွန်တော်တို့ ၃ ရက်နေ့ကရွှေ့ဆိုင်းလိုက်ရတာကို ရှင်းပြတာဖြစ်ပါတယ်။ အဲ့နောက်ပိုင်းမှာတော့ ကျွန်တော်တို့ ရွှေ့ဆိုင်းထားတဲ့ ဆွေးနွေးပွဲတွေ ပြန်လည်စတင်ရေးဆောင်ရွက်မယ့် အခြေအနေနဲ့ပတ်သက်ပြီးပြောရမယ်ဆိုရင် ရန်ကုန်မြို့မှာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ရှင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်က ပါမောက္ခချုပ် ဒေါက်တာအောင်ထွန်းတို့က NNER က ဒေါက်တာသိန်းလွင်၊ ဒေါ်သူသူမာတို့နဲ့ ဖေဖော်ဝါရီ ၆ ရက်နေ့မှာတွေ့ဆုံပြီးတော့ လိုအပ်တဲ့အချက်တွေကို အကြိုညှိနှိုင်းဆွေးနွေးခဲ့သလို ဒီကနေ့ ၉ ရက်နေ့ မွန်းလွဲ ၂ နာရီမှာလည်း ထပ်မံဆွေးနွေးပြီးတော့ ဆွေးနွေးပွဲ အမြန်ဆုံးပြန်လည်ကျင်းပနိုင်ရေးကို ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

ဒေါက်တာမြင့်သိန်း

အမျိုးသားအကြံပေးပညာရှင် (CESR)

မေး။ ဝန်ကြီးရှင်းပြသလိုဆိုရင် အစိုးရအပိုင်းအနေနဲ့ အမျိုးသားပညာရေး ဥပဒေကို ပညာရေးဝန်ကြီးဌာနသက်သက်က ရေးဆွဲလိုက်တာ မဟုတ်ဘဲ ပြည်တွင်းပြည်ပပညာရှင်တွေ၊ အဖွဲ့အစည်းတွေနဲ့ လေ့လာသုံးသပ် တင်ပြပြီးမှ နိုင်ငံတကာစံမီပညာရေးဖြစ်အောင် စနစ်တကျဆောင်ရွက်ခဲ့တယ်လို့သိရပါတယ်။ ဒါပေမယ့် အချို့ဂျာနယ်တွေမှာ ကျောင်းသားတွေက ဆန္ဒပြတောင်းဆိုနေတာကို ကြည့်ခြင်းအားဖြင့် လွှတ်တော်ကအတည်ပြုပြဋ္ဌာန်းလိုက်တဲ့ အမျိုးသားပညာရေး ဥပဒေဟာ တစ်စုံတစ်ရာအမှားအယွင်းနဲ့ အားနည်းမှုရှိနေသလားဆိုပြီး ဝေဖန်ပြောဆိုရေးသားတာတွေ ရှိနေပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး အမြင်ကိုသိပါရစေ။

ဖြေ။ ။ သင်ရိုးညွှန်းတမ်းအကြံပေးပညာရှင်အနေနဲ့ ၂၀၁၃ ခုနှစ်ကတည်းက ဆောင်ရွက်တာ အခုထိပါပဲ။ အစိုးရဝန်ထမ်းမဟုတ်ပါဘူး။ အငြိမ်းစားယူပြီးပါပြီ။ ဒါပေမယ့် ကျွန်တော် မြန်မာနိုင်ငံရဲ့ ပညာရေးကို ၂၇ နှစ်အထိ အမှုထမ်းခဲ့ပါတယ်။ အဲဒီအတွေ့အကြုံတွေကို မူတည်ပြီးတော့ ကျွန်တော်တို့ အကြံပေးနေတာပါ။ ကျွန်တော်တို့ အခု ပညာရေးစနစ်ပြောင်းဖို့ လုပ်တဲ့အချိန်မှာ ၂၀၁၂ကတည်းက စပြီးတော့ CESR ပေါ့၊ ဘက်စုံ လွှမ်းခြုံနိုင်တဲ့ ပညာရေးကဏ္ဍ လေ့လာရေးလုပ်ငန်းဆိုပြီးတော့ ကျွန်တော်တို့ ပညာရေးကဏ္ဍမှာ လေ့လာရေးတွေလုပ်ပါတယ်။ အဲဒီလေ့လာရေးတွေကို ၂၀၁၃ နှစ်ဆန်းပိုင်းမှာ Report တွေ ထွက်ပါတယ်။ အဲဒီသုံးသပ်လိုက်တဲ့အချိန်မှာ ရှိနေတဲ့ အခြေအနေတွေကို နိုင်ငံခြားပညာရှင်တွေလည်း ပါတယ်။ ပြည်တွင်းပညာရှင်တွေလည်း ပါပါတယ်။ ကျွန်တော်တို့က နိုင်ငံခြားပညာရှင်ချည်းပဲ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေကိုမသိဘဲနဲ့ သုံးသပ်တာမျိုးလည်း ကျွန်တော်တို့ လက်မခံပါဘူး။ နိုင်ငံခြားပညာရှင်တွေ အမြင်လည်းပါတယ်။ အဲဒီအမြင်တွေအပေါ် မူတည်ပြီးတော့ Report တွေထွက်လာပါတယ်။ အဲဒီ Report တွေကိုလည်း ဒီအတိုင်း မထားပါဘူး။ ကျွန်တော်တို့ ရန်ကုန်တို့၊ မန္တလေးတို့မှာ ပြည်သူတွေကိုချပြပါတယ်။ ချပြပြီး သူတို့ရဲ့ အကြံပေးချက်တွေအပေါ် မူတည်ပြီးတော့လည်း အဲဒီ Report တွေကို မှတ်တမ်းတင်ပါတယ်။ ရန်ကုန်၊ မန္တလေးအပြင် နေပြည်တော်၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာကလူတွေကိုလည်း ချပြခဲ့ပါတယ်။ သူတို့ရဲ့အမြင်တွေလည်း အကုန်ပြန်ယူပါတယ်။ ယူပြီးတော့ လုပ်တဲ့ဟာ တစ်နိုင်ပေါ့။

အခုကျွန်တော်တို့က Plan ဆွဲတဲ့ အဆင့်ရောက်ပါပြီ။ NESP ခေါ်တာပေါ့။ National Education Sector Plan ပေါ့။ အခု ကျွန်တော်တို့ အဲဒီ Plan တွေဆွဲနေတာက အဲဒီ Plan စာအုပ်ကြီးမှာ Chapter ၁၄ ခုပါမယ်လို့ ကျွန်တော်တို့ မှန်းထားပါတယ်။ အဲ့ဒီမှာ သူ့ကဏ္ဍအလိုက်ပါပါမယ်။ အာဆီယံ Standard တွေကို အကုန်ပြန်ကြည့်ပြီးတော့မှ NESP ထဲမှာ အကုန်လုံး ထည့်ရေးထားတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးကို အဲဒီ Plan ကြီးနဲ့ ကမ္ဘာ့စံချိန်မီအောင်၊ အာဆီယံ စံချိန်မီအောင် ကျွန်တော်တို့သွားဖို့ ကြိုးစားနေတာ။ အဲဒီလိုလုပ်နေတဲ့အချိန်မှာ အခုလိုဒီနေ့လို ပါလာတဲ့ဟာကို ဖတ်လိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ မြန်မာနိုင်ငံ ပညာရေးစနစ်ဟာ တစ်စုံတစ်ရာမှားယွင်းနေပြီဆိုတာ သုံးသပ်မိတယ်ဆိုတာကတော့။ သူ့အမြင်သူ ပြောလို့ရ တာပေါ့လေ။ ကျွန်တော့်အမြင် ပြောရရင်တော့ ကျွန်တော်တို့ ပညာရေးစနစ် တစ်စုံတစ်ရာမှားယွင်းနေတယ်။ မနေတယ်ဆိုတဲ့ သူ့အမြင်ကို ကျွန်တော် ဘာမှ မဝေဖန်လိုဘူး။ ကျွန်တော်တို့ လုပ်နေတာသည် အခုမှလုပ်တာ မဟုတ်ဘူး။ လွန်ခဲ့တဲ့ သုံးလေးနှစ်ကတည်းက ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်ကို ပြန်လည် သုံးသပ်ပြီးတော့ ကျွန်တော်တို့လုပ်နေတာ။ ဥပဒေတွေဆွဲနေတာ။ ကျွန်တော်တို့နိုင်ငံ ပညာရေးအဆင့်ကိုသူများပြောလို့ လုပ်တာမဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ တို့တစ်တွေ လိုအပ်နေပြီ။ တို့ပညာရေးစနစ်တော့ မြှင့်တင်ဖို့လိုတယ်ဆိုပြီးတော့ သုံးသပ်ချက်နဲ့ လုပ်နေကြတာပါ။

ကျွန်တော် ပညာရှင်တစ်ယောက်အနေနဲ့ ပြောရရင် ဂုဏ်နဏ မသိဘဲနဲ့ သုံးသပ်ချက်မျိုးကို ကျွန်တော်က ဘာမှမဝေဖန်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ဘာလုပ်နေတယ် ဆိုတာကိုပဲ ကျွန်တော် တင်ပြတာပါ။ အချုပ်ပြောရရင်တော့ ကျွန်တော်တို့ အခုမှလုပ်တာမဟုတ်ဘူး။ လွန်ခဲ့တဲ့ သုံး၊ လေးနှစ်ကတည်းက လုပ်နေတယ်။ ၂၀၁၃ အောက်တိုဘာလကတည်းက နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်နဲ့ ပညာရေးလက်တွေ့ကျတဲ့ဟာတွေ လုပ်ဖို့လိုပြီဆိုကတည်းက ကျွန်တော်တို့ စိန်ရတုမှာ ဆက်တိုက်လုပ်ခဲ့တယ်။ မူဝါဒတွေဆွဲခဲ့တယ်။ ဥပဒေတွေ ဆွဲခဲ့တယ်။ အဲဒီဥပဒေတွေဟာလည်းပဲ ဘယ်ဥပဒေပဲဖြစ်ဖြစ် အမြဲတမ်းတော့ ဘာလုပ်လုပ်ပေါ့ Perfecting ဆိုတာတော့ ရချင်မှရမယ်။ ဒါပေမယ့် ကျွန်တော် အာမခံနိုင်တာက ကျွန်တော်တို့ စေတနာနဲ့လုပ်တယ်။ ကျွန်တော်တို့နိုင်ငံအတွက် အကောင်းဆုံးဖြစ်မယ့်ဟာတွေ လုပ်တယ်။ အဲဒီအချိန်မှာ အလို၊ အပိုရှိရင်လည်း ညှိနှိုင်းပြီးတော့ အဖြေရှာဖို့ပဲရှိတယ်။ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးဖို့ကို အားသွန်ခွန်စိုက်လုပ်နေတဲ့အချိန်မှာ အငြင်းပွားမနေကြပါနဲ့။ ကျွန်တော်တို့ ဝိုင်းလုပ်ကြပါလို့ပဲ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ ။

❑❑❑

(၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ တောင်ကြီးမြို့၌ ကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၉

(၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံမှ (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဖတ်ကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှ (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က ဖတ်ကြားကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများအား ဆုချီးမြှင့်ရာ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆု ပထမရရှိသော တောင်ကြီးမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုထူးချွန်တောင်သူလယ်သမား တောင်ကြီးမြို့နယ် သံတဲကျေးရွာမှ ဦးကျော်ဇော၊ မွေးမြူရေး ထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆု ပထမရရှိသော တောင်ကြီးမြို့နယ် နမ့်ကွတ်ကျေးရွာမှ ဒေါက်တာသိန်းစိန်၊ တန်ဖိုးမြှင့်ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် Myanmar Belle Co.,Ltd. စီးပွားရေးလုပ်ငန်းရှင် စွမ်းဆောင်ရည်ဆုရရှိသော တောင်ကြီးခရိုင် ကလောမြို့နယ် ဝါးရုံပင်ကျေးရွာမှ ဦးရဲမြင့်မောင်၊ မြန်မာ့ရိုးရာ ကြေးသွန်းအနုပညာထူးချွန် ဂုဏ်ထူးဆောင်ရရှိသော တောင်ကြီးမြို့နယ်မှ ဦးဝင်းမောင်အား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO က ချီးမြှင့်သည့် တောင်သူလယ်သမားထူးချွန်ဆုရရှိသော လားရှိုးခရိုင် လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာမှ ဒေါ်ရန်ကျောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO က ချီးမြှင့်သည့် စပါးအထွက်နှုန်းအကောင်းဆုံးရရှိသော မူဆယ်ခရိုင် မူဆယ်မြို့နယ် နောင်လောင်းကျေးရွာမှ ဦးစိုင်းဆိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်တောသူအလှမယ်ဆုရရှိသော တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ရွှေရန်ပြေကျေးရွာမှ မကြည်ဝင်း၊ ပြည်နယ်အဆင့် စိုက်ပျိုးထုတ်လုပ် လုပ်ငန်းရှင်ဆုရရှိသော တောင်ကြီးခရိုင် ကလောမြို့နယ်မှ ဦးအောင်သန်းကျော်၊ ပြည်နယ်အဆင့် လူမှုထူးချွန်ဆုရရှိသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ပင်းတယမြို့နယ်မှ ဒေါက်တာသန်းမင်းထွဋ်၊ ပြည်နယ်အဆင့် ဖွံ့ဖြိုးတိုးတက်မှု ကျေးရွာဆုရရှိသော တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် လွယ်ယင်းမင်္ဂလာကျေးရွာ ကျေးရွာအဆင့် မွေးမြူရေးထုတ်လုပ်မှု အကောင်းဆုံး လူပုဂ္ဂိုလ်ဆုရရှိသော တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် နမ်းဟောင်လိတ်ကျေးရွာအုပ်စု လွယ်စီတုံကျေးရွာမှ ဒေါ်နီနီစိုးတို့အား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် (၆၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့တွင် ခင်းကျင်းပြသထားသော ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

မောင်မောင်သန်း(တောင်ကြီး)

◆◆◆

ဖန်တီးမှုလက်ရာပေါင်းများစွာနှင့် မြန်မာ-နိုင်ငံတကာ ဖက်ရှင်သီတင်းပတ်

ဖက်ရှင်ဆိုသည်မှာ ထူးခြားသည့် ပင်ကိုအရည်အသွေးများကို ပိုင်ဆိုင်ထားသူ တစ်ဦးချင်းစီ၏ ဖန်တီးမှုအနုပညာများအား ဖော်ထုတ်ပြသခြင်းဖြစ်ကြောင်း Star Event Production မှ ဂျွန်လွင်က ပြောကြားခဲ့သည်။

မြန်မာ၏ နိုင်ငံတကာဖက်ရှင်သီတင်းပတ် ၂၀၁၅ ပြပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၈ရက်အထိ ၃ ရက်တိုင် ရန်ကုန်မြို့ Dagon City 1 ၌ ကျင်းပခဲ့ရာ မြန်မာ ဖက်ရှင်လောကနှင့် ပတ်သက်၍ မျှဝေပေးလိုက်ပါသည်။

ထိုပွဲတွင် ကိုဂျွန်လွင်က"ဒီပွဲကို စီစဉ်ဖြစ်သွားတာက ကျွန်တော်တို့ မော်ဒယ်လောက ကြီးထွားလာဖို့လိုသလိုမြန်မာ့ဖက်ရှင်ဒီဇိုင်းလောကလည်း ကြီးထွားလာဖို့လိုပါတယ်။ မော်ဒယ်ဆိုတာ အဝတ်ဒီဇိုင်းတွေ၊ ကုန်ပစ္စည်းတွေကို ကြော်ငြာပေးတဲ့ အလုပ်ကို လုပ်ရတာပါ။ ဒီပွဲမှာ နိုင်ငံတကာက ဒီဇိုင်နာတွေ၊ မော်ဒယ်တွေလည်းပါဝင်ပါတယ်။ သူတို့ဒီဇိုင်းတွေကို ဘယ်လိုဖန်တီးထားလဲ၊ သူတို့အနုပညာလက်ရာတွေက ဘယ်လိုလဲ၊ မော်ဒယ်တွေဆိုလည်း နိုင်ငံတကာက မော်ဒယ်တွေ စင်ပေါ်မှာ လမ်းလျှောက်တာက အစ၊ ဘယ်လောက်ပြည့်စုံကြလဲဆိုတာ ကျွန်တော်တို့ဆီက ဒီဇိုင်နာတွေ၊ မော်ဒယ်တွေ၊ ပရိတ်သတ်တွေကို သိစေချင်တယ်။ ကျွန်တော်တို့နိုင်ငံက အလှမယ်တွေ နိုင်ငံတကာကပွဲတွေမှာ ကြိုးစားပြီး ယှဉ်ပြိုင်ကြပေမယ့် ဆုမရလာကြပါဘူး၊ အလှမယ် တစ်ယောက်က လှနေဖို့တစ်ခုတည်းနဲ့မပြီးဘူး၊ အရည်အချင်းပြည့်စုံနေဖို့က လည်း လိုအပ်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့နောက် ဒီဇိုင်နာမင်းခန့်က

"ကျွန်တော်ဒီနေ့အတွက် ရွေးချယ်ထားတာက မစ်ဂါတီဆိုတဲ့ မိန်းကလေး တစ်ယောက်အကြောင်းပေါ့၊ သူမ အိမ်ထောင်ပြုကွဲသွားတဲ့အတွက် တောထဲကို ထွက်ပြေးတဲ့အခါ သေဆုံးပြီး နတ်သမီးလေးဖြစ်သွားတယ်ဆိုတဲ့ ဇာတ်လမ်းလေးကို မီးခိုးရောင်၊ အဖြူနှင့် အနက်ကာလာတွေကို သုံးပြီးဖန်တီးထားပါတယ်။ တခြားနိုင်ငံက ဒီဇိုင်နာတွေနဲ့ ကွာခြားချက်ကတော့ သူတို့က ဒီဇိုင်းတွေကို လွတ်လပ်စွာတွေးခေါ် ဖန်တီးနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ယဉ်ကျေးမှုကို အလေးထားတဲ့အတွက် ယဉ်ကျေးမှုနှင့်ကိုက်ညီအောင် တစ်ခါတလေ ဘောင်ထဲကပဲ ဖန်တီးရတာမျိုးတွေရှိပါတယ်" ဟု ပြောသည်။

"ဖက်ရှင်ဆိုတာ နာမည်ကြီးတံဆိပ်တွေဝယ်သုံးနိုင်မှ ဖက်ရှင်ကျတာမဟုတ်ပါဘူး၊ ကိုယ်ပိုင်စိတ်ကူးတွေကို ဖန်တီးဝတ်ဆင်တတ်ရင်၊ ကိုယ်ဝတ်လိုက်တဲ့ဝတ်စုံပေါ်မှာ ယုံကြည်ချက်ရှိရင် ဖက်ရှင်ကျတာပါပဲ"ဟု ပွဲလာကြည့်သူ ပရိတ်သတ်အမျိုးသမီး တစ်ဦးကလည်း ပြောသည်။

သူမကပင် "ဒီပွဲမှာ ပြည်ပက မော်ဒယ်တွေ လမ်းလျှောက်တာနဲ့ ကိုယ့်ပြည်တွင်းမော်ဒယ်တွေ လမ်းလျှောက်ပုံကအစ ကွာပါတယ်။ ကိုယ့်နိုင်ငံက မော်ဒယ်တွေ လိုသေးတယ်လို့ မြင်တယ်။ ဒီလိုပွဲမျိုးတွေစီစဉ်ပေးတာ ကောင်းပါတယ်။ အရင်နှစ်တွေကနဲ့ စာရင် ပိုပြီးတော့ ကောင်းလာတယ်။ ဝင်ကြေးအခမဲ့ဆိုတော့ လူတန်းစားအစုံလာကြည့်နိုင်တယ်။ ဒီတော့ မတူတဲ့အမြင်တွေနဲ့ ဒီဇိုင်းတွေကြောင့် ပရိသတ်တွေ ဖက်ရှင်အပေါ်အမြင်ကျယ်စေတယ်။ ဒီတော့ ဆွဲဆောင်မှုရှိပြီး အများက ငေးကြည့်နိုင်ဖို့အတွက် ဖက်ရှင်ကျနေဖို့က အဓိကကျပါတယ်"ဟု သူမအမြင်ကို ပြောပြသည်။

အဆိုပါဖက်ရှင်ပြပွဲကို Star Event Production မှ ဂျွန်လွင်ဦးစီးကာ တတိယအကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်သည်။ ပထမနေ့တွင် ဒီဇိုင်နာ ပင်ဒိုရား၊ မေမြတ်ဝါဆို၊ မိုးကုတ်ပေါက်ပေါက်၊ ဒီဇိုင်နာ ဖြိုးပြည့်တို့က လည်းကောင်း၊ ဒုတိယနေ့တွင် LEE COOPER, BYSI,SPIKE, YESID0, တတိယနေ့တွင် ဒီဇိုင်နာ မင်းခန့်၊ IORA, BOSSINI, DESIGNER DUIS တို့ ပါဝင်ပြသခဲ့ပြီး Star & Model မှ မော်ဒယ်များ၊ Dancer များ၊ ဥရောပမှ မော်ဒယ်များ ပါဝင်ခဲ့ကြသည်။

၎င်းပြပွဲကို အနုပညာရှင်များ၊ ပြည်တွင်းပြည်ပ ဒီဇိုင်နာများ၊ပရိသတ်များ စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(ခင်ဇာလီ)**

၂၀၁၅ ဂရမ်မီဆုပေးပွဲတွင် ဘီယွန်စေးဆုသုံးဆုရရှိ ဂရမ်မီသမိုင်းတွင် အများဆုံးနာမည်စာရင်းတင်သွင်းခြင်းခံရသူဖြစ်လာ

(၅၇)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်ရှိ စတက်ပဲလ်စ်စင်တာ၌ ကျင်းပခဲ့ရာ ဘီယွန်စေးက ဂရမ်မီဆုသုံးဆုရရှိခဲ့ပြီး ဒုတိယမြောက် ဆုအများဆုံးရရှိသူဖြစ်ခဲ့သည်။ ထို့ပြင် ဂရမ်မီသမိုင်းတစ်လျှောက်လုံးတွင် အများဆုံးနာမည်စာရင်းတွင် တင်သွင်းခြင်းခံရသူလည်း ဖြစ်လာခဲ့သည်။

ဘီယွန်စေးသည် လွန်ခဲ့သော ၁၅ နှစ် (၂၀၀၀ခုနှစ်) ကတည်းက ဂရမ်မီဆုကို ရရှိခဲ့သူဖြစ်သည်။ သူသည် ၂၀၁၄ ခုနှစ်အထိ ဂရမ်မီဆု ၁၇ ဆုကိုရရှိထားပြီး စုစုပေါင်း ၅၂ ကြိမ် ဂရမ်မီဆုအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရသည်။ သူသည် ယခုနှစ် ဂရမ်မီဆုပေးပွဲအတွက် ဆုခြောက်ဆုစာရင်းပေးသွင်းခံထားရကာ ၎င်းတို့အနက်မှ ဆုသုံးဆုရရှိခဲ့ပြီး ဂရမ်မီသမိုင်းတွင် အများဆုံးအမည်စာရင်းပေးသွင်းခံရသောသူနှင့် ဒုတိယအများဆုံး ဂရမ်မီဆုရရှိသူဖြစ်လာခဲ့သည်။ ၂၀၁၅ ဂရမ်မီဆုပေးပွဲတွင် သူရရှိခဲ့သောဆုများမှာ အကောင်းဆုံး အာအန်ဘီသီချင်းဆု (Best R&B Song)၊ အကောင်းဆုံး ဘာအန်ဘီဖျော်ဖြေမှုဆု (Best R & B perfomance)နှင့် Best Surround Sound Album ဆုများ ရရှိခဲ့သည်။

အဒမ်စမစ်သ်သည် ယခုနှစ်တွင် ဂရမ်မီဆုအများဆုံးရရှိသူဖြစ်လာကာ သူသည် စုစုပေါင်း လေးဆုရရှိခဲ့သည်။ ဂရမ်မီသမိုင်း၏ အသက်အငယ်ဆုံးဆုရှင်ဖြစ်သော တေလာဆွစ်ဖ်သည် ကမ်းထရီးသီချင်းများဖြင့် အကောင်းဆုံး ဓာတ်ပြားဆု (Best Record of the Year)ဆုတစ်ခု သာရရှိခဲ့သည်။

ယခုနှစ် ဂရမ်မီဆုပေးပွဲတွင် ဆုပေါင်း ၈၃ ဆုကို ပေးအပ်ခဲ့ပြီး မနှစ်က ၂၀၁၄ ခုနှစ်ထက် တစ်ဆုပိုခဲ့ကြောင်းလည်း သိရသည်။ ဂရမ်မီဆုပေးပွဲကို ၁၉၅၉ ခုနှစ် မေ ၄ ရက်မှ စတင်ကျင်းပခဲ့ပြီး နှစ်စဉ်ဆုများကို တိုးမြှင့်ပေးအပ်လာခဲ့ရာမှ ယခုနှစ်တွင် ၈၃ ဆုအထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

Ref; www.etonline.com **(ခင်ခင်သက်)**



ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၂-၂၀၁၅ (အင်္ဂါနေ့)

MRTV-4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ မေတ္တာသုတ်
၈:၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉:၄၅ အနုပညာမိုးကောင်းကင်
၁၀:၀၀ ခေတ်သစ်ပျိုမေ
၁၀:၅၅ သွားမယ်စားမယ် (The Myths)
၁၁:၂၀ MRTV-4 Stage
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၂၅)
၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၁၉)
၄:၄၅ Road To Myo Kyawt Myaing Virus 3 64 Bit
၆:၀၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၂၀)
၈:၁၅ ရသစုံညွှန်းတမ်းများ
၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့ နှလုံးသား" (အပိုင်း-၁၀၇)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၇၆)
၁၀:၁၀ သုံးရာသီ Myanmar Music Award ဆောင်းရာသီ Myanmar Top Songs
၃:၅၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၄:၃၀ နုယဉ်ဆန်းထွင်ပန်းအလှဆင် (ချစ်သူကောင်လေး ကောင်မလေးများအတွက် ပန်းအလှဆင်ဖန်တီးမှုများ ပြုလုပ်နည်း)

မြဝတီ

၆:၀၃ တရားတော်
၆:၂၀ ဓမ္မပူဇာတေး
၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆:၅၅ မြန်မာသံစဉ်ချိုနားဝင်
၇:၂၅ သင့်အတွက်တစ်နေ့တာ
၈:၁၀ စိုက်ပျိုးသုတ
၈:၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈:၃၅ ခရီးလည်းသွား စကားလည်းဆို
၉:၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၄:၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ အင်္ဂလိပ်စာသုတ
၅:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြမ္မာခါးခါး (အပိုင်း-၃၅)
၆:၃၅ Dream Team
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်ထဲကတော်ဝင်သမားတော် (အပိုင်း-၁၃) -ဟာသရုပ်စုံ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘဝအားမာန်" (အပိုင်း-၄၈)

News Channel

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆:၄၅ 'ထုထည်ကြီးမား ထင်ရှားဧကန် ဓမ္မရုံ'
၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
၈:၅၀ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ ဂုဏ်ပြုအစီအစဉ်
၉:၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀:၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၁:၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၂:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၁၂:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၂၇)
၁:၄၀ ဆိုကြမယ်၊ ပျော်ကြမယ်
၄:၃၅ "နတ်မောက်ဒေသဖွံ့ဖြိုးတိုးတက်ရေး"
၅:၅၀ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၆:၃၅ "One Vision Part-1-B" (ဒုတိယပိုင်း)
၇:၃၅ "စွယ်တော်ပညာကျွန်းသာ" -နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၂၈)

Entertainment Channel

၆:၀၀ အဖွင့် -ဝတ်မှုံတေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၇)
၆:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲက တေးကဗျာ" (အပိုင်း-၃၃)
၆:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲက တေးကဗျာ" (အပိုင်း-၃၄)
၇:၀၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (စန္ဒရားတင်ဝင်းလှိုင်)
၇:၁၅ "ပန်းပင်ကိုပျိုး ပန်းမိုးရွာစေ"
၇:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၅၇)
၈:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်" (အပိုင်း-၅၈)
၈:၅၀ တေးဂီတအစီအစဉ်
၉:၀၀ ပြည်သူ့နီတိ "နှစ်ဖက်ရှုံးအာဃာတ"
၉:၁၀ ဟိုးတုန်းက. . . ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ဇော်နဲ့မော်" (ထက်နေချမ်း၊ ဧငြိမ်းဖြူ၊ ဟိန်းရှိုင်း၊ဆိုင်းဇွန်) [ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)]
၁၀:၁၀ ASEAN CULTURAL FAI 2014
၁၀:၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ညဥ်၏ကမ္ဘည်း" (ပြေတီဦး၊ ထွန်းအိန္ဒြာဗို၊ ချိုပြုံး၊ အောင်ခိုင်၊ ချောရတနာ) (ဒါရိုက်တာ- ကုသိုလ်)
၁၂:၀၀ အစီအစဉ်ပြီး၏။

တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။

လာလီဂါ ရင်ခုန်သံ (၂၃)

လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် ၂၃ ကို ဖေဖော်ဝါရီ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တွေမှာ ကျင်းပသွားဖို့ရှိပြီး အဆိုပါပွဲမတိုင်ခင်မှာ စပိန်ဘုရင့်ဖလား ဆီမီး ကစားခဲ့ရမယ့် ဘာစီလိုနာ၊ ဗီလာရီးယဲလ်၊ အက်စ်ပန်ညို၊ ဘီဘာအိုတို့ ပွဲပန်းနေနိုင်တာ သတိပြုရမှာဖြစ်ပါတယ်။

အယ်မာရီယာ - ဆိုစီဒက် 14-2-15 (2:15 AM)

အယ်မာရီယာခြေသာမန်သာရှိသလို ဆိုစီဒက်ကလည်း အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းမတည်ငြိမ်ပါဘူး။ လက်ရှိအချိန်မှာ အယ်မာရီယာအနေနဲ့ တန်းမဆင်းရဖို့ အမှတ်လည်းလိုနေလို့ အယ်မာရီယာ သရေလောက်ရမှာပါ။

ဆီဗီးလ် - ကော်ဒိုဗာ 14-2-15 (2:15 AM)

စပိန်ဘုရင့်ဖလားပွဲကထွက်ခဲ့ရတဲ့ ဆီဗီးလ်ဟာ လာလီဂါမှာ ဥရောပဝင်ခွင့်ရဖို့ ပိုမိုအားစိုက်လာမှာပါ။ အိမ်ကွင်းမှာဆိုရင်လည်း ဆီဗီးလ်ခြေက ပိုမိုကောင်းမွန်တတ်တာကြောင့် ဒီပွဲဆီဗီးလ်ပဲ အနိုင်ရမယ်။

ရီးယဲလ် - ဒီပို့တီဗို 14-2-15 (11:30 PM)

ရီးယဲလ်အနေနဲ့ ဒီလိုပွဲမျိုးမှာ လက်ရှိကွာဟနေမှုအမှတ်ကို ဆက်ထိန်းနိုင်ဖို့ အမှားခံမှာမဟုတ်ပါဘူး။ ဒီပို့တီဗိုရဲ့ရှန်းအားက အခုနောက်ပိုင်းမဆိုးပေမယ့် ရီးယဲလ်ကသာ အိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ယူသွားမှာပါ။

ဂရန်နာဒါ - ဘီဘာအို 15-2-15 (1:30 AM)

စပိန်ဘုရင့်ဖလားကြောင့် ပွဲပန်းလာမယ့်ဘီဘာအိုဆီကနေ အမှတ်ခွဲယူနိုင်ဖို့ ဂရန်နာဒါကြိုးစားမှာပါ။ လက်ရှိ ဂရန်နာဒါခြေကလည်း မဆိုးတာကြောင့် ဒီပွဲမှာဂရန်နာဒါတို့ သရေလောက် ကစားသွားနိုင်ဖို့ရှိတယ်။

မာလာဂါ - အက်စ်ပန်ညို 15-2-15 (3:30 AM)

မာလာဂါဟာ တိုက်စစ်ပိုင်းကစားပုံအားနည်းတယ်ဆိုပေမယ့် ခံစစ်ပိုင်းကစားပုံကျစ်လျစ်သလို အိမ်ကွင်းဆိုရင် ကစားပုံပိုမိုကောင်းမွန်တတ်တာတွေ့ရတယ်။ အက်စ်ပန်ညိုက အဝေးကွင်း အားနည်းမှုရှိသလို စပိန်ဘုရင့်ဖလားကြောင့်လည်း ပွဲပန်းလာမှာဖြစ်တဲ့အတွက် ဒီပွဲလည်း မာလာဂါကသာနိုင်ပွဲရသွားဖို့ရှိတယ်။

ဗလန်စီယာ - ဂီတာဖေး 15-2-15 (5:30 PM)

လက်ရှိအချိန်မှာခြေစွမ်းပိုင်းအရကွာဟပါတယ်။ ဒါ့အပြင် ဗလန်စီယာဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်မှုပိုရှိတတ်သလို ဥရောပဝင်ခွင့်အတွက်လည်းအားစိုက်လာမှာဖြစ်တာကြောင့် ဂီတာဖေးတို့ဟန့်တားဖို့ခက်မယ်။ ဗလန်စီယာပဲအိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

ဘာစီလိုနာ - လီဗန်တေး 15-2-15 (10:30 PM)

စပိန်ဘုရင့်ဖလားကြောင့် ဘာစီလိုနာတို့ပွဲပန်းလာနိုင်ပေမယ့် အမှတ်ပေးဇယား အောက်ဆုံးရောက်နေတဲ့ လီဗန်တေးရဲ့ခြေစွမ်းဟာ ဘာစီလိုနာအတွက် အဟန့်အတားမဖြစ်စေပါဘူး။ အားနည်းမှုများတဲ့ လီဗန်တေးခံစစ်ကြောင်းဟာ ဘာစီလိုနာအတွက် အားသာမှုဖြစ်စေလို့ ဒီပွဲဘာစီလိုနာပဲ အနိုင်ရမယ်။

ဗယ်လီကာနို - ဗီလာရီးယဲလ် 16-2-15 (00:30 AM)

စပိန်ဘုရင့်ဖလားမှာ ဘာစီလိုနာနဲ့ ကစားခဲ့ရမှုက ဗီလာရီးယဲလ်ကို ပွဲပန်းစေနိုင်ပါတယ်။ ဗီလာရီးယဲလ်ရဲ့အဝေးကွင်းခြေကလည်း အနည်းငယ် အားပျော့တတ်တာကြောင့် ဗယ်လီကာနိုရဲ့အိမ်ကွင်းကစားအားကို ခက်ခဲစွာကျော်ဖြတ်ရမယ်။ ဗီလာရီးယဲလ်နိုင်ရင်တောင် ပြတ်သားဖို့ခက်ပါတယ်။

ဆယ်တာဗီဂို - အက်သလက် 16-2-15 (2:30 AM)

အက်သလက်တီကိုဟာ လာလီဂါကို ပိုမိုအာရုံစိုက်လာဖို့ရှိသလို ကစားပုံလည်း ကောင်းမွန်မှုရှိပါတယ်။ ဆယ်တာဗီဂိုကလည်း အိမ်ကွင်းရှန်းအားကောင်းမွန်မှုရှိပြီး တိုက်စစ်ဂိုးသွင်းခြေလည်းရှိလို့ အက်သလက်တီကိုကပ်ပြီးပဲ အနိုင်ရမယ်။

အီဘား - အဲလ်ချီ 17-2-15 (2:15 AM)

လက်ရှိအီဘားရဲ့ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းလာတယ်။ ဒါပေမယ့် ဒီပွဲကအိမ်ကွင်းဖြစ်ပြီး အဲလ်ချီကအဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းပိုမိုအားနည်းတတ်တာကြောင့် ဒီပွဲမှာအီဘားတို့ သရေလောက် အနိမ့်ဆုံးကစားသွားနိုင်မှာပါ။

ရှိုင်းမင်းမင်း

ဆောက်သမ်တန်ကွင်းလယ်လူ ရှနိုက်ဒါလင်အား ယူရိုသန်း ၄၀ ဖြင့် ခေါ်ယူရန် အာဆင်နယ်ပြင်ဆင်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်း၏ကွင်းလယ်ကို အားဖြည့်ရန်အတွက် ဆောက်သမ်တန်အသင်း၏ ပြင်သစ်လက်ရွေးစင် ကွင်းလယ်ကစားသမား မော်ဂန်ရှနိုက်ဒါလင်အား ခေါ်ယူရန် ပြင်ဆင်နေကြောင်းသိရသည်။ အာဆင်နယ်အသင်းမှာ ရှနိုက်ဒါလင်အား ကာလရှည် ပစ်မှတ်ထားနေခြင်းဖြစ်ပြီး ပြီးခဲ့သည့်နွေရာသီကတည်းက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ထို့ကြောင့် အာဆင်နယ်နည်းပြဖြစ်သူ အာဆင်ဝင်းဂါးအနေဖြင့် ၎င်းအား လာမည့်ဘောလုံးရာသီမတိုင်မီ ထပ်မံကမ်းလှမ်းသွားရန် ပြင်ဆင်နေပြီး မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။ အာဆင်နယ်အသင်းအနေဖြင့် ရှနိုက်ဒါလင်၏ ပြောင်းရွှေ့ကြေးအတွက် ယူရိုသန်း ၄၀ ခန့်သုံးစွဲရန် ပြင်ဆင်နေပြီး အသင်းနှင့်စာချုပ်ချုပ်ဆိုဖြစ်ခဲ့ပါက မြင့်မားသည့်လစာငွေဖြစ်သည့် တစ်ပတ်လုပ်ခ ပေါင် ၈၀၀၀၀ အထိပေးချေသွားရန် အသင့်ရှိနေကြောင်း သိရသည်။ အသက် (၂၅) နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်မှာ ဆောက်သမ်တန်အသင်းသို့ ၂၀၀၈ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ပွဲပေါင်း ၂၀၀ ကျော် ပါဝင်ကစားပေးခဲ့သလို ပြင်သစ်လက်ရွေးစင်အသင်းတွင်လည်း ခုနစ်ပွဲပါဝင်ကစားခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။

(ကိုရဲ)

နေမာ၊ မက်ဆီ၊ ဆွာရက်ဇ် သုံးပွင့်ဆိုင် တောင်အမေရိက တြိဂံတိုက်စစ်ဖြင့် ဘာစီလိုနာက ဘီဘာအိုကို ဂိုးမိုးရွာ

ဖေဖော်ဝါရီ ၈ ရက်က ကစားခဲ့သော လာလီဂါ ပွဲစဉ် ၂၂ တွင် ဘာစီလိုနာက ဘီဘာအိုကို အဝေးကွင်းတွင် ငါးဂိုး-နှစ်ဂိုးဖြင့် အလွယ်တကူ အနိုင်ယူကာ ဇယားထိပ်ရှိ ရီးယဲလ်မက်ဒရစ်ကို တစ်မှတ်အကွာဖြင့် ဖိအားပေးနိုင်ပြီ ဖြစ်သည်။ ယင်းပွဲစဉ်တွင် သုံးပွင့်ဆိုင် တောင်အမေရိက တြိဂံတိုက်စစ်က အထူးခြေစွမ်းပြကာ တောင်အမေရိက တိုက်စစ်မှူး သုံးဦးဖြစ်သည့် အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ၊ ဥရုဂွေး တိုက်စစ်မှူး ဆွာရက်ဇ်၊ ဘရာဇီးတိုက်စစ်မှူး နေမာတို့ သုံးဦးစလုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ယင်းကစားသမားသုံးဦး တွဲဖက်ကစားလျှင် အလုပ်မဖြစ်ဟူသော ဝေဖန်မှုများကို တိတ်ဆိတ်သွားစေခဲ့သည်။

ယင်းရလဒ်နှင့်ပတ်သက်၍ နေမာက "ကျွန်တော်တို့တွေက တစ်ဦးချင်းဆို ရပ်တန့်လို့မရအောင် ကောင်းတဲ့ ကစားသမားတွေဖြစ်ပြီး တစ်သင်းထဲမှာ ကစားရင်တော့ အလုပ်မဖြစ်ဘူးဆိုတဲ့ ဝေဖန်မှုတွေ အမြဲတမ်းခံခဲ့ရပါတယ်။ အခု အကောင်းဆုံး စုဖွဲ့ခဲ့ကြပြီး ရလဒ်ကောင်းတစ်ခုကိုလည်း ပုံဖော်နိုင်ခဲ့ကြတယ်။ ကျွန်တော်တို့သုံးဦးလုံး တွဲဖက်ကစားလို့ရတဲ့ ကစားကွက်ကို နည်းပြက ဖန်တီးပေးခဲ့ပြီး အခုလို အံ့ဝင်အောင်ကစားနိုင်ခဲ့တဲ့အတွက် တကယ်ကို ပျော်ရွှင်ခဲ့ရပါတယ်။ အခုဆို နောင်လာမယ့် ပွဲစဉ်တွေအများကြီး ကျန်ရှိနေသေးပြီး လာလီဂါချန်ပီယံဆုကိုရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယင်းပွဲအနိုင်ရလဒ်ကြောင့် ဘာစီလိုနာသည် ပြိုင်ပွဲအရပ်ရပ်တွင် ကိုးပွဲဆက်တိုက် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး လာလီဂါတွင် ဦးဆောင်သူ ရီးယဲလ်မက်ဒရစ်က အက်သလက်တီကိုအား အဝေးကွင်းတွင် လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ ချန်ပီယံဆုအတွက် ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာဖွယ်ရှိသည်။ ယခင်က လာလီဂါတွင် ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့ကသာ ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့်အသင်းများ ဖြစ်ခဲ့သော်လည်း အက်သလက်တီကိုနည်းပြ ဆင်မြူနီ၏ စဉ်ဆက်မပြတ် ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးများ (ဖယ်ကာအို၊ ဒီယေဂိုကော်စတာ၊ ဂရစ်ဇ်မန်း)မွေးထုတ်နိုင်ခဲ့ရာ လာလီဂါပွဲစဉ်များသည် ၂၀၁၂ ခုနှစ်နောက်ပိုင်း ပိုမိုအသက်ဝင်လှုပ်ရှားလာခဲ့သည်။

❐❐

မန်ယူ၏ ကစားဟန်မှာ ပထမပိုင်းတွင် နွေးကွေးလွန်းသည်ဟု နည်းပြ ဗန်ဟားလ်ဝေဖန်

မန်ယူနည်းပြ လူးဝစ်ဗန်ဟားလ်က ဝက်စ်ဟမ်းနှင့် ကစားခဲ့သောပွဲစဉ်တွင် မန်ယူအသင်း၏ ပထမပိုင်းကစားပုံမှာ နွေးကွေးလွန်းပြီး တက်ကြွမှုမရှိဟု ဝေဖန်ခဲ့သည်။ မန်ယူအသင်းသည် ပထမပိုင်းတွင် အခွင့်အရေးအချို့ရရှိခဲ့သော်လည်း ထိထိရောက်ရောက် အသုံးမချနိုင်ခဲ့ဘဲ ဒါလေဘလိုင်း၏ သွင်းဂိုးဖြင့်သာ ပွဲအပြီး တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။

ဗန်ဟားလ်က Sky Sports သို့ ပြောကြားခဲ့ရာတွင် "ကျွန်တော်တို့အသင်းရဲ့ အကောင်းဆုံး စိတ်ဓာတ်နဲ့ စရိုက်လက္ခဏာတွေကို ဝက်စ်ဟမ်းဘက်က တစ်ဂိုးစသွင်းပြီးတဲ့နောက်မှ မြင်တွေ့ခဲ့ရပါတယ်။ ပထမပိုင်းမှာ ကောင်းကောင်းမကစားနိုင်ခဲ့သလို ဘောလုံးပိုင်ဆိုင်မှုတွေသာ ဆုံးရှုံးပြီး ပြိုင်ဘက်အသင်းရဲ့ ဖိအားအောက်မှာ ရောက်ရှိခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ အသင်းလိုက်စိတ်ဓာတ်နဲ့ ပုံရိပ်ကောင်းကို ပြန်ပြီးပြသနိုင်ခဲ့တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ သရေရလဒ်သာ ရခဲ့ပေမယ့်လည်း အနိုင်လိုက်ရသလို ကျေနပ်ပါတယ်။ ဒါပေမယ့် နောက်ပွဲတွေမှာတော့ ဒီလိုပုံစံမျိုးနဲ့ ဘယ်တော့မှစပြီးမကစားဖို့ အသင်းသားတွေကို သတိပေးရပါတော့မယ်"ဟု ပြောကြားခဲ့သည်။

သို့သော် ဝက်စ်ဟမ်းအသင်းကလည်း မန်ယူကို ခုနစ်နှစ်အတွင်း ပထမဦးဆုံး အနိုင်ယူရန်နှင့် ဥရောပဝင်ခွင့်အတွက် အိမ်ကွင်းတွင် အနိုင်ယူရန် ကြိုးစားကစားခဲ့ရာ မန်ယူကစားသမားများအနေဖြင့် ပထမပိုင်းတစ်လျှောက်လုံး ဂိုးသွင်းခွင့် မည်မည်ရရမရှိခဲ့ပေ။ ဒုတိယပိုင်းမှ အသင်းတိုက်စစ်ပြန်လည်အသက်ဝင်ခဲ့ပြီး ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မန်ယူအနေဖြင့် ဝက်စ်ဟမ်းကို သရေသာ ကစားနိုင်ခဲ့သော်လည်း ပဉ္စမနေရာမှ အာဆင်နယ်က စပါးကို ရှုံးနိမ့်ခဲ့ရာ စတုတ္ထနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ပရီမီယာလိဂ် ဇယားထိပ်ဆုံး လေးနေရာမှာ အပြောင်းအလဲ မရှိခဲ့ပေ။

အားကစားမြှင့်တင် စိတ်လန်းရွှင်

ဆန့်ကျင်မူးယစ်ဆေး

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ရန်ကုန်-မော်ကျွန်းပြေးဆွဲနေသော ရှပ်ပြေးနှစ်ထပ်ရေယာဉ်များတွင် ခေါင်မိုးပေါ် ခရီးသည်တင်ဆောင်မှုရှိလာ၍ ခရီးသည်များ ဘေးအန္တရာယ်များ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်ဆိပ်ကမ်း စဥ့်အိုးတန်းဗောတံတား အမှတ်(၁)နှင့် (၂)တို့တွင် ဆိုက်ကပ်ထားသော ရန်ကုန်-မော်ကျွန်းရေလမ်းခရီးစဉ်တွင် ပြေးဆွဲနေသော ရှပ်ပြေးနှစ်ထပ်ရေယာဉ်ကြီးများ၏ ခေါင်မိုးများပေါ်တွင် အကာအရံတန်းများပြုလုပ်ထားပြီး ယာယီအမိုးစိမ်းများ မိုးထားကာ ခရီးသည်များတင်ဆောင်ပြေးဆွဲနေသည်ကိုတွေ့နေရကာ ခရီးသည်များအတွက် ဘေးအန္တရာယ်ကြုံတွေ့နိုင်သဖြင့် ရန်ကုန်နှင့် မော်ကျွန်း ဆိပ်ကမ်းများရှိ တာဝန်ရှိသူများက အရေးယူတားမြစ်ပေးသင့်သည်ဟု မော်ကျွန်းမြို့မှ လိုက်ပါသော ခရီးသည်များက ပြောသည်။

ရှပ်ပြေးရေယာဉ်များသည် ရေစူးအနက်နည်းကြောင်း၊ ရေပြင်ပေါ် ခုတ်မောင်းသွားလာရာတွင် ဟန်ချက်နှင့်အညီ ထိန်းပြီးသွားလာရရာ နှစ်ထပ်သင်္ဘောအဖြစ်သာ ခွင့်ပြုထားကြောင်း၊ သင်္ဘောခေါင်မိုးပေါ်တွင် ခရီးသည်များ တင်ဆောင်နေသည့်အတွက် ၂၀၁၄ ခုနှစ်အတွင်း သက်ဆိုင်ရာက တားမြစ်အရေးယူမှုကြောင့် ပပျောက်သွားသော်လည်း ၂၀၁၄ နှစ်ကုန်ပိုင်းမှစ၍ ယနေ့အထိ ပြန်လည်တွေ့လာရကြောင်း၊ အခြားယှဉ်ပြိုင်ပြေးဆွဲနေသော ပုဂ္ဂလိကလူစီးကုန်တင် နှစ်ထပ်ရေယာဉ်များ၏ လမ်းခရီးခုတ်မောင်းချိန် အချိန်မမှန်သည့်အတွက် တစ်ရက်လျှင် နှစ်စင်းနှုန်း၊ တစ်ရက်ခြား သုံးစင်းဖြင့် ပြေးဆွဲနေသော ရှပ်ပြေးနှစ်ထပ်ရေယာဉ်အများစုတွင် ခေါင်မိုးပေါ်အကာအရံများ၊ ယာယီအမိုးစိမ်းများဖြင့် ခရီးသည် တင်ဆောင်နေခြင်းဖြစ်သည်ဟု ဒေသခံခရီးသည်တစ်ဦးက ဆိုသည်။

ရေကြောင်းသွားသင်္ဘောများတွင် သက်ဆိုင်ရာက တင်ဆောင်ခွင့်ပြုသည့် ကုန်တန်ချိန်၊ ခရီးသည်ဦးရေတို့ကို သင်္ဘောပြေးဆွဲသည့် ခရီးစဉ်တွင် ကြာမြင့်ချိန်ပေါ် မူတည်၍ ခရီးတို၊ ခရီးရှည်ဟူ၍ ခွဲခြားခွင့်ပြုပြီး ယင်းခွင့်ပြုချက်ကို ရေယာဉ်များတွင် ခရီးသည်များမြင်သာအောင် ယခင်ကာလများတွင် ချိတ်ဆွဲထားလေ့ရှိသော်လည်း ယခုနှစ်ပိုင်းများတွင် ရေယာဉ်များပေါ်တွင် မမြင်တွေ့ရကြောင်း သင်္ဘောပိုင်ရှင်တစ်ဦးက ဆိုသည်။

စီးနင်းသူများပြားလာ၍ ရှပ်ပြေး နှစ်ထပ်ရေယာဉ်များတွင် သတ်မှတ်ချက်ထက်ပိုပြီး ဆံ့သလောက်၊ နေရာရှိသလောက် ခေါင်မိုးပေါ်တွင်ပါ တင်ဆောင်ခြင်းသည် ရန်ကုန်မြို့တွင်းတားမြစ်ခဲ့သော ဟိုင်းလတ်ခရီးသည်တင်ယာဉ်ငယ်ခေါင်မိုး၊ ဘေးတွယ်၊ နောက်တွယ်ကဲ့သို့ဖြစ်နေကြောင်း၊ ကားလမ်းထက် ရေလမ်းခရီးတွင် ပို၍အန္တရာယ်ဖြစ်စေကြောင်း၊ ရေစီးကို သင်္ဘောလမ်းကြောင်းအကွေ့များတွင် ဟန်ချက်ညီထိန်းသိမ်းမောင်းနှင်ရကြောင်း၊ သို့ဖြစ်ရာ ခေါင်မိုးပေါ်စီး ခရီးသည်များ စီးနင်းနိုင်အောင် ပြုလုပ်ထားသော အကာအရံများ၊ အမိုးများဖယ်ရှားပြီးခရီးသည်များတင်ဆောင်ခြင်းကို ၂၀၁၄ ခုနှစ်ကကဲ့သို့ ပြန်လည်တားဆီးအရေးယူသင့်သည်ဟု ခရီးသည်များက ဆိုသည်။

(မောင်စေအောင်)

အကောက်ခွန်မဲ့သယ်ဆောင်လာသော နိုင်ငံခြားဖြစ် အရက်မျိုးစုံ၊ ကွမ်းစားဆေးနှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ

ရန်ကုန် ဖေဖော်ဝါရီ ၉

တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းလာသော အကောက်ခွန်မဲ့ ပစ္စည်းများ၊ ကန့်သတ်တားမြစ်ထားသော ကုန်ပစ္စည်းများအား သထုံ-ကျိုက်ထို-ပဲခူး-ရန်ကုန်လမ်းကြောင်းအတိုင်း ဒေသထွက်ကုန်များအဖြစ် ဖော်ပြပြီး တရားမဝင်သယ်ဆောင်လျက်ရှိကြောင်း သတင်းများအရ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကွပ်ကဲမှုရုံး(ရန်ကုန်)မှ လှုပ်ရှား-၂ (ညောင်ခါးရှည်) Mobile Team အဖွဲ့တို့ သတင်းပေးပို့ချက်အရ ဒေသသုံးကုန်ပစ္စည်းများသယ်ဆောင်လာသော ယာဉ်များကို စနစ်တကျစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကွပ်ကဲမှုအောက် လှုပ်ရှား-၂ (ညောင်ခါးရှည်)သို့ ဖေဖော်ဝါရီ ၇ ရက်တွင် ဒေသသုံးပစ္စည်းများသယ်ဆောင်ဝင်ရောက်လာသော ယာဉ်အမှတ်-5E/--- ကားပေါ်တွင် တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ၊ ကန့်သတ်တားမြစ်ထားသော နိုင်ငံခြားဖြစ်အရက်များ၊ ကွမ်းစားဆေးရွက်ကြီးဘူးများနှင့် LED TV များ အပါအဝင် တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ တင်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထိုသို့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (ရန်ကုန်)မှ စစ်ဆေးတားဆီးခဲ့သော တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများသယ်ဆောင်လာသောယာဉ်အမှတ် 5E/----(၁၂)ဘီး မော်တော်ယာဉ်နှင့် ယာဉ်ပေါ်ပါ ကုန်ပစ္စည်းများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်၍ အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံမည်ဖြစ်ကြောင်း သိရသည်။

ကျော်မြင့်အေး(ပြန်/ဆက်)

မသင်္ကာသူအား စစ်ဆေးပြီး ဆိုင်ကယ်ခိုးမှုကွင်းဆက်များ ဖော်ထုတ်

မကွေး ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲအကူတပ်ဖွဲ့ခွဲ မှုခင်းအကူဌာနစိတ်မှ ရဲအုပ်မျိုးနိုင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၁ နာရီက မကွေးမြို့ ပြည်တော်သာလမ်းနှင့် ခွာညိုလမ်းထောင့်အနီး သဘာဝလက်ဖက်ရည်ဆိုင်တွင် မသင်္ကာဖွယ်လူငယ်တစ်ဦးက SHANYAN ၁၁၀ နီ၊ နက်ကျား ဆိုင်ကယ်တစ်စီးကို ကာလတန်ဖိုးထက်ဈေးနှိမ်၍ ရောင်းချနေကြောင်း သတင်းအရ စစ်ဆေးခဲ့ရာ သန်းထိုက်အောင်(၂၀)နှစ် ကျပမ်းဥယျာဉ်ကျေးရွာ စလေမြို့ ချောက်မြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

ဆက်လက်စစ်ဆေးရာ အခြားသောမြို့နယ်များမှလည်း ဆိုင်ကယ်များ ခိုးယူမှုများရှိနိုင်သေးကြောင်း မသင်္ကာဖွယ်ရာ စစ်ဆေးတွေ့ရှိရသဖြင့် ဖမ်းဆီးခေါ်ဆောင်၍ ကွင်းဆက်ဖော်ထုတ်စစ်ဆေးရာ လွန်ခဲ့သော သုံးရက်ခန့်က ပွင့်ဖြူမြို့ပေါ်မှ SHANYAN ၁၁၀ နီ၊ နက်ကျား ဆိုင်ကယ်တစ်စီး၊ လွန်ခဲ့သော နှစ်ရက်ခန့်က နံပါတ်မပါ JAILING Super Cup အမျိုးအစား ကျောက်စိမ်းရောင်ဆိုင်ကယ်တစ်စီး၊ လွန်ခဲ့သော ၁၀ လခန့်က မကွေးမြို့ တောင်တွင်းလမ်းနှင့်မေတ္တာလမ်းထောင့်အနီးရှိ ဂိုဒေါင်အတွင်းမှ SYINXIANG ၁၁၀ အစိမ်းရောင်ဆိုင်ကယ်တစ်စီး၊ လွန်ခဲ့သော ၁၅ ရက်ခန့်က ချောက်မြို့ အမှတ်(၈)ရပ်ကွက် အနော်ရထာတံတားအနီး ၁၂၅ နီနက်ကျား ဆိုင်ကယ်တစ်စီး၊ လွန်ခဲ့သော ရှစ်လခန့်က ချောက်မြို့ အဝေးပြေးကားကြီးကွင်းအတွင်းမှ JIAFA -၁၁၀ အမျိုးအစား အစိမ်းပုပ်ရောင်ဆိုင်ကယ်တစ်စီးနှင့် ၂၀၁၄ ခုနှစ်အတွင်းက ဆိုင်ကယ် ငါးစီး စုစုပေါင်း ၁၀ စီး ဖော်ထုတ်နိုင်ခဲ့ပြီး သက်ဆိုင်ရာအပိုင် ရဲစခန်းအလိုက် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

◆

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)
၁၃၇၆ ခုနှစ် လ ရက်
(၂၀၁၅ခုနှစ် လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသော“President of the Union”ဆိုသည့် စကားရပ်ကို“Ministry of Finance”ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “Union of Burma”, “the United Kingdom, India or Pakistan and the Union of Burma”ဆိုသည့် စကားရပ်ကို“The Republic of the Union of Myanmar”ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊“Financial Commissioner” ဆိုသည့် စကားရပ်ကို “Union Minister of Finance” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “Commissioner of Customs” ဆိုသည့်စကားရပ်ကို“Director-General of Customs”ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊“Customscollector” ဆိုသည့်စကားရပ်ကို “Competent Customs Official”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊“Real value” ဆိုသည့်စကားရပ်ကို“Customs Value”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “tariff value”ဆိုသည့်စကားရပ်ကို “CustomsValue”ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ “tariff valuation”ဆိုသည့်စကားရပ်ကို“Customs Valuation”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “Bill of Entry”ဆိုသည့် စကားရပ်ကို“Import Declaration”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “Vessel”ဆိုသည့် စကားရပ်ကို“Conveyance”ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “The Tariff Act, 1953”ဆိုသည့်စကားရပ်ကို“The Tariff Law”ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “the Board of Management for the Port of Rangoon”ဆိုသည့်စကားရပ်ကို“Myanmar Port Authority” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “The Press Registration Act” ဆိုသည့် စကားရပ်ကို “Printing and Publishing Law” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ၃၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဇ)တို့က အောက်ပါအတိုင်းအစားထိုးရမည်-

" Specific definiton" "(f) "conveyance" means any vehicle which navigates by air or sea or land used for the industrial or commercial transport of goods. Such expression includes lighters and barges square-rigged or ship borne, hovercraft, aircraft, road vehicle (including trailers, semi-trailers and combinations of such vehicles), railway rolling stock which is used for the transport of persons for remuneration, or which is driven whether or not for remuneration."

"(h)“master” when used in relation to any conveyance means any person having command or charge of such conveyance. This expression alsoincludes such persons having command or charge of any kind of conveyanceused to travel on and to convey anything by sea, by air and by land. But this expression does not include “pilot” and “harbour-master”."

၄။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဠ)၏ နောက်တွင် ပုဒ်မခွဲ (ဌ)၊ ပုဒ်မခွဲ(ဍ)နှင့် ပုဒ်မခွဲ (ဎ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

" Specific definiton" "(l) "import declaration" means all documents including but not limited to, Declarations, Permits, Licenses, and Trade Documents that are required from time to time to be submitted to the Customs Department for Customs clearance or any other purpose, for the importation of Goods shall be in the form, including electronic documents and data messages, prescribed by the Director-General of Customs."

"(m) "export declaration" means all documents including but not limited to, Declarations, Permits, Licenses, and Trade Documents that are required from time to time to be submitted to the Customs Department for Customs clearance or any other purpose, for the exportation of Goods shall be in the form, including electronic documents and data messages, prescribed by the Director-General of Customs."

"(n) "illegal goods"means any goods which makes importation or exportation or transitionto be prohibited or restricted by this Act or any other existing laws."

၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ တွင် ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"Prohibitions" "(d) goods applied to a counterfeit trade-mark or any other existing laws, goods which imports a false trade-description."

၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ တွင် -

(က) ပုဒ်မခွဲ (စ)ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဆ)ကို ပယ်ဖျက်ရမည်။

၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

"Power to prohibit or restrict importationor exportation of goods" "19 Any Union Ministry or Ministry of Finance assigned by the Union Government may from time to time, by notification in the Gazette, prohibit or restrict the bringing or taking by any means of transport for those goods of any specified description into or out of the Republic of the Union of Myanmar, or any specified region thereof, either generally or from or to any specified country, region, port or place beyond the limits of the Republic of the Union of Myanmar.

If it is imported or exported that any illegal goods which has prohibited or restricted shall be made action against by existing Laws."

၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၂ တွင်ပါရှိသည့် "by sea" ဆိုသည့် စကားရပ်ကို"by any means" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃၀ ကို အောက်ပါ အတိုင်း အစားထိုးရမည်။

"Customs Value Defined" "30 Notwithstanding anything contained in any other existing laws as regards the determination of Customs Value,in determining the Customs Value under this Act, the Ministry of Finance may, from time to time, by notification in the Gazette, in order to levy the Customs duty according to the law on any goods exported or imported by any means, impose the procedures, rules and regulations to be abided in determining the Customs value."

၁၀။ ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ၃၉၏ တတိယပိုဒ်တွင် ပါရှိသည့် “one year”ဆိုသည့်စကားရပ်ကို “seven years” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၄၀ တွင်ပါရှိသည့် “three months” ဆိုသည့် စကားရပ်ကို“one year”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၄၂ ကို အောက်ပါ အတိုင်း အစား ထိုးရမည်-

"Drawback allowable on re-export "42 when any goods, capable of being easily identified, which have been imported by any means into any customs-port from any foreign port, due customs duties shall be paid by drawback since such goods had been imported. If stores for use on board or ship equipments using on board to be re-exported from customs port to foreign port correspond with the provision of importation, upon which duties of cutoms shall be repaid as drawback.

Provided that, in every such case, the goods be indentified to the satisfaction of Competent Customs Official at such Customs-port, and that the re-export be made within two years from the date of importation, as shown by the records of the custom-house.

Provided further that, the Director-General of Custom s may extend one year as the termof period. If it is necessary to extend the term of period permitted by the Director-General of Customs, Union Minister of Finance may extend the term case by case for the interest of the state."

၁၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၄၃-က ၏ နောက်တွင် ပုဒ်မ ၄၃ ခကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"Power to make Procedure concening Temporary Admission "B "The Director-General of Customshas the power to prescribe notification relating to the function, procedures, duration of time, insurance deposits and fines in respect of the temporary importation of goods."

၁၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "five kyats" ဆိုသည့်စကားရပ်ကို "the amount of money prescribed by the Director-General of Customs from time to time"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇၁ ၏စတုတ္ထပိုဒ်တွင် ပါရှိသော "not exceeding five kyats" ဆိုသည့် စကားရပ်ကို "the amount of money prescribed by the Director-General of Customs from time to time" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၈၅၊ပုဒ်မခွဲ(ခ)တွင်ပါရှိသော"the wharf belonging to any port commissioners, Port Trust or other public body or company"ဆိုသည့်စကားရပ်ကို"the wharf belonging to the Myanmar Port Authority or the government organization or private or public company" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၃၉ကို အောက်ပါ အတိုင်းအစားထိုးရမည်-

"Additional charge on goods cleared for shipment after port-clearance granted" "139 When goods are cleared for shipment on an export declaration presented after port-clearance has been granted, the Competent Customs Official may levy, the amount of charge prescribed by the Director-General of Customs from time to time, in addition to regular payable Customs duties for such goods.”

၁၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၄၏ စတုတ္ထအပိုဒ် တွင် ပါရှိသော "steam vessel" ဆိုသည့် စကားရပ်ကို“ship-borne” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၅ ၏ ပထမပိုဒ်တွင် ပါရှိသော "is square-rigged or propelled by steam" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ တွင်-

(က) ပြစ်ဒဏ်များဇယားတွင်ပါရှိသည့်“one hundred kyats” ဆိုသည့်စကားရပ် ကို “fifty thousand kyats”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊“two hundred kyats” ဆိုသည့် စကားရပ်ကို“one hundred thousand kyats” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊“five hundred kyats”ဆိုသည့် စကားရပ်ကို “two hundred and fifty thousand kyats”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “one thousand kyats”ဆိုသည့် စကားရပ်ကို “five hundred thousand kyats”ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ “two thousand kyats”ဆိုသည့်စကားရပ်ကို“ten hundred thousand kyats”ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊“four thousand kyats” ဆိုသည့်စကားရပ်ကို“twenty hundred thousand kyats”ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ခ) ဇယားအမှတ်စဉ် ၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
1 - If any person fails to comply with the issued rules, regulations, orders, notifications, directives and procedures in respect of this Act.	General	Such goods shall be liable to confiscation or any person concerned in any such offence shall be liable to a penalty not exceeding three times of the Customs value of the goods or such person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years.

(ဂ) ဇယားအမှတ်စဉ် ၃ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
3 - If any person ship or land goods, or aid in the shipment or landing of goods, or knowingly keep or conceal, or knowingly permit or procure to be kept or concealed, any goods shipped or landed, or intended to be shipped or landed, contrary to the provisions of this Act, or if any person be	General	Such person shall be liable to a penalty not exceeding three times of the Cusoms Value of the goods

စာမျက်နှာ ၁၆ သို့

ဥပဒေကြမ်း

စာမျက်နှာ ၁၅ မှ

Offences	Section of this Act to which offence has reference	Penalties
found to have been on board of an yconveyance liable to confiscation on account of the commission of an offence under No.4 of this section,while such conveyance is within any bay, river, creek or arm of the sea which is not a port for the shipment and landing of goods,		

(ဃ) ဇယားအမှတ်စဉ် ၅ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
5 - If any goods are put, without the authority of the proper officer of Customs, on board of any tug-steamer or pilot-vessel from any seagoing vessel inward-bound, or if any goods are put, without such authority, out of any tug-steamer or pilot-vessel for the purpose of being put on board of any such vessel outward-bound, or if any goods on which drawback has been granted are put, without such authority, on board of any tug-steamer or pilot-vessel for the purpose of being re-landed,	11	Such goods shall be liable to confiscation; any person concerned in any such offence shall be liable to a penalty not exceeding three times of the Customs value of the goods.

(င) ဇယားအမှတ်စဉ် ၈ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
8 - If any goods, the importation or exportation of which is for the time being prohibited or restricted by or under chapter IV of this Act, be imported into or exported from the Republic of the Union of Myanmar con - trary to such prohibition or restriction, or if any attempt be made so to import or export any such goods, or if any such goods be found in any package produced to any officer of Customs as containing no such goods, or if any such goods, or any dutiable goods, be found either before or after landing or shipment to have been concealed in any manner on board of any conveyance within the limits of any port in the Republic of the Union of Myanmar, or if any goods, the exportation of which is prohibit-ed or restricted as aforesaid, be brought to any wharf in order to be put on board of any convey-ance for exporta-tion contrary to such prohibition or restriction,	18 and 19	Such goods shall be liable to confiscation; any person concerned in any such offence shall be liable to a penalty not exceed - ing three times of the Customs value of the goods or such person concerned shall, on conviction of any such offence before a Magistrate, be liable to imprison-ment for a term not exceeding three years.

(စ) ဇယားအမှတ်စဉ် ၁၀ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
10 - If any goods, on the entry of which for re-export draw-back has been paid, are not duly exported, or are unshipp-ed or re-landed at any Customs-port (not having been duly re-landed or di-scharged under the provisions of this Act),	42 and 43	Such goods, together with any conveyance used in so unshipping or re-landing them, shall be liable to confiscation;and the master of the conveyance from which such goods are so unshipped or re-landed and any person by whom or by whose orders or means such goods are so unshippedor re-landed, or who aidsor is concerned in such unshipping or re-landing,shall be liable to a penalty not exce-eding three times the Customs value of such goods.

(ဆ) ဇယားအမှတ်စဉ် ၁၁ ကို ပယ်ဖျက်ရမည်-

(ဇ) ဇယားအမှတ်စဉ် ၂၀ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
20 - If any bill of lading or copy required under section 58 is false and the master is unable to satisfy the Competent Customs Official that he was not aware of the fact, or if any such bill or copy has been altered with fraudulent intent, or if the goods mentioned in any such bill or copy have not been bona fide shipped as shown therein, or if any such bill of lading, or any bill of lading of which a copy is delivered, has not been made previously to the departure of the vessel from the place where the goods referred to in such bill of lading were shipped, or if any part of the cargo has been staved, destroy-ed or thrown overboard, or if any package has been open-ed and such part of the cargo or such package be not account-ed for to the satisfaction of Competent Cu-stoms Official.	58	The master of the conveyance shall be liable to a penalty not exceeding three times the Customs value of the goods.

(ဈ) ဇယားအမှတ်စဉ် ၂၇ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
27 - If the master of any conveyance laid up by the withdrawal of the officer of Customs shall, before application is made by him for an officer of Customs to superintend the receipt of cargo, cause or suffer to be put on board of such conveyanceany goods whatever, incontravention of section 70.	70	Such master shall be liable to a penalty not exceeding three timesthe Customs value of the goods, and the goods, if protected by a pass, shall be liable to be re-landed for ex-amination at the expense of the con-veyance, and, if not protected by a pass, shall be liable to confiscation.

(ည) ဇယားအမှတ်စဉ် ၂၈ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
28 - If any master of a conveyance, in any case other than that provided for by No. 27, causes or suffers any goods to be discharged, shipped or ship-borne contrary to any of the provisions of section 70, 72 or 75.	70, 72 and 75	Such master shall be liable to a penalty not exceeding three times the Customs value of the goods and all goods so discharged, shipped or ship-borne shall be liable to confiscation.

(ဋ) ဇယားအမှတ်စဉ် ၃၃ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

Offences	Section of this Act to which offence has reference	Penalties
33- If any master of a conveyance discharges or suffers to be discharged any goods not duly entered in the manifest of such conveyance.	55 and 82	Such master shall be liable to a penalty not exceeding three times the Customs value of the goods.

ဆက်လက်ဖော်ပြပါမည်။

ဆိုက်ဘာလုံခြုံရေး အားထုတ်မှုတွင် စင်ကာပူလည်း ပါဝင်လာ

စင်ကာပူနိုင်ငံသည် ၎င်းတို့၏ အွန်လိုင်းစနစ် လုံခြုံရေးအတွက် ဆိုက်ဘာလုံခြုံရေး အထူးအဖွဲ့ အစည်းတစ်ရပ်ကိုလာမည့် ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းသွားမှာဖြစ်တယ်လို့ စင်ကာပူမီဒီယာများတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံသည် အွန်လိုင်းဝန်ဆောင်မှုဖြင့် အဓိကစီးပွားဖြစ်နေသော နိုင်ငံဖြစ်ရာ ၂၀၁၄ ခုနှစ်အတွင်း ဆိုက်ဘာတိုက်ခိုက်မှုများ ပိုမိုများပြားလာသောကြောင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်သာမက ဒေသတွင်း စီးပွားရေး နောက်ဆက်တွဲဆိုးကျိုးများပါ ဖြစ်ပေါ်လာနိုင်ရာ စင်ကာပူအစိုးရက အထက်ပါ အဖွဲ့အစည်းကို ဖွဲ့စည်းရန် အပူတပြင်း ကြိုးပမ်းလာခြင်းဖြစ်သည်။ အင်တာနက်ကွန်ရက်ချိတ်ဆက်မှုတွင် စင်ကာပူသည် ကမ္ဘာ့ထိပ်တန်းအဆင့်တွင်ရှိပြီး နည်းပညာလှိုင်းလုံးများအကြား နောက်ကောက်မကျစေရန် ဆောင်ရွက်နိုင်သော အာရှစံပြနိုင်ငံ တစ်နိုင်ငံလည်း ဖြစ်သည်။ ၂၀၀၀ ပြည့်လွန် နှစ်များထဲက ဆိုက်ဘာတိုက်ခိုက်မှုသည် ကမ္ဘာ့အင်အားကို စမ်းသပ်ခြိမ်းခြောက်လာခဲ့သည်။

၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်း ဆိုနီကုမ္ပဏီကို မြောက်ကိုရီးယားက ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခဲ့ပြီးနောက် နိုင်ငံများအားလုံး အနေဖြင့် ဆိုက်ဘာလုံခြုံရေးအတွက် အချက်ပေးတပ်လှန့်လာခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဆိုက်ဘာလုံခြုံရေးအစီအစဉ်ကို စင်ကာပူဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီး ယာကော့ အီဗရာဟင်က ကြေညာခဲ့ခြင်းဖြစ်သည်။



၂၀၁၄ ခုနှစ်က စင်ကာပူ၏ အင်တာပိုစင်တာ ဖွင့်လှစ်ပြီးနောက် ဆိုက်ဘာတိုက်ခိုက်မှုများကို ပိုမိုလျင်မြန်စွာ တုံ့ပြန်နိုင်ရန်အတွက် ဒေသတွင်း ဆိုက်ဘာအထူးအဖွဲ့အစည်းတစ်ရပ်ကို ထပ်မံဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ပြီးခဲ့သည့် အောက်တိုဘာလက အမေရိကန်၏ ဘိုးရင်းကုမ္ပဏီက ပြောကြားခဲ့ရာတွင် အမေရိကန်ပြင်ပ ပထမဦးဆုံး နိုင်ငံအဖြစ် စင်ကာပူတွင် ဆိုက်ဘာလုံခြုံရေးဗဟိုစင်တာကို ဖွဲ့စည်းခဲ့ခြင်းမှာ အာရှဒေသအတွင်း ဆိုက်ဘာလုံခြုံရေး စိန်ခေါ်မှုများကို ထိထိရောက်ရောက် တုံ့ပြန်နိုင်ရန်ဖြစ်သည်ဟုဖော်ပြခဲ့သည်။

ယခုအခါ စင်ကာပူ၏ အသေးစားနှင့်အလတ်စား လုပ်ငန်းများသည် ဆိုက်ဘာတိုက်ခိုက်ရေးသမားများ၏ ပစ်မှတ်ဖြစ်လာခဲ့ပြီး စုစုပေါင်း တိုက်ခိုက်ခံရမှု၏ ၆၄ ရာခိုင်နှုန်းမှာ ယင်းလုပ်ငန်းများကို ဗဟိုပြု၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု စင်ကာပူဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

Cover အဖွင့်အပိတ် အလိုအလျောက် လုပ်ဆောင်ပေးမည့် Smart Cover Pro (Screen Off) v1.6.3 application

မိမိကိုင်ဆောင်ထားတဲ့ ဖုန်းကို Touch ခလုတ်တွေ သုံးစရာမလိုဘဲ အလိုအလျောက် အဖွင့်/အပိတ် လုပ်ဆောင်ပေးနိုင်မယ့် Smart Cover Pro(Screen Off) v1.6.3 application အသစ်ဖြစ်ပါတယ်။

ယင်း applicationက Android ဖုန်းနှင့် Tablet တွေမှာ အသုံးပြုနိုင်ပြီး အသုံးပြုသူတွေအနေနဲ့ ကာဗာကို တပ်ဆင်ထားရမှာဖြစ်ပါတယ်။ ဖုန်းရဲ့ Touch ကိုလုံးဝ ထိတွေ့ရန်မလိုတာကြောင့် ဖုန်းကို ကာကွယ်ပေးပြီးသားဖြစ်စေပါတယ်။

ဒါ့အပြင် သုံးစွဲသူများအနေနဲ့ လိုအပ်နေတဲ့ လုပ်ဆောင်ချက်တစ်ခုကို ကာဗာလေးသုံးထားရုံနဲ့ ဆောင်ရွက်ပေးနိုင်တာကြောင့် နည်းပညာလောကမှာ နောက်ထပ်အသုံးဝင်တဲ့ ဆန်းသစ်မှုတစ်ခုဖြစ်လာခဲ့ပါတယ်။ ဖိုင်အရွယ်အစားကလည်း 2.0 MB လောက်သာရှိလို့ ဖုန်းကိုလည်း လေးစေမှာမဟုတ်သလို အားလုံး အဆင်ပြေမှာဖြစ်ပါတယ်။

မေလဲ့သင်း – စုစည်းသည်။

ဒေါင်းလုဒ်ဆွဲရာမှာ မြန်နှုန်းငါးဆလောက် လျှင်မြန်စေမယ့် နောက်ဆုံးဗားရှင်းအသစ် IDM 6.2 i Build 19

Internet Download Manager (IDM) သည် အင်တာနက်ထဲမှ လိုချင်သောဖိုင်များ၊ သီချင်းများ၊ ဗီဒီယိုစသည့် အရာတွေကို အလျင်အမြန်ဒေါင်းလုဒ်ဆွဲနိုင်ပြီး ရိုးရိုးဒေါင်းလုဒ်ဆွဲတာထက် ငါးဆကျော်လောက် မြန်နှုန်းမြှင့်ပေးမည့် ဆော့ဖ်ဝဲလ်ဖြစ်သည်။

အင်တာနက်အသုံးပြုသူများအနေဖြင့် ဒေါင်းလုဒ်ဆွဲနေစဉ် ကြုံတွေ့ရတတ်သည့် ပြဿနာများဖြစ်သော Connection ကျသွားခြင်း၊ Network အပိုင်းမှ ပြဿနာဖြစ်ခြင်း၊ ကွန်ပျူတာရုတ်တရက်ပိတ်သွားခြင်း၊ မျှော်လင့်မထားသည့် အခြားပါဝါကျဆင်းခြင်း များ အမြန်ပြန်ပြီးရောက်တဲ့နေရာကနေ ဒေါင်းနိုင်မှာဖြစ်သည်။

IDM ကို Internet Explorer၊ Chrome၊ Opera၊ Firefox၊ Avant Browser နှင့် အခြားလူကြိုက်များတဲ့ Browser တွေအားလုံးမှာ အသုံးပြုနိုင်ပြီး သင့်အနေနဲ့ တစ်ခုခုကို ဒေါင်းဖို့ ဒေါင်းလုဒ်ဆိုတဲ့ ခလုတ်ကိုနှိပ်လိုက်တာနဲ့ အလိုအလျောက် မြန်နှုန်းမြှင့်ပြီး ဒေါင်းပေးနေမှာဖြစ်ပါသည်။

ယင်းပရိုဂရမ်က ဆာဗာများ Firewalls မှ MP3 အသံဖိုင်များနှင့် MPEG ဗီဒီယို ဖိုင်များကို ပိုမိုလျင်မြန်ကောင်းမွန်သော ဒေါင်းလုဒ်နှုန်းဖြင့် မြှင့်တင်၍ ဒေါင်းလုဒ်ဆွဲနိုင်မည်ဖြစ်သည်။ အခြားဆိုးကျိုးများ မရှိအောင် ကာကွယ်ပေးထားသော ဆော့ဖ်ဝဲတစ်ခုဖြစ်သည်။

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၅ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် သီရိသုဓမ္မသိင်္ဂီဒေါ်ခင်သန်းဦး(ကံပွင့် အမွေးတိုင်၊ သနပ်ခါးနှင့် သောက်ရေသန့်) အား သာသနာရေးဆိုင်ရာဘွဲ့ "အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် ကံပွင့်မိသားစုနှင့်ထပ်တူ အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမြင့်အောင်-ဒေါ်သန်းသန်းဝေ

G.Y ထန်းလျက်ရောင်းဝယ်ရေး

ရေစကြိုမြို့

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
(၂/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-143(14-15)	Spares for Kenworth Oil Field Truck (14)Items	US$
(၂)	IFB-144(14-15)	1500 Series Well Head Equipment & Accessories (2)Sets	US$
(၃)	IFB-145(14-15)	Spares for Down Hole Equipments (8)Items	US$
(၄)	IFB-146(14-15)	273KW Gas Engine Driven Generating Set (1)Set	US$
(၅)	DMP/L-030(14-15)	Portable Fire Pump with Engine and Fire Assembly (3)Lots	Ks
(၆)	DMP/L-031(14-15)	33KV GCB Complete Set and 33 KV Current Transformer (2) Items	Ks
(၇)	DMP/L-032(14-15)	Motor for SAFE and Intermech Compressor (2)Nos	Ks
(၈)	DMP/L-033(14-15)	$185mm^2$, 4Core, XLPE Cable (50)Meter	Ks
(၉)	DMP/L-034(14-15)	SAE 15W 40 Diesel Engine Oil (API-CF4) (1)Lot	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၃-၂၀၁၅ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

အဆင့်မြင့်တိုက်ခန်းကျယ်ငှားမည်။ ၁၀သိန်း-ညှိနှိုင်း

ပေ(၁၈×၆၅)၊ (ပ)ထပ်၊ ကန်လမ်းမ×ပြည်လမ်း(ဂုတ်)၊ အင်းယားကန်ပေါင်ဗျူး၊ ဧည့်ခန်း၊ Hall၊ မီးဖို၊ ဘိုထိုင်၊ ပရက်ရှာပန့်၊ ရေပူရေအေး၊ မီးမြှင့်စက်၊ 3A/C၊ တစ်အိမ်လုံးနံရံကြွေပြား၊ ကြမ်းခင်းကျွန်းပါကေး၊ လှိုင်မြို့နယ်။

ရန်ကုန်တက္ကသိုလ်နီး၊ ဘဏ်နီး၊ ဖုန်း-၀၉-၄၂၁၀၃၂၈၇၆

ပျောက်ဆုံးကြောင်း

ကျွန်မ မနီလာအေး[၈/အလန (နိုင်) ၀၃၆၂၁၈] ၏ သွင်းကုန်လိုင်စင်နံပါတ် ISP IDV8 14-15 64094 (22-12-2014) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၃၃၃၀၃

လူကုန်ကူးမှုတားဆီးရေးနှင့် ကျန်းမာရေးဆိုင်ရာဟောပြော

တီးတိန် ဖေဖော်ဝါရီ ၉

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(တီးတိန်)၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တတိယအကြိမ်သင်တန်းတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော သင်တန်းသူ ၇၀ သို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက ချင်းပြည်နယ် တီးတိန်မြို့ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲနှင့် ဟောပြောပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲအုပ်ထန်းလိန်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းကြွယ်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်တို့က အသီးသီးဆွေးနွေး ဟောပြောခဲ့ကြောင်းသိရသည်။ **(ဇိုဟေဆာ)**

သံတောင်ကြီးမြို့နယ်၌ဆိုလာများဖြင့်ကျေးရွာများမီးလင်းပြီး

သံတောင်ကြီး ဖေဖော်ဝါရီ ၈

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ဒါဝါလော်ကျေးရွာ ချီးကျေးရွာအုပ်စုသည် သံတောင်ကြီးမြို့နှင့် ၁၀ မိုင်ခန့်သာ ကွာဝေးသော်လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် လျှပ်စစ်မီးရရှိခြင်းမရှိပါ။

သို့သော် ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ICTF ကုမ္ပဏီမှ တာဝန်ယူလျက် ကျေးရွာသို့ အရောက်ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ဒါဝါလော်ချီးကျေးရွာ ၅၄ စုံ၊ မဲကူတာကျေးရွာ ၃၆ စုံ၊ ဒိုသတ်ကျေးရွာ ၂၇ စုံ၊ လိုလာဝေးကျေးရွာ ၃၆ စုံနှင့် လေလေဝ်ဒေးကျေးရွာ ၇၅ စုံတို့ရရှိခဲ့သည်။

အဆိုပါ ဆိုလာမီးများကြောင့် ကျေးရွာများမီးလင်းရုံသာမကဘဲ တချို့လည်း TV များ ဝယ်ယူကြည့်ရှုနေကြပြီးဖြစ် ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲ

ဘောဂလိ ဖေဖော်ဝါရီ ၉

ကရင်ပြည်နယ်သံတောင်ကြီးမြို့နယ် ဘောဂလိမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဘောဂလိမြို့ အခြေခံပညာ အထက်တန်းကျောင်းအုပ် ဦးမင်းဗလာမှ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အလယ်တန်းပြ ဆရာဦးရဲဝင်းထွန်းက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းဆရာမ ဒေါ်ဘွေဖူညိုက ပြည်ထောင်စုနေ့ ဒို့မမေ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီလာအေးက ပြည်ထောင်စုစိတ်ဓာတ် ခေါင်းစဉ်များဖြင့်အသီးသီး ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ ဘောဂလိ မြို့ ဌာနဆိုင်ရာများ၊ကျောင်းသားကျောင်းသူများ စုစုပေါင်း ၇၄၆ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ **ဘောဂလိ(ပြန်/ဆက်)**

၁၆ ခုတင်ဆံ့ ဆေးရုံနှင့် ဝန်ထမ်းအိမ် ဆောက်လုပ်

ပန်းတနော် ဇန်နဝါရီ ၉

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မင်းတစုကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်လျက်ရှိရာ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်နယ်ဆေးရုံကို တင်ဒါအောင်မြင်သော T&Y ကုမ္ပဏီက တည်ဆောက်နေပြီး စုစုပေါင်း ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၅၁၀၀ ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

ယမန်နှစ်က စတင်ဆောက်လုပ်လျက်ရှိသည့် ဝန်ထမ်းအိမ်ယာများတွင် ဆရာဝန်နေအိမ် နှစ်ခန်းတွဲ (RC) တစ်လုံး၊ သူနာပြုဆောင် လေးခန်းတွဲ (RC) နှစ်လုံး ၊ သူနာပြုအခန်း သုံးခန်းတွဲ (RC) တစ်လုံးတို့မှာ တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ယခုအခါ တိုက်နယ်ဆေးရုံကို ဆက်လက်တည်ဆောက်လျက်ရှိပြီး ဆေးရုံ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓါတ်မှန်ခန်း၊ သားဖွားခန်း၊ ခွဲစိတ်ပြီး လူနာထားခန်း၊ အထူးကြပ်မတ်ဆောင်၊အစည်းအဝေးခန်းများပါရှိသည်။

၂၀၁၅ ခုနှစ် မတ်လကုန်တွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ရာ အဆိုပါ ဆေးရုံပြီးစီးပါက ဒေါဝါးကျေးရွာအုပ်စု၊ မင်းဆယ်ကျေးရွာအုပ်စု၊ ရေလဲနဲ့ကောကျေးရွာအုပ်စု၊ မင်းတစုကျေးရွာအုပ်စု၊ ရွှေလေ့ကျေးရွာအုပ်စု၊ ကညင်ကုန်းကျေးရွာအုပ်စု၊ ယင်းယိုကျေးရွာအုပ်စု၊ ဆင်လမ်းကြီးကျေးရွာအုပ်စုနှင့် ခနော်ကျေးရွာအုပ်စုရှိကျေးရွာပေါင်း ၅၇ ရွာအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ **၁၆၆**

နတ်တလင်းတွင် မှုခင်းကျဆင်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

နတ်တလင်း ဖေဖော်ဝါရီ ၉

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင် နတ်တလင်းမြို့နယ် မကျီးစုကျေးရွာအုပ်စုတွင် ဖေဖေါ်ဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါ ကျေးရွာဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ မှုခင်း ကျဆင်းရေးနှင့်မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး တာပွန်နယ်မြေရဲစခန်း၊ စခန်းမှူးရဲအုပ် အောင်နိုင်ဝင်းက မှုခင်းမဖြစ်ပေါ်စေရေးနှင့်ဖြစ်ပေါ်လာပါကအရေးယူဆောင်ရွက်ရမည့်ဥပဒေများကိုရှင်းလင်းပြောကြားခဲ့သည်။

တာပွန်မီးသတ်စခန်းနယ်မြေမှစခန်းခွဲတာဝန်ခံဝေယံထွန်းကလည်း ပူးပြင်းခြောက်သွေ့သောနွေရာသီရောက်တော့မည်ဖြစ်၍ ကျေးလက်ဒေသမီးဘေးကြိုတင်ကာကွယ်ရေးများဖြစ်သောမိမိတို့၏ကျေးရွာပတ်ဝန်းကျင်တွင် မီးတားလမ်းများကြိုတင်ဆောင်ရွက်ထားကြရန်ပြောကြားခဲ့သည်။

“မီးတားလမ်းတွေ ဆောင်ရွက်ထားမှသာ လယ်မီးရှို့ခြင်း၊ ကိုင်းမီးရှို့ခြင်းကစပြီး ရွာအတွင်း ကူးစက်လောင်ကျွမ်းခြင်းကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ မီးကိုစနစ်တစ်ကျသုံးစွဲကြရန်နှင့်သုံးစွဲပြီးစီးပါက ငြိမ်းသတ်ထားကြဖို့ အိမ်ရှင်မများ အထူးအလေးထားကြဖို့ဖြစ်ပါတယ်။မီးကိုသတ်မှတ်ထားတဲ့အချိန်အတွင်းသာသုံးစွဲသွားကြရန်နဲ့ အခုဆိုရင် နိုင်ငံတော်မှချထားပေးသော တာပွန်မီးသတ်စခန်းနှင့် နယ်မြေမီးသတ်ကားနှစ်စီးရှိနေပြီဖြစ်ပါတယ်။ ကျေးရွာများတွင်မီးလောင်မှုဖြစ်ပေါ်လာပါကအချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားနိုင်တော့မှာဖြစ်ပါတယ်”ဟု ၎င်းက အသိပညာပေးဟောပြောခဲ့သည်။

ကျင်းပခဲ့သော မှုခင်းကျဆင်းရေးနှင့်မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲအခမ်းအနားသို့ ကျေးရွာခြောက်ရွာမှ အိမ်ရှင်မများအပါအဝင်၂၅၀ တက်ရောက်ခဲ့ကြောင်းသိရသည်။ **ဝ၇၁**

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V HOEGH CHENNAI V.9 သင်္ဘောသည် ၁၂-၂-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း - ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SPRING SKY V.45 သင်္ဘောသည် ၁၁-၂-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း - ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အမျိုးသားအားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့

ယမန်နေ့မှအဆက်

ပြိုင်ပွဲအဆင့်အတန်း မြင့်မားစေရေးအတွက်လည်း ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားပြု၊ ဝန်ကြီးဌာန ကိုယ်စားပြုအားကစားအသင်း၊ အဖွဲ့များရဲ့ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ဖို့အတွက် အားကစားသမားများ ရွေးချယ်မှုကို ပြိုင်ပွဲများပြုလုပ်ပြီး ရွေးချယ်ခြင်းရှိ၊မရှိ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအထိ ကြိုတင်ပြင်ဆင်စုစည်း စခန်းသွင်း လေ့ကျင့်မှုရှိ၊ မရှိ ဆိုတဲ့ ကိစ္စရပ်တွေကို ကြည့်ရှုစစ်ဆေးရမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်းအဖွဲ့များရဲ့ လိုအပ်ချက်များရှိရင်လည်း ပံ့ပိုးဖြည့်ဆည်းပေးဖို့ အမှန်တကယ်လိုအပ်ပါတယ်။

ဗဟိုကဦးစီးကျင်းပတဲ့ အားကစားပြိုင်ပွဲတစ်ခုကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ပြိုင်ပွဲဝင်အသင်းများအနေနဲ့ ပြိုင်ပွဲများပြုလုပ်ပြီး လူရွေးချယ်မှုမရှိခြင်း၊ ပြိုင်ပွဲဝင်နိုင်ဖို့ လေးလတန်သည်၊ ခြောက်လတန်သည် လုံလောက်တဲ့အချိန်ကာလတစ်ခုအထိ ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်မှုမရှိခြင်း၊ ပြိုင်ပွဲများကျင်းပရေးနဲ့ ကြိုတင်ပြင်ဆင်လေ့ကျင့်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်တွေကို တာဝန်ရှိသူ အဆင့်ဆင့်ကစစ်ဆေးဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း မရှိဘဲ အားကစားပြိုင်ပွဲများ ကျင်းပရင်ပြီးရော ဆိုတာမျိုး လုပ်နေခြင်းဟာ ပြိုင်ပွဲကျင်းပခြင်းရဲ့ ရည်ရွယ်ချက် အထမမြောက်တဲ့ အပြင်အားလုံးအတွက် အချိန်ကုန်၊ ငွေကုန်၊ လူပန်းတာမျိုးပဲ ဖြစ်နိုင်တယ်ဆိုတာ ဆင်ခြင်သတိပြုကြရမှာ ဖြစ်ပါတယ်။

အားကစားအောင်မြင်မှု ရွှေခေတ်ဖြစ်ခဲ့တဲ့ ၁၉၆၀ ပြည့်လွန်နှစ်များကို ပြန်ကြည့်ရင် ဗဟိုကဦးစီးကျင်းပတဲ့ အားကစားပြိုင်ပွဲတွေ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှာ ရှိကြတဲ့ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်ရဲ့ ဦးဆောင်မှုနဲ့ကျင်းပတဲ့ ရပ်ကွက်၊ ကျေးရွာ ပေါင်းစုံ၊ မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲတွေ၊ ပညာရေးဝန်ကြီးဌာနက ဦးစီးကျင်းပတဲ့ အခြေခံပညာနဲ့ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများအပြင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာ အားကစားဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်နဲ့ မြို့မိ၊ မြို့ဖများ စေတနာရှင်၊ ဝါသနာရှင်များရဲ့ ကြိုးစားအားထုတ်မှုနဲ့ ကျင်းပခဲ့တဲ့ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွေ ရှိခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ယခင်က မန္တလေးတိုင်း၊ ပျဉ်းမနားမြို့မှာ ပေါင်းလောင်းဒိုင်း၊ မိတ္ထီလာမြို့မှာ ထီလာမောင်ဖလား၊ ကူမဲမြို့မှာ မိုးအောက်မြေပြင်ဖိတ်ခေါ်ဖလား၊ မန္တလေးမြို့မှာ ဗထူးကွင်းဖွင့်ဖလား၊ ရတနာပုံဖလား၊ အမှတ်ပေးဖလား စတဲ့ပြိုင်ပွဲတွေ ကျင်းပခဲ့သလို ပျော်ဘွယ်မြို့မှာ ရွှေစင်ရုပ်တုဖလား၊ မလှိုင်မြို့မှာ ငွေစင်ဖလား၊ မြင်းခြံမြို့မှာ မြေလတ်ဖလား၊ မြစ်သားမြို့မှာ ဂဠုန်မင်းဖလား၊ ကျောက်ဆည်မြို့မှာ ရွှေကုန်သည်များဒိုင်း ပြိုင်ပွဲတွေ ကျင်းပခဲ့ကြပါတယ်။ မကွေးတိုင်းမှာ ဆိုရင်လည်း ချောက်မြို့မှာ သခင်ဖိုးလှကြီး ဖလား၊ ပခုက္ကူမြို့မှာ မြေလတ်ဧရာဖလား၊ ရေနံချောင်းမှာ ရေနံ့သာဖလားစတဲ့ ပြိုင်ပွဲတွေ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့မှာ ရွှေမင်းဝံဖလား၊ ရွှေဘိုမြို့မှာ အောင်ဇေယျဒိုင်းဆိုပြီး ပြိုင်ပွဲတွေ ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့တာကြောင့် အရည်အချင်းပြည့်ဝတဲ့ ဘောလုံးသမားတွေ ပေါ်ထွက်ပြီး မြန်မာ့ဘောလုံးဟာ အားကစားနည်း အားလုံးမှာ အောင်မြင်မှုအမြင့်မားဆုံး ရခဲ့တာကို တွေ့ရပါတယ်။

ဒါကြောင့် ပြည်နယ်၊ တိုင်း အသီးသီးရှိ မြို့ကြီးများမှာ ကျင်းပခဲ့တဲ့ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများအပြင် အခြားအားကစားနည်းအလိုက် ဖိတ်ခေါ်အားကစားပြိုင်ပွဲများ ပြန်လည်ဖြစ်ထွန်း ပေါ်ပေါက်ရေးကိုလည်း စည်းရုံးဆောင်ရွက်ဖို့လိုအပ်လှပါတယ်။ အားကစားသမားကောင်းတွေ ပေါ်ထွက်ဖို့ဆိုရင် အားကစားပြိုင်ပွဲတွေ မြန်မာပြည်အနှံ့ ကျင်းပနေဖို့လိုပါတယ်။ မြန်မာ့အားကစားအောင်မြင်ရေးအတွက် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးနိုင်ခြင်းက လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တယ်ဆိုတဲ့ အချက်ကိုလည်း မမေ့မလျော့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မြန်မာ့အားကစား မြင့်မားတိုးတက်ရေးအတွက် အခြေခံအကျဆုံး ဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ခုကတော့ အားကစားကွင်း၊ အားကစားရုံများ ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်းနဲ့ အသစ်တည်ဆောက်ပေးခြင်း လုပ်ငန်းတွေပါပဲ၊ ရပ်ကွက်၊ ကျေးရွာအဆင့်မှသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အားကစားပြိုင်ပွဲများ အဆင့်မီစွာ ကျင်းပနိုင်ရေးအတွက် အဆင့်လိုက်အားကစားကွင်း၊ အားကစားရုံများ၊ မီတာ (၄၀၀) ပြေးလမ်းများ ကောင်းမွန်နေအောင်လည်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

အများပြည်သူများ အချိန်မရွေး လွတ်လပ်စွာ ဝင်ထွက်ကစားနိုင်အောင်၊ ကစားချင်လာအောင်၊ အားကစားကွင်း၊ အားကစားရုံများ ပရဝဏ်အတွင်း သန့်ရှင်းသပ်ရပ်မှုရှိအောင်၊ ဝင်လမ်း ထွက်လမ်းများ ကောင်းအောင်၊ ပွဲကြည့်စင်များ သန့်ရှင်းသပ်ရပ်မှုရှိနေအောင်၊ အားကစားကွင်းများ စိမ်းလန်းနေအောင်၊ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံနေအောင်၊ ဖြစ်နိုင်ရင် အားကစားပစ္စည်းနဲ့ အားကစားဝတ်စုံ အရောင်းဆိုင်တွေ ဖွင့်လှစ်ပေးနိုင်အောင်၊ သန့်ရှင်းသပ်ရပ်တဲ့ စားသောက်ဆိုင်များ၊ သန့်ရှင်းတဲ့ အများသုံးအိမ်သာများ အပါအဝင်၊ အားကစားကွင်းဆိုင်းဘုတ်တွေကအစ သန့်ရှင်းတောက်ပြောင်ပြီး SPORTS FOR ALL 'မည်သူမဆို လွတ်လပ်စွာကစားနိုင်သည်' စသည့် ဆောင်ပုဒ်များ ရေးသားချိတ်ဆွဲထားရှိတာတွေပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးပြီး လူငယ်များနဲ့ အများပြည်သူများ အားကစားကို စိတ်ပါဝင်စားပြီး အားကစားကွင်း၊ အားကစားရုံများအတွင်းဝင်ရောက်လှုပ်ရှား ကစားလာအောင် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

တစ်ဖက်က အားကစားပြိုင်ပွဲများ မြန်မာပြည်အနှံ့ ကျင်းပဆောင်ရွက်နေသကဲ့သို့ ပြိုင်ပွဲများမှ ထွက်ပေါ်လာသည့် အလားအလာရှိသော မျိုးဆက်သစ် အားကစားသမားများအား ရေရှည်ပြုစုပျိုးထောင်ရေး အစီအစဉ်အဖြစ် အားကစားတက္ကသိုလ်နှင့် အားကစားသိပ္ပံ ကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေသည့်နည်းတူ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် အားကစားနည်း တစ်ခုချင်းအလိုက် အထူးပြုသင်ကြားပေးသည့် အားကစားအကယ်ဒမီ ကျောင်းများ ဖွင့်လှစ်၍ ရေရှည်ပြုစုပျိုးထောင်လေ့ကျင့်ပေးသည့် လုပ်ငန်းများဖြစ်ထွန်း ပေါ်ပေါက်လာစေရန်လည်း အထူးလိုအပ်လှပေသည်။ ။

ubL;(uaemif

မည်သူမဆို လွတ်လပ်စွာကစားနိုင်သည် စသည့် . . .

ရန်ကုန်မြို့ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၇၆-ဘီ)၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄စီ၊ မြေကွက်အမှတ် - 8F, 8B၂,/၂ ၊ မြေအကျယ်အဝန်း (၀. ၂၁၃)ဧက မြေပိုင်မြေအမျိုးအစားပေါ်တွင် ဆောက်လုပ်နေသော (၆)ခန်းတွဲ(၈) ထပ်ခွဲတိုက်များကိစ္စ တရားဥပဒေအရ မှတ်ပုံတင်ထားသော GREAT FATHER LAND CONSTRUCTION & DECORATION CO.,LTD မှ CHAIRMAN ဦးကျော်မြင့်နှင့်အများသိစေရန် သတိပေးကြေညာချက်

၁။ ကျွန်ုပ်၏အမှုသည်များ ဖြစ်ကြကုန်သော ဒေါ်ခင်သီတာ[၁၂/ကတတ(နိုင်)၀၀၃၅၉၅]၊ ဦးအောင်ကျော်စိုး[၁၂/ပဘတ (နိုင်)၀၀၁၂၇၈]၊ ဒေါ်ရင်ရင်[၁၂/ကတတ(ဧည့်)၀၀၀၆၁၃]၊ဒေါ်သူဇာမေတင်လှိုင်[၁၂/မရက(နိုင်)၀၅၉၇၈၂]၊ ဦးမင်းစည်သူ[၁၂/မရက (နိုင်)၁၁၄၅၉၄]-ပါ(၂)၊ ဒေါ်ခင်ဆွေရီ[၁၄/ဝခမ(နိုင်)၁၃၈၁၂၀]၊ ဦးမင်းသက်ဆန်း[၁၂/ပဇတ(နိုင်)၀၂၈၆၆၅]။ ဒေါ်နီလာဝင်း[၁၂/ သဃက(နိုင်)၁၆၉၉၂၂]-ပါ(၂)၊ ဒေါ်သီတာစိုး[၁၂/ဥကတ(နိုင်)၁၂၇၇၄၅]၊ ဒေါ်ညိုညိုအောင်[၁၂/လမတ(နိုင်)၀၁၇၅၉၇]၊ ဦးညီညီလေး [၁၂/လမတ(နိုင်)၀၂၅၅၁၀]-ပါ(၂)၊ ဦးလှဝင်း[၁၂/ပဘတ(နိုင်)၀၂၃၀၈၆]၊ ဒေါ်အေးအေးမော်[၁၂/လမန(နိုင်)၁၁၇၉၃၅]၊ မင်းခန့်ထည်[၈/အလန(နိုင်)၁၃၂၉၂၀]၊ ဦးသန်းလွင်[၉/မနတ(နိုင်)၀၀၇၄၆၇]၊ ဦးသန်းဌေးလွင်[၈/ခမန(နိုင်)၀၀၈၂၈၂]-ပါ(၂)၊ ဦးဝဏ္ဏသော်[၁၂/ရကန(နိုင်)၀၃၂၆၇၇]-ပါ(၂)၊ ဒေါ်ညိုမာရန်အောင်[၁၂/တမန(နိုင်)၀၉၈၄၈၁]၊ ဒေါ်ကေခိုင်ဝင်း[၁၂/မရက(နိုင်)၁၃၄၁၃၆]၊ ဦးစိုးလှိုင်[၁၂/ကတတ(နိုင်)၀၀၁၅၂၇]၊ ဒေါ်ရီရီ[၁၂/တမန(နိုင်) ၀၈၆၀၉၉]၊ ဦးကောင်းမြတ်[၁၂/ပဇတ(နိုင်)၀၀၀၂၆၆]ပါ(၂)၊ ဒေါ်ဥမ္မာခင်(J/RGN-057610)၊ ဒေါ်မြတ်ကျော်စိုး (V/RGN-000863)၊ ဦးကိုကိုမောင်[၁၂/ဥကမ(နိုင်)၀၅၂၂၈၁]၊ ဦးစိုးလှိုင်[၁၂/ကတတ(နိုင်)၀၀၁၅၂၇]၊ ဦးကျော်ကျော်နိုင်[၁၂/လသန(နိုင်)၀၁၃၂၂၁]၊ ဦးခင်ကြိုင်[၁၄/ဒဒရ(နိုင်)၀၅၆၆၅၉]၊ ဒေါ် ဝါဝါအောင်[၉/မရတ(နိုင်)၀၄၁၆၁၀]တို့မှ ဝယ်ယူထားသော ဦးကျော်မြင့်၏ လက်ဝယ်တွင်လည်း စာချုပ်နှင့်တကွ စာရင်းဇယား အပြည့်အစုံရှိသည့် တိုက်ခန်းများနှင့်ပတ်သက်၍ မှန်ကန်သော လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ တောင်းဆိုအပ်ပါသည်။

၂။ အထက်ခေါင်းစဉ်ပါ မြေကွက်သည် မူလအမည်ပေါက် ဒေါ်တင့်ဝေ[၁၀/မလမ(နိုင်)၀၇၀၄၆၀]ထံမှ တရားဥပဒေအရ မှတ်ပုံတင်ထားသော **GREAT FATHER LAND CONSTRUCTION& DECORATION CO.,LTD** မှ **CHAIRMAN**ဦးကျော်မြင့်[၁၂/ မဂတ(နိုင်)၀၄၉၂၄၂]မှ ၂၉-၄-၂၀၁၁ရက်စွဲပါ "မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားချက်များ အပြီးအပိုင်အရောင်းအဝယ် နှစ်ဖက်သဘောတူကတိစာချုပ်"ဖြင့် ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း(၆၃၀၀)တိတိဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ပြီးနောက် ၂၉-၃-၂၀၁၂ရက်တွင် ငွေအပြေအကျေ ပေးဆပ်ပြီးနောက် မြေကွက်အမည်ပေါက်ပိုင်ဆိုင်သည့် မှတ်ပုံတင်စာချုပ်အမှတ်-၄၁၁၂/၂၀၁၀ မူရင်းနှင့်အဆက်စပ်စာချုပ်များကို CHAIRMAN ဦးကျော်မြင့်မှ လက်ဝယ်ရရှိကာ လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟုဆိုကာ အဆိုပါ မြေကွက်ပေါ်တွင် ဦးကျော်မြင့်က (၆)ခန်းတွဲ (၈)ထပ်ခွဲတိုက်(၁)လုံးကို ဆောက်လုပ်မည်ဖြစ်၍ ကြိုပွဲင့်စနစ်ဖြင့် တိုက်ခန်းများကို အရစ်ကျပုံစံဖြင့်(၂)နှစ်အတွင်း အပြီးဆောက်လုပ်ပြီး တိုက်ခန်းလက်ရောက်ပေးအပ်ပါမည်ဆို၍ အများပြည်သူဖြစ်သော ကျွန်ုပ်တို့၏အမှုသည်များက ယုံကြည်စိတ်ချစွာဖြင့် မူလပထမ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ဝယ်သူများအဖြစ် ငွေများကို အသီးသီးပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ထို့သို့နိုင်ငံတော်အစိုးရမှ အများပြည်သူ အသုံးပြုရန် ထုတ်ဝေထားသော စာချုပ်စာတမ်းဖြင့် တရားဥပဒေအရ မှတ်ပုံတင်ထားသော GREAT **FATHER LAND CONSTRUCTION& DECORATION CO.,LTD** မှ **CHAIRMAN** ဦးကျော်မြင့်အား အများပြည်သူဖြစ်သော ကျွန်ုပ်တို့၏ အမှုသည်များက ငွေများကိုယုံကြည်စိတ်ချစွာဖြင့် ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း ဦးကျော်မြင့်သည် ယနေ့တိုင်အောင် ကျွန်ုပ်တို့၏ အမှုသည်များမှ အဆောက်အအုံပြီးစီးအောင် ဆောက်လုပ်နိုင်ရေးအတွက် ယုံကြည်အပ်နှံထားသော ငွေများကိုရယူပြီး ပြီးစီးအောင်ဆောက်လုပ်မှုမပြုဘဲ ပျက်ကွက် နေရုံမျှမက တိမ်းရှောင်မှုကိုပါ ပြုလုပ်ခဲ့၍ ကျွန်ုပ်တို့၏ အမှုသည်များမှာ လွန်စွာမှ နစ်နာဆုံးရှုံးရလျက်ရှိပါသည်။

၄။ ထိုကဲ့သို့ ကျွန်ုပ်တို့၏အမှုသည်များမှ မိမိတို့ မူလပထမဝယ်ယူထားသော တိုက်ခန်းများအပါအဝင် အဆောက်အအုံတစ်ခုလုံး ပြီးစီးအောင် ဆောက်လုပ်နိုင်ရေးအတွက် ငွေများပေးထားပါလျက် ပြီးစီးအောင်ဆောင်ရွက်မှုမပြု၍ ယင်းကိစ္စကို ဦးကျော်မြင့်ဘက်မှ တရားဝင်အထောက်အထားစာရွက်စာတမ်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြေလည်အောင်ဆောင်ရွက်ပေးပါရန်နှင့် အကယ်၍ ပျက်ကွက်ပါက ဦးကျော်မြင့်၏ ကုမ္ပဏီသည် တရားဥပဒေနှင့်အညီ မှတ်ပုံတင်၍ တည်ထောင်ထားသော ကုမ္ပဏီဖြစ်သောကြောင့် အများပြည်သူဖြစ်သော ကျွန်ုပ်တို့၏အမှုသည်များမှ ယုံကြည်အပ်နှံထားသော ငွေများကို အလွဲသုံးစားပြုလုပ်ရာရောက်၍ တည်ဆဲဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် အမှုထပ်မပွားရလေအောင် ပြတ်သားစွာ သတိပေးကြေညာအပ်ပါသည်။

အထူးဖော်ပြချက်မှာ-

၅။ အထက်ခေါင်းစဉ်ပါ မြေကွက်ပေါ်ရှိ ဆောက်လုပ်ဆဲ တိုက်ခန်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အမှုသည်များမှ မူလပထမ ငွေပေးဝယ်ယူသူများဖြစ်၍ နစ်နာနေရသောကြောင့် မည်သူမျှ လက်ပြောင်းလက်လွှဲနောက်ကြောင်းပြန် အတုအပစာချုပ်များဖြင့် အလွဲသုံးစားမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလျက် ကျွန်ုပ်တို့၏ အမှုသည်များသည် အထက်ပါမြေကွက်ပေါ်ရှိ ဆောက်လက်စ အဆောက်အအုံမှ မူလပထမဝယ်ယူထားသော တိုက်ခန်းများကိစ္စကို ဥပဒေနှင့်အညီ ဦးကျော်မြင့်မှ သတ်မှတ်သည့်ရက်အတွင်း ပြီးစီးအောင် ဆောက်လုပ်ရေးအတွက် ယုံကြည်လောက်သော အထောက်အထားအာမခံချက်ရှိ စာရွက်စာတမ်း၊ လူကိုယ်ထံအာမခံသူတို့ဖြင့် ဆောင်ရွက်မပေးပါက အများပြည်သူဖြစ်သော ကျွန်ုပ်တို့၏အမှုသည်များသည် အဆောက်အအုံပြီးစီးအောင် တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဦးကျော်မြင့်အပါအဝင် သက်ဆိုင်သူတို့ကို တရားဥပဒေအရ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် အသိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

မှတ်ချက်-အထက်ယခင် သတင်းစာများ၌ ထည့်သွင်းထားသော ကြေညာချက်များပါ အကြောင်းအချက်များသည် ဤကြေညာချက်နှင့်မဆန့်ကျင်သမျှ ရုပ်သိမ်းသည်ဟုမမှတ်ယူရ။

အထက်အပိုဒ်(၁)တွင် ဖော်ပြထားသော အမည်ပါဂုဏ်သရေရှိ လူကြီးလူကောင်းများ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရှေ့ဘတ်စန်းအောင်	ဦးထွန်းအောင်	ဒေါ်အေးအေးသက်	ဒေါ်အေးအေးဝင်း
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၂၄၆၉)	(စဉ်-၃၂၃၈)	(စဉ်-၈၂၂၀)	(စဉ်-၈၈၃၄)
ဒေါ်သဇင်အေး	ဦးကြည်သာဖုန်းမြင့်	ဦးကျော်လတ်စိုး	
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	
(စဉ်-၃၆၄၄၁)	(စဉ်-၄၃၄၃၄)	(စဉ်-၄၀၅၀၈)	

(HYGIENIC LEGAL CLINIC)

ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာတွင် ၁၆ ခုတင်တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပွဲ ကျင်းပ

ပွင့်ဖြူ၊ ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာတွင် ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဆောက်အအုံများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဆေးရုံဖွင့်ပွဲအခမ်းအနားအား ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက အဆိုပါ ဆေးရုံအဆောက်အအုံ ဖွင့်ပွဲမုခ်ဦးရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆေးရုံသစ်ဖွင့်ပွဲတွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဖိုးပါနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းတို့မှ ဖွင့်လှစ်ပေးပြီး တိုက်နယ်ဆေးရုံ ဆိုင်းဘုတ်အား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး ဦးအောင်နိုင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဦးအောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က တိုက်နယ်ဆေးရုံ ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုက်နယ်ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်သော အချက်အလက်အထောက်အထားမှတ်တမ်းများအား ဂလက်စီပါဝါ ကုမ္ပဏီဒါရိုက်တာ ဒေါ်မိုးစန္ဒီထွန်းက တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး တိုက်နယ်ဆေးရုံ ဆေးပသာပင်အတွက် အလှူငွေများအား အလှူရှင်များက ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသီတာတင်ဝင်းက လက်ခံရယူခဲ့သည်။

ယင်းနောက် မဲဇလီကျေးရွာ ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးခင်မောင်သိန်းက ၁၆ ခုတင် တိုက်နယ်ဆေးရုံ ဆောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားအား ရုပ်သိမ်း၍ တိုက်နယ်ဆေးရုံအတွင်း ဆေးဝါးပစ္စည်းများ ပြည့်စုံကောင်းမွန်မှု၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် လူနာဆောင်များ သန့်ရှင်းသပ်ရပ်ကောင်းမွန်မှု အခြေအနေများအား စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား အားပေးစကားများပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ တိုက်နယ်ဆေးရုံသည် ပွင့်ဖြူမြို့၏ အနောက်ဘက် ၁၆ မိုင်ကွာဝေးသော အိမ်ခြေ ၃၀၀၊ အိမ်ထောင်စု ၃၀၆ စု၊ လူဦးရေ ၁၁၅၆ ဦးရှိသော မဲဇလီကျေးရွာတွင် တည်ဆောက်ပေးခဲ့ပြီး မဲဇလီကျေးရွာအုပ်စုနှင့် ကျန်နီးစပ်ရာကျေးရွာအုပ်စု ၁၀ အုပ်စုအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်မည်ဖြစ်သည်။

တင်ထွန်းဦး(မင်းဘူး)

အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး...

စာမျက်နှာ ၁၉ မှ

နေ့စဉ်သတ်မှတ် Training Program များအတိုင်း နည်းစနစ်မှန်မှန် ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်လေ့ကျင့်စေရေး စစ်ဆေးကြပ်မတ်ခြင်း၊ နည်းပြများနှင့် အားကစားသမားများ စည်းကမ်းကောင်းမွန်ရေး၊ နေထိုင်စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ စိတ်အပန်းဖြေရေး၊ သက်သာချောင်ချိရေး၊ သက်ဆိုင်ရာ အားကစားနည်းနှင့် ပတ်သက်သည့် နည်းစနစ်၊ နည်းဥပဒေများ၊ တတ်ကျွမ်းနားလည်ရေး၊ အာဆီယံနိုင်ငံများမှ ပြိုင်ဘက် အားကစား သမားများ၏ အားနည်းချက်၊ အားသာချက် အခြေအနေများ သိရှိရေး၊ အားကစားသမား တစ်ဦးချင်းစီ၏ ကြံ့ခိုင်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှုများအပါအဝင် စံချိန်စံညွှန်း ကောင်းမွန်တိုးတက်ရေး၊ ပြိုင်ပွဲအတွေ့အကြုံရရှိရေးအတွက် နိုင်ငံတကာအားကစားအဖွဲ့ချုပ်များနှင့် မပြတ်ဆက်သွယ်၍ ပြည်ပအားကစား ပြိုင်ပွဲများ၊ ဖိတ်ခေါ်အားကစားပြိုင်ပွဲများယှဉ်ပြိုင်ရေး၊ ပြည်တွင်း ဖိတ်ခေါ်ပြိုင်ပွဲများကျင်းပရေး၊ အားကစားနည်းအလိုက်တိုးတက်သည့် နိုင်ငံများသို့ ပူးတွဲလေ့ကျင့်မှုစေလွှတ်ရေး၊ ပြည်တွင်းသို့ ဖိတ်ခေါ်၍ ပူးတွဲလေ့ကျင့်ရေး၊ အားကစားစိတ်ပညာ၊ အားကစားဆေးပညာ အခြေခံများအား သိရှိအောင်ပညာပေးရေး၊ အားကစားနည်းအလိုက် လေ့ကျင့်မှုအပေါ်မူတည်၍ စားသောက်ရမည့် ကယ်လိုရီ လိုအပ်ချက်များသိရှိစေရန် ပညာပေးရေးလုပ်ငန်းများ အပါအဝင် အားကစားသမားများ၏ နောင်ရေး အဆင်ပြေစေရေးကိစ္စရပ်များကိုပါ လစ်ကွက်ဟာကွက် မရှိရအောင် တာဝန်ရှိသူ အဆင့်ဆင့်မှ စီမံဆောင်ရွက်ပေးရမည်ဖြစ်ပေသည်။

အာဆီယံနိုင်ငံများ၏ ဒေသတွင်းအားကစားပြိုင်ပွဲဖြစ်သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အမြဲတစေ ထိပ်တန်းက ရပ်တည်နိုင်ဖို့ဆိုလျှင် အားကစားတက္ကသိုလ်၊ အားကစားသိပ္ပံကျောင်းများနှင့် အားကစားအကယ်ဒမီများတွင် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်များအားစိစစ်ရွေးချယ်၍ ရေရှည်ပြုစုပျိုးထောင် လေ့ကျင့်ပေးပြီး အားကစားနည်းအလိုက် အရည်အသွေးပြည့်ဝသည့် အားကစားသမားများအား မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အသီးသီးသို့ စဉ်ဆက်မပြတ်ပို့ဆောင်ပေးနိုင်မှုအပေါ်တွင် မူတည်လျက်ရှိသဖြင့် အားကစား အကယ်ဒမီများ တိုင်းဒေသကြီး/ပြည်နယ်အနှံ့ဖွင့်လှစ်ပေးနိုင်ရေးမှာလည်း အလေးထား ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ် တစ်ခုဖြစ်ပေသည်။

မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအနေဖြင့်လည်း မိမိတို့အားကစားအဖွဲ့ချုပ် အလိုက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်၊ ပဏာမလက်ရွေးစင်များနှင့် အလားအလာရှိသည့် မျိုးဆက်သစ်အားကစားသမားများအား

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များစွာရှိသော်လည်း အခြေခံကျကျ ဆောင်ရွက်ရမည့် မြန်မာပြည်အနှံ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်း အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် အဆင့်မီစွာ ကျင်းပရေး၊ အခြေခံပညာကျောင်းပေါင်းစုံနှင့် တက္ကသိုလ်ပေါင်းစုံအားကစား ပြိုင်ပွဲများ အဆင့်မီစွာကျင်းပရေး၊ ဒေသတွင်းဖိတ်ခေါ်အားကစား ပြိုင်ပွဲများ အဆင့်မီစွာကျင်းပရေး၊ ဗဟိုမှ ဦးစီးကျင်းပသည့် အားကစားပြိုင်ပွဲများ အဆင့်မီစွာ ကျင်းပနိုင်ရေးတို့အား အပိုင်းကဏ္ဍအလိုက် တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်စစ်ဆေး ဆောင်ရွက် ကြမည်ဆိုပါလျှင် ပြိုင်ပွဲအသီးသီးမှ ထွက်ပေါ်လာမည့် အလားအလာရှိသည့် မျိုးဆက်သစ်များအား အားကစားတက္ကသိုလ်၊ အားကစားသိပ္ပံကျောင်းများ နှင့် အားကစားအကယ်ဒမီများမှ ရေရှည် ပြုစုပျိုးထောင်လေ့ကျင့်၍ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အသီးသီးသို့ အရည်အသွေးပြည့်ဝသည့် အားကစားသမားများ စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးနိုင် ကြမည်ဆိုပါလျှင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ အဆင့်မီစွာ ဝင်ရောက် ယှဉ်ပြိုင်၍ အောင်နိုင်ဆုများ ဆွတ်ခူးနိုင်ရေးအတွက် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ စည်းကမ်းကောင်းမွန်ရေး၊ အားကစားအရည်အချင်းနှင့် ပြိုင်ပွဲအတွေ့အကြုံ ပြည့်ဝရေးများအပါအဝင် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များအား စနစ်တကျ ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ကြမည်ဆိုပါလျှင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက မြန်မာ့အားကစား မြင့်မားတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြမည်ဆိုပါလျှင် ......

အမျိုးသားအားကစားအဆင့်အတန်းတိုးတက်မြင့်မားလာမည်မှာ မုချဧကံ အမှန်မလွဲနိုင်ပါကြောင်း။ ။

ကျမ်းကိုးစာရင်း

- ***နေ့စဉ်ထုတ်သတင်းစာများ***
- ***အားကစားဝန်ကြီးဌာနမှ ထုတ်ဝေသော စာအုပ်၊ စာတမ်းများ***







စာအုပ်စာပေ လှူမိတ်ဆွေ

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ၏ အကူအညီချေးငွေဖြစ်သော JICA ODA LOANဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဖြစ်သည့် အောက်ဖော်ပြပါ လမ်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းအား တင်ဒါခေါ်ယူမည် ဖြစ်ပါသည်။

(ပြည်တွင်းကုမ္ပဏီများသာ)

စဉ်	လမ်းအမည်	လုပ်ငန်းအမျိုးအစား
၁။	တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း(၇)မိုင် (၂)ဖာလုံ+တံတားငယ်+တံတားလတ် (၁၇)စင်း (ကယားပြည်နယ်)	ကတ္တရာလမ်း
၂။	ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံလမ်း(၁၄)မိုင် (၁)ဖာလုံ (မန္တလေးတိုင်းဒေသကြီး+ရှမ်းပြည်နယ်)	ကတ္တရာလမ်း
၃။	ကလေး-ဖလမ်း-ဟားခါးလမ်း(၇)မိုင်(၁)ဖာလုံ (ချင်းပြည်နယ်)	ကတ္တရာလမ်း
၄။	ဟားခါး-ဂန့်ဂေါလမ်း(၁၉)မိုင် (၂)ဖာလုံ (ချင်းပြည်နယ်)	ကတ္တရာလမ်း
၅။	သိုင်းငင်း-တီးတိန်လမ်း(၁၆)မိုင်(၄)ဖာလုံ (ချင်းပြည်နယ်)	ကတ္တရာလမ်း

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်- ၁၁-၂-၂၀၁၅ရက်မှ ၁၈-၂-၂၀၁၅ရက်အထိ
၃။ အကြိုအစည်းအဝေးခေါ်မည့်ရက်- ၂၅-၂-၂၀၁၅ ရက် မွန်းလွဲ (၂း၀၀)နာရီ
၄။ တင်ဒါတင်သွင်းရမည့်ရက်- ၁၁-၃-၂၀၁၅ရက် နံနက် (၉း၃၀)မှ (၁၂း၀၀) နာရီအထိ
၅။ တင်ဒါဖွင့်မည့်ရက် -၂၄-၃-၂၀၁၅ရက် မွန်းလွဲ (၁း၀၀) နာရီ
၆။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီး၊
ရုံးအမှတ်-၁၁၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၄၆၈၊ ၄၀၇၅၇၈၊ ၄၀၇၆၀၃၊ ၄၀၇၅၈၃၊ ၄၀၇၃၈၀

ယခု ၂၀၁၅ ခုနှစ် အတွင်း ရာဇဂြိုဟ်ဆည်တည်ဆောက်ရေး လုပ်ငန်းများအားလုံးပြီးစီးရန် ရည်မှန်းချက်ထားဆောင်ရွက်

ကလေး၊ ဖေဖော်ဝါရီ ၉

ရာဇဂြိုဟ်ဆည်တမံပိုင်း အပြီးသတ်ရန် လက်ရှိ အချိန်တွင် ပင်မတမံချောင်းပိတ်ခြင်း လုပ်ငန်းနှင့် ကုန်ကျောတမံ နှစ်နေရာသာကျန်ရှိနေပြီး လာမည့် မတ်လအတွင်း အဆုံးသတ်နိုင်မည်ဖြစ်ကာ ဆည်တည်ဆောက်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများအားလုံး ၂၀၁၅ ခုနှစ်အတွင်း အားလုံးပြီးစီးရန် ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း ရာဇဂြိုဟ်ဆည်မှ အေအီး ဦးဗညာစိုးက ပြောသည်။

ပင်မတမံပိုင်း လက်ကျန် နှစ်နေရာအား သတ်မှတ်ချိန်အတွင်း အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် ဌာနပိုင်ယန္တရားအင်အား ၁၅၀ နှင့် အခြားပြည်တွင်း ကုမ္ပဏီရှစ်ခုမှ ယန္တယားအင်အားများ ပေါင်းစုကာ ဆောင်ရွက်နေပြီး နေ့ဆိုင်း ညဆိုင်းများ ခွဲကာ လုပ်ဆောင်နေကြောင်း သိရသည်။

တမံပိုင်း ပိတ်ခြင်း လုပ်ငန်းများပြီးစီးပါက ဖေဖော်ဝါရီလကုန်ပိုင်းတွင် ရေစတင်သိုလှောင်နိုင်မည်ဖြစ်ပြီး ရေသိုလှောင်ချိန်မှာ မိုးအနည်းအများပေါ် မူတည်၍ အချိန်ကာလအားဖြင့် အတိအကျ မပြောနိုင်ကြောင်း တည်ဆောက်ရေး (၄) မှ အေအီး ဦးသိန်းစိုးက ပြောသည်။

ရာဇဂြိုဟ်ဆည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရန် ပါဝါဟောစ် လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကာ သံမဏိသံပိုက်လုံး သွယ်တန်းခြင်းလုပ်ငန်းများလည်းစတင်နေပြီဖြစ်ကြောင်း သိရသည်။ ယင်းမှ လျှပ်စစ်ဓာတ်အား (၅) မဂ္ဂါဝပ် ထုတ်ယူနိုင်မည်ဖြစ်ကာ Test Run အနေဖြင့် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရာဇဂြိုလ်ဆည်အား ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ရာဇဂြိုလ်ဆည် ရေလှောင်တံမံစီမံကိန်း၏ ပထမရည်ရွယ်ချက်မှာ လယ်ရေပေးဝေနိုင်ရေးဖြစ်ပြီး ဒုတိယမှာ လျှပ်စစ်မီးပေးဝေရေးဖြစ်ကာ ဆည်ပြီးဆုံးပါက မြောင်းမကြီးနှင့် လက်တက်ငါးသွယ်မှ လယ်ဧက ၈၅၀၀ ကျော် အထိရေပေးဝေနိုင်မည်ဖြစ်သည်။ **လင်းလက်ကြယ်စင်**

လောင်းလုံမြို့နယ် ကျေးရွာအရန်မီးသတ်တပ်ဖွဲ့များသို့ ရေစုပ်စက်ရှစ်လုံးရရှိမည်

လောင်းလုံး၊ ဖေဖော်ဝါရီ ၉

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မီးသတ်ဦးစီးဌာနသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရရှိထားသော ရေစုပ်စက်ရှစ်လုံးအား မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ခံ ဦးမျိုးဇော်နှင့် အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးဝင်းမြင့်တို့က တစ်ဆင့် စစ်ပြ၊ ပညစ်၊ ပြင်ချောင်း၊ သပြေရှောင်၊ ကထောင်းနီ၊ တောကျဲ၊ ကျောက်တွင်း၊ ကြက်လွတ်ကျေးရွာများသို့ ပြန်လည် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ကနဦး သိရသည်။ **(လောင်းလုံးပြန်/ဆက်)**

မြစ်ကြီးနားမြို့နယ်စည်ပင်မှ ခင်းသည့်ကတ္တရာလမ်းများဖွင့်

မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၉

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် ကြက်ပေါင်ခြံရပ်ကွက် ဧရာဝတီလမ်းသစ်နှင့် စီတာပူရပ်ကွက် ငွေပျော်လမ်းနှင့် မနော ဉယျာဉ်ပတ်လမ်းတို့ကို စည်ပင်ပြည်သူပူးပေါင်းဆောင်ရွက်ခဲ့သည့် မြို့သစ်ရပ်ကွက်စည်ပင်သာယာလမ်းတိုးချဲ့ကတ္တရာထပ်ပိုးလွှာလမ်းများဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက အဆိုပါလမ်းများ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ကြက်ပေါင်ခြံရပ်ကွက် ဧရာဝတီလမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖွင့်လှစ်ပေးကြပြီး မြို့သစ်ရပ်ကွက်စည်ပင်သာယာလမ်း တိုးချဲ့ကတ္တရာထပ်ပိုးလွှာလမ်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးနိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ကတ္တရာထပ်ပိုးလွှာ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးလဂျွန်ငန်ဆိုင်းက လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီတာပူရပ်ကွက် ငွေပျော်လမ်းနှင့် မနောဉယျာဉ်ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို လမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် လမ်းသစ်ကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အမှုဆောင်အရာရှိ၊ လမ်းဖြစ်မြောက်ရေးအတွက် အလှူငွေ ၃၅၆ သိန်း ထည့်ဝင်သည့် အလှူရှင် ဦးကရိုင်လဆန်နှင့် ရပ်မိရပ်ဖ ဦးမီထွယ်ဇော်လတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်က လမ်းသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းအပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပလန(၁)ရပ်ကွက် ပိတောက်မြိုင်ကျေးရွာရှိ RC ကယ်ဆယ်ရေးစခန်းတွင် ယင်းနေ့မှာပင် မီးဘေးသင့် အိမ်ထောင်စု ၂၉ စုကို တွေ့ဆုံအားပေးပြီး မိသားစုများ၏ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်များပြန်လည်ရရှိရေးနှင့် ကျောင်းနေအရွယ်ကလေးများအား ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က အနွေးထည်များနှင့် ထောက်ပံ့ငွေများ၊ ပြည်နယ်အစိုးရအဖွဲ့မှ ဆန် ၂၉ အိတ်၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ Family Kit ၂၉ ဖာ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိမ်ထောင်စုသုံးပစ္စည်းကိုးမျိုးပါ ၂၉ ဖာနှင့် ပြည်နယ်ပညာရေးဌာနမှ ကျောင်းသုံးစာရေးကိရိယာများ စုစုပေါင်းထောက်ပံ့ပေးအပ်ငွေ ကျပ် ၈၇၂၈၇၆၇ ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

မီးလောင်ကျွမ်းခဲ့သည့် နေရာကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(ပြည်နယ်ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

တရားမဝင် အရက်၊ ဘီယာ၊ ဝိုင်နှင့်စီးကရက်များ တင်သွင်းရောင်းဝယ်ဖောက်ကားနေသူများ သတိပြုရန်

ယခုအခါ တရားမဝင် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက် အမြောက်အမြား ပြည်ပမှ ပြည်တွင်းသို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လျက်ရှိပါသည်။ ယင်းပစ္စည်းများသည် ပြည်တွင်း၌ တရားဝင်ထုတ်လုပ်၍ အခွန်ပေးဆောင်နေသော လုပ်ငန်းများကို နစ်နာစေကြောင်း တွေ့ရပါသည်။ ၎င်းတရားမဝင် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များကို တင်သွင်း၊ ရောင်းဝယ်ဖောက်ကား၊ အရောင်းမြှင့်တင်နေခြင်းများသည် တည်ဆဲဥပဒေများကို ဖောက်ဖျက်ရာကျရောက်သဖြင့် ထိုသို့ဆောင်ရွက်မှုအားလုံးကို ရှောင်ကြဉ်ကြပါရန် သတိပေးနှိုးဆော်ပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

မော်လိုက်သစ်ထုတ်ရေးရုံး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲ ကျင်းပ

မော်လိုက်၊ ဖေဖော်ဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်အရှေ့ သစ်ထုတ်ရေးရုံး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၃ နာရီတွင်ပြုလုပ်ရာ အခမ်းအနားသို့ မော်လိုက်အရှေ့သစ်ထုတ်ရေး ဒေသတာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိုးနိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုမင်း၊ မော်လိုက်အရှေ့၊ အနောက် သစ်ထုတ်ရေးမှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် မော်လိုက်အရှေ့ သစ်ထုတ်ရေးဒေသတာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိုးနိုင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များအား ပဏာမပြောကြားခဲ့ပြီး မော်လိုက်မြို့နယ် မီးသတ်ဦးစီးအရာရှိက မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်နှင့် ဆောင်ရွက်ချက်များ၊ မီးသတ်ဆေးဘူးများ အသုံးပြုပုံနှင့် မီးငြိမ်းသတ်ရေး နည်းစနစ်များ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများအား ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်ပြီး သစ်ထုတ်ရေးဂိုဒေါင်နှင့် တိုင်ကီပြတ်ထဲသို့ မီးလောင်စာများထည့်ပြီး မီးငြိမ်းသတ်ရေး သရုပ်ပြခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရုံးသူ၊ ရုံးသားများစုပေါင်း၍ မီးသတ်ပိုက်များ၊ မီးသတ်ဆေးဗူးများဖြင့် ဇာတ်တိုက်၊ လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျော်ပွား(မော်လိုက်)

ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးသစ် ဖွင့်လှစ်

မိတ္ထီလာ၊ ဖေဖော်ဝါရီ ၉

မိတ္ထီလာခရိုင် ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက ယင်းအဆောက်အအုံသစ် မျက်နှာစာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူး ရုံး အဆောက်အအုံသစ်အား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်သည့် ဦးစောဌေး၊ ဦးကျော်အေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ ခရိုင်ပညာရေးမှူး ဦးမြင့်ဆွေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြမြတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများအဖွဲ့က ရုံးဆိုင်းဘုတ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ရုံးအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

မိတ္ထီလာခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံး အဆောက်အအုံသစ်မှာ အလျား ၇၂ ပေ၊ အမြင့်ပေ ၄၀ ရှိပြီး အာရ်စီအမျိုးအစား လေးထပ် အဆောက်အအုံဖြစ်ကာ ၂၀၁၄-၂၀၁၅ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်းနှစ်ထောင်ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြို့ရေပေးဝေရေးလုပ်ငန်းများ တိုင်းဒေသကြီး စည်ပင်ဝန်ကြီး စစ်ဆေး

မကွေး၊ ဖေဖော်ဝါရီ ၉

မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် မြို့ရေပေးဝေရေးလုပ်ငန်းများရှိ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးနေရှင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် မြို့ရေပေးဝေရေး လုပ်ငန်းသစ်တစ်ခုဖြစ်သော အောင်ရတနာရပ်ကွက်ရှိ သုခိတာရေလှောင်ကန်သို့ ရေတင်ပို့ဖြန့်ဝေနိုင်ရန် ၈ လက်မ စက်ရေတွင်းသစ် တူးဖော်ဆောင်ရွက်နေမှုအား စစ်ဆေးခဲ့သည်။

မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးနေမျိုးနိုင်က အဆိုပါစက်ရေတွင်းတူးဖော်ပြီးစီးပါက အောင်ရတနာ၊အောင်ချမ်းသာ၊ ကန်သာ၊ မြင်သာ နှင့် ပြည်တော်သာရပ်ကွက်များသို့သောက်သုံးရေ ပိုမိုဖြန့်ဖြူးပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအား ဖြည့်စွက်မှာကြားခဲ့သည်။

မကွေးမြို့ ရေရရှိရေးလုပ်ငန်းများတွင် ရေတွင်းပေါင်း ၂၀၊ မြစ်ရေတင်လုပ်ငန်းတစ်ခု၊ စင်မြင့်ရေလှောင်ကန်တစ်ကန်၊ မြေစိုက်ရေလှောင်ကန်နှစ်ကန်ဖြင့် နေ့စဉ်ရေဂါလန် တစ်သန်း သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသည်။

ဂျပန်အစိုးရ၏ ချေးငွေ ကျပ်သန်း ၆၈၀ အသုံးပြု၍ ရေတွင်းအသစ်များတူးဖော်ခြင်း၊ စင်မြင့် ရေလှောင်ကန်များ တည်ဆောက်ခြင်း လုပ်ငန်းများအား ၂၀၁၅ခုနှစ် အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု တူးဖော်လျက်ရှိသည့် စက်ရေတွင်း အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ၁၆၆ ဒသမ ၆သိန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက တစ်နာရီ ရေဂါလန် ၇၀၀၀ နှုန်းထွက်ရှိမည်ဖြစ်သည့်အတွက် မကွေးမြို့နေပြည်သူများ သောက်သုံးရေ ပိုမိုရရှိလာမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ဖေယျာတု(မကွေး)**

သွေးသည်အသက်

ဒီပဲယင်းမြို့နယ် ကျေးလက်ဒေသအခြေခံမွေးမြူရေး လုပ်သား(CAHW) သင်တန်းဆင်းပွဲပြုလုပ်

ဒီပဲယင်း၊ ဖေဖော်ဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကျေးလက်ဒေသ အခြေခံမွေးမြူရေးလုပ်သား(CAHW) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဥမ္မာအေးက ကျေးလက်ဒေသများ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ဝင်ငွေများရရှိကာ စဉ်ဆက်မပြတ် တိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းကာလကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၆ ရက်ထိ ဖွင့်လှစ်ခဲ့ပြီး ကျေးရွာအုပ်စုများမှ သင်တန်းသား ၁၀ ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။

အောင်လင်း(ပြန်/ဆက်)

GUSTO
Institute of Information Technology
Computer Software Developer
ကောင်းတစ်ယောက် ဖြစ်လိုသူများအတွက်
Programming Fundamental
- Programming Language အများကြီးရှိသော်လည်း Programming Concept and Process, Way of Thinking နှင့် Techinques များသည် အခြေခံအားဖြင့် အတူတူပင်ဖြစ်သည်။
- ဤအတန်းတွင် Programming Language အားလုံး၏ အခြေခံ Techniques များဖြစ်သော array, control structure , loop structure နှင့် method စသည့်တို့ကို real-world examples များနှင့် တကွ လေ့လာရမည်။
- Problem Solving Skills နှင့် Logical Thinking Skills များတိုးတက်လာစေရန် Case-Study များ၊ လုပ်ငန်းခွင် ပြဿနာများကို Flow Chart, Pseudo Code များအသုံးပြုပြီး ကိုယ်တိုင်ဖြေရှင်းရမည်။

ကွန်ပျူတာ အခြေခံရှိသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။
No. 289 (A), Pyay Road, Sanchaung Township, Yangon. Tel: 01- 50 3715, 01- 50 4632, 09 - 730 31302.

ပြည်တွင်းရေးရာ

မိတ္ထီလာတွင် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ပေးအပ်

မိတ္ထီလာ ဖေဖော်ဝါရီ ၉

မိတ္ထီလာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ ရက်နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ် (၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းတို့က ဒေသဖွံ့ဖြိုးအတွက်ပေးအပ်သည့် ရန်ပုံငွေသိန်းတစ်ထောင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ကြရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

မိတ္ထီလာမြို့နယ်အတွင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ဖြင့် လမ်းတံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၁၁ ခု၊ သောက်သုံးရေ ရရှိရေးလုပ်ငန်း ၁၉ ခု၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၂၄ ခု၊ မီးလင်းလုပ်ငန်း ၂ ခု စုစုပေါင်း လုပ်ငန်း ၅၆ ခုအား ရပ်ကွက်ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ **(၅၇၉)**

မြန်အောင်၌မန်ကျည်းသီးဈေးကျသော်လည်းအရောင်းအဝယ်ဖြစ်

မြန်အောင် ဖေဖော်ဝါရီ ၉

မြန်အောင်တွင် မန်ကျီးသီး ဈေးကျသွားသော်လည်း အရောင်းအဝယ်ဖြစ်နေသည်ဟု မန်ကျည်းသီးပွဲရုံ လုပ်ငန်းရှင်များက ပြောသည်။

"မကျည်းသီးက ဇန်နဝါရီလဆန်းလောက်က စပေါ်တာ၊ ပေါ်စက တစ်ပိဿာကို ၉၀၀ လောက်ဝယ်ရတယ်၊ သိပ်မကြာပါဘူး။ ၅၀၀ထိ ဈေးကျသွားတယ်၊ ခုတစ်ပိဿာကို ၄၅၀ နဲ့ ဝယ်နေပါတယ်"ဟုပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ မန်ကျည်းသီးများကို နွားစဉ်စက်ဘီးများ၊ ဆိုင်ကယ်များနှင့် နယ်ကားများဖြင့်သယ်ယူလာကာ မြို့ပေါ်ရှိ ပွဲရုံလေးခုသို့လာရောက်ရောင်းချရကြောင်း၊ ယခုရက်ပိုင်းအတွင်း ဈေးအနည်းငယ်ကျသွားကြောင်း မန်ကျည်းသီးလာရောက်ရောင်းချသူတစ်ဦးက ပြောသည်။

ကုန်တင်ယာဉ်ပိုင်ရှင် တစ်ဦးကလည်း "ခုလိုမျိုးမန်ကျည်းသီးရာသီမှာ ရန်ကုန်ကို တင်ပို့ကုန် အထူးရှာစရာမလိုတော့ဘူး၊ မန်ကျည်းသီး ပိဿာချိန် (ပိဿာ ၃၀ ငါးဆယ်သား) တစ်အိတ်ကို တန်ဆာခက ရန်ကုန်အထိ ကျပ် ၁၀၀၀ ရပါတယ်" ဟုပြောသည်။

"သရက်ဘက်က မန်ကျီးသီးကုန်သည်များကလည်း မန်ကျည်းသီးနဲ့ ကြက်သွန်ကိုတင်လာပြီး အပြန်မြန်အောင်ထွက် ဆန်ကို ဝယ်တင်သွားလို့ သရက်မန်ကျည်းသီးလည်း တစ်ခါတစ်ရံ ရတယ်" ဟု ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

သရက်မန်ကျီးသီးမှာ အသားပါးပြီး ခြောက်သွေ့ကာ ကျစ်ကျစ်လျစ်လျစ်ရှိကြောင်း၊ မြန်အောင်မန်ကျည်းသီးကတော့အသားထူပြီး အတောင့်ချောကြောင်းလည်း ပွဲရုံပိုင်ရှင်က ပြောသည်။ ယခုရက်ပိုင်း တစ်နေ့လျှင် ပွဲရုံများသို့ မြန်အောင်မန်ကျည်းသီး ပိဿာချိန် ၁၀၀ ခန့် ဝင်သဖြင့် အလုပ်သမားများနှင့် ယာဉ်ပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း၊ မန်ကျည်းသီးများကို ရန်ကုန်သို့လည်းကောင်း၊ ပြည်မြို့သို့လည်းကောင်း၊ ရခိုင်သို့လည်းကောင်းတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

နေဝင်းဇော်(မြန်အောင်)

စာစီစာကုံးပြိုင်ပွဲကျင်းပ

ဘောဂလိ ဖေဖော်ဝါရီ ၈

ကသံတောင်ကြီးမြို့နယ် ဘောဂလိမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် ဘောဂလိမြို့ အခြေခံပညာ အထက်တန်းကျောင်းသတ္တမတန်းမှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၅ ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မကွေး၌အချိန်အခါမဟုတ်မိုးရွာ အာလူးခင်း၊ ကြက်သွန်ခင်းများဆုံးရှုံး

မကွေး ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရင်းချောင်းတစ်လျှောက်တွင် စိုက်ပျိုးထားသည့် အာလူး၊ ကြက်သွန်များသည် မကွေးမြို့ ကုန်စိမ်းဒိုင်များသို့ နှစ်စဉ်များစွာ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် အချိန်အခါမဟုတ်ရွာသွန်းခဲ့သောမိုးကြောင့် အာလူးခင်း၊ ကြက်သွန်ခင်းများကို ဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရကြောင်း စိုက်ပျိုးသူ တောင်သူများက ပြောသည်။

"ဒီနှစ်ကတော့ အာလူးဈေး၊ ကြက်သွန်ဈေးတွေက အရင်နှစ်တွေကထက် ဈေးကောင်းမှာပါ" ဟု ဒေသခံတစ်ဦးပြောသည်။

မကွေးမြို့နယ် စည်ပင်သာကျေးရွာ၊ ဖုတ်ကုန်းကျေးရွာ၊ လျှောင်းတော်ဦးကျေးရွာများသည် ရင်းချောင်းရေကျချိန်တွင် ရင်းချောင်းတစ်လျှောက် အာလူး၊ ကြက်သွန်များကို စိုက်ပျိုးကြသည်။

အဆိုပါ စိုက်ခင်းများကို တပို့တွဲလပြည့်ကျော်တွင် စတင်စိုက်ပျိုးကြပြီး အပင်ပေါက်များသန်စွမ်းခဲ့၍ အရွက်ဖားဖားနှင့် အာလူး၊ ကြက်သွန်ခင်းများ ကြည့်ကောင်းနေချိန်တွင် ပြာသိုလ်လပြည့်ကျော် ၁၂၊ ၁၃ နှင့် ၁၄ ရက်တို့တွင် အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့သည်။

ထိုသို့ရွာသွန်းခဲ့သောမိုးကြောင့် အာလူးပင်များ၏အမြစ်များရေဝပ်၍အာလူးများသီးချိန်တွင် အာလူးသီးများသည် ဘောက်ခလောင်းများ ဖြစ်နေခြင်း၊ ကြက်သွန်ခင်းများတွင်လည်းကြက်သွန်အမိတ်များတွင် အဝါ အပြောက်များထနေခြင်းတို့ကြောင့်အာလူးခင်း၊ ကြက်သွန်ခင်းများကို ထယ်မှောက်တွင်ရကြောင်းကို စည်ပင်သာကျေးရွာနေ ဒေါ်စိန်ရွှေက ပြောပြခဲ့သည်။

ဓာဓာ(မကွေး)



THE BMW 7 SERIES AND BMW 5 SERIES.

The perfect expression of elegance and power rarely comes with an irresistible offer that thrills the heart.

For a limited time, receive exclusive deals, save up to 20% off on BMW ASEAN Summit programme cars as well as 3 years Warranty and 3 years Maintenance Service package.
Or enjoy preferential rates on the BMW 7 Series and BMW 5 Series - range of customisations with the finest details to reflect your distinguished style.

Visit Prestige Automobiles or call +95 (1) 230 6133 to reserve your test drive today.

PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

Prestige Automobiles Co.,Ltd: #485, Corner of Pyay Road and Narnattaw Street Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 **Service Hotline:** +95 (1) 2306144 **Email:** info@pac-bmw.com **Website:** www.bmwmyanmar.com **Facebook:** www.facebook.com/BMWPAC

ကြော်ငြာ

IDEAL CLASS EDUCATION CENTRE
ICEC
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာရေးဘော်ဒါ
သူငယ်တန်း မှ
တက္ကသိုလ်ဝင်တန်း အထိ
၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

မြန်မာပြည်မှာဆို ဘာပဲလိုလို
Everything U Need
မြို့ပေါင်း 90
အောက်ပိုင်း
မြန်မာ မြည် စီးပွားရေး လမ်းညွှန်
၂၀၁၅
မြို့ပေါင်း 108
အထက်ပိုင်း
ထွက်ပြီ
Myanmar Business Directory
HOT LINE:01-8619277 SALES:01-250700
www.myanmarbusiness-directory.com

Makes Myanmar More Beautiful
DAGON CITY 1
BY MARGA LANDMARK
အကောင်းဆုံး နေရာ၊ အဆင့်အမြင့်ဆုံးသော အမှတ်တံဆိပ်များစုဝေးမှု
မြန်မာနိုင်ငံ၏ ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း
ယခုပင် ဆိုင်ခန်းများကို ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ
ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် ၅% အထူးခံစားခွင့် အပြင်
ကားပါကင်နှင့် US$ ၁၀,၀၀၀ တန် CASH VOUCHER ရရှိနိုင်မည့် အထူးအခွင့်အရေး
JEWELRY
PREMIUM
TOP LUXURY
နိုင်ငံတကာနာမည်ကြီးဖက်ရှင်များ ၊ အဆင့်အမြင့်ဆုံး အသုံးအဆောင်ပစ္စည်းများ ၊ အရသာအရှိဆုံး စားသောက်ဖွယ်ရာများ ၊ အပန်းဖြေ အနားယူရန်နေရာများ
Dagon City 1 - အကောင်းဆုံးသောအရာများကို တစ်နေရာတည်းတွင် တစုတဝေးတည်း ရရှိနိုင်မည့် အချက်အချာအကျဆုံး ဈေးဝယ်လျှောက်လမ်း
SHWEDAGON 5 minutes
KANDAWGYI LAKE 2 minutes
SULE SHANGRI-LA 5 minutes
ZOOLOGICAL GARDEN 1 minute
လက်ရှိမြန်မာနိုင်ငံတွင် Marga Landmark မှကြီးမှူးဆောက်လုပ်နေသော ပရောဂျက်မှာ Dagon City 1 တစ်ခုသာရှိပါသည်။
Developed by:
MARGA LANDMARK
CHIEF ARCHITECT & MASTER PLANNER
WONG & TUNG INTERNATIONAL LIMITED
